ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မြန်မာနိုင်ငံမှတိုင်းရင်းဆေးမှတ်တိုင်များ

# Milestones of Traditional Medicine in Myanmar

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

တိုင်းရင်းဆေးပညာဦးစီးဌာန

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေမြေသဘာဝ၊ ရာသီဥတု၊ မြန်မာ့ရိုးရာ အတွေးအခေါ်၊ အယူအဆ၊ လူနေမှုစနစ်တို့နှင့် အပြန်အလှန်အကျိုးပြုယှဉ်တွဲဖြစ်ပေါ်လာခဲ့သည့် မြန်မာ့ရိုးရာအမွေအနှစ် ပညာရပ်စစ်စစ်တစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရသည် မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ် အဖြစ်သော်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးအပြည့်အဝ စောင့်ရှောက်မှုပေးနိုင်သည့် ဆေးပညာရပ်တစ်ခုအဖြစ်သော်လည်းကောင်း အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး နည်းလမ်းတကျ ဆက်လက်တိုးတက်ထွန်းကားစေရအောင် အလေးထားအားပေးစောင့်ရှောက်နေခြင်း ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာမှ ကောက်နုတ်ချက်)

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး၏ အမှာစာ

မြန်မာနိုင်ငံတွင် ပြည်သူအများယုံကြည်အားထားသည့် တိုင်းရင်းဆေးပညာ ဘက်စုံမြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ရန် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့သော တိုင်းရင်းဆေးပညာကို Experience Based Traditional Medicine သာမက Evidence Based Traditional Medicine အဖြစ်ဆောင်ရွက်နေပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ပိုမိုရရှိလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များကို ဖော်ကျူးရာတွင် တိုင်းရင်းဆေးပညာသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ရတနာပုံခေတ်စသည့် မြန်မာဘုရင်များလက်ထက်က ချီးမြှင့်မြှောက်စားခံခဲ့ရသော တော်ဝင်ဆေးပညာတစ်ရပ်အဖြစ်တည်ရှိခဲ့ပြီး တိုင်းရင်းဆေးသမားတော်ကြီးများ၊ မှူးမတ်ပညာရှိကြီးများနှင့် ကျမ်းပြုသူတေသီ၊ ရဟန်းပညာရှင်များ၏ မှတ်တမ်းတင်ပြုစုပျိုးထောင်ခဲ့သည့် အကျိုးကျေးဇူးများကြောင့် တိုင်းရင်းဆေးပညာအဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာပုံကို သမိုင်းအထောက်အထားများဖြင့် တွေ့မြင်ခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ တိုင်းရင်းဆေးပညာသည် ကောင်းမွန်သော သမိုင်းကြောင်းအစဉ်အလာကောင်းများနှင့်အညီ ပြည်သူလူထုအား ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လုပ်ငန်းများတွင် တောရောမြို့ပါမကျန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူလူထု၏ ကျန်းမာရေးကို လက်လှမ်းမီအောင် စောင့်ရှောက်ပေးလျက်ရှိပြီး တိုင်းရင်းဆေးပညာဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးခြင်း (Preventive Focus) ဖြင့် လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်း တိုးတက်ကောင်းမွန်ခဲ့သော တိုင်းရင်းဆေးမှတ်တိုင်များကိုလက်ဆင့်ကမ်းလာ၍သာ တိုင်းရင်းဆေးပညာသည် ယနေ့ထိတိုင်အောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်လျက် ရှိနေခြင်းဖြစ်ပါသည်။ ဤစာအုပ်သည် ရှေးနှစ်ပေါင်းများစွာက တည်တံ့ခိုင်မာခဲ့သော တိုင်းရင်းဆေးမှတ်တိုင်များကို နောင်တွင် မျိုးဆက်သစ်များ (New Generation) သိရှိစေရန်နှင့် မှတ်တမ်းတင်ကျန်ရစ်စေရန် ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံမှတိုင်းရင်းဆေးမှတ်တိုင်များစာအုပ် ဖြစ်မြောက်ရေးတွင် ပါဝင်ကူညီအကြံပေးဆောင်ရွက်ခဲ့သော Traditional Medicine Technical Advisory Group (TM-TAG) အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်းအဖွဲ့ဝင်များ၊ အခြားညာရပ်ဆိုင်ရာ ပညာရှင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပါဝင်ဝိုင်းဝန်းကူညီခဲ့ကြသည့် ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ အနာဂတ်တိုင်းရင်းဆေးပညာရှင်များအနေဖြင့် ဤစာအုပ်ကို ဖတ်ရှုလေ့လာ၍ မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်ကို ဂုဏ်ယူတန်ဖိုးထားပြီး ပြည်သူလူထု၏ ကျန်းမာရေးကို ကောင်းမွန်စွာ စောင့်ရှောက်နိုင်ကြပါစေကြောင်း မေတ္တာရေစင်သွန်းလောင်းလိုက်ပါသည်။

MH

15.7.19

ဒေါက်တာမြင့်ထွေး

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## တိုင်းရင်းဆေးပညာဦးစီးဌာန

# ညွှန်ကြားရေးမှူးချုပ်၏

# အမှာစာ

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီရှည်လျားခဲ့သော သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သော အမျိုးသားဆေးပညာ ဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် အစဉ်အဆက် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့် ရှောက်မှုခံယူပြီး နေထိုင်ခဲ့ကြသည်။ မြန်မာ့တိုင်းရင်းဆေးပညာ၏ ပင်မရေသောက်မြစ်ဖြစ်သည့် ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယနှင့် နက္ခတ္တနယဟူသော နယကြီးလေးပါးတို့ကို အခြေ တည်ပြီး လက်တွေ့ကုသပျောက်ကင်းမှု မှတ်တမ်းများကို အခြေပြုလျက် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသော ခေတ်အဆက်ဆက်တွင်လည်း ဆေးပညာဆိုင်ရာပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်များနှင့် ဆေးကျမ်းများ ရေးသားပြုစုခဲ့ကြပါသည်။

တိုင်းရင်းဆေး သမားတော်ကြီးများကိုယ်တိုင် ဘုရင်နှင့်တကွ မင်းညီမင်းသားများ၊ မှူးကြီး မတ်ရာ သေနာပတိများနှင့် တိုင်းသူပြည်သားများကို စောင့်ရှောက်ကုသပေးခဲ့သည့် လက်တွေ့ ကုသမှုမှတ်တမ်း သာဓကများပင် ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၃၃ ခုနှစ်တွင် ကုန်းဘောင်ခေတ် တတိယမင်းဆက် ဆင်ဖြူရှင်မင်းတရာကြီး၏ အမိန့်တော်အရ ခွေးဆောင်ရွာ သမားတော်ဦးမြတ် ထွန်း ဆက်သွင်းခဲ့သည့် မဟာဒီယာယုဆေးကျမ်းခေါ် သမားစဉ်ကုထုံး ကျမ်းမှာ ယနေ့ထက်တိုင် ပညာရှင်အများ လက်ကိုင်ထားသုံးစွဲနေကြရသော ဆေးကျမ်းတစ်ဆူ ဖြစ်ပါသည်။

စာပေကျမ်းဂန်လာ အထောက်အထားများအရ ခေတ်အဆက်ဆက် မှတ်တမ်းမှတ်ရာ ထား ခဲ့ကြသော ထင်ရှားသည့် ဆေးဆရာကြီးများနှင့် ဆေးကျမ်းစာရင်းဝင် စာအုပ်ပေါင်းများစွာကိုလည်း တွေ့ရှိခဲ့ရပါသည်။ မင်းတုန်းမင်း လက်ထက်တွင်မူ ဘုရင့်အပါး၌ (၂၄)နာရီကာလ ပတ်လုံးခစားရ သည့် နေမျိုးဘိသက္ကရာဇာဘွဲ့ခံ ဘုရင့်သမားတော်(၁၀)ဦးအထိ ခန့်ထားခဲ့ပုံကို မှန်နန်းရာဇဝင်၌ တွေ့ရှိခြင်းအားဖြင့် သမားတော်များ၏ အရေးပါမှုကဏ္ဍကိုလည်း သမိုင်းမှတ်တမ်းများအရ ဆန်းစစ် သိရှိနိုင်ပါသည်။

ဗုဒ္ဓခေတ်စာပေများအရ ရှေးအခါက ယခုခေတ် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကဲ့သို့ သင် ကြားပို့ချပေးသော ဒိသာပါမောက္ခဆရာကြီးထံတွင် ဆေးပညာများကို လေ့လာသင်ယူခဲ့သော ဆရာ ကြီးဇီဝကသည် ဆေးပင်များနှင့် ပတ်သက်လျှင် နွယ်၊ မြက်၊ သစ်ပင်ဟူသမျှ ဆေးဖက်ဝင်သည်ဟု ဆိုသော "ကတိ သစ္စာ၊ တည်သောအခါဝယ်၊ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်၊ မြက်၊ သစ်ပင် ဆေးဖက်ဝင်၏" ဟု ဆိုရိုးရှိခဲ့ပါသည်။

ယခုအခါတွင်လည်း ရှေးကကဲ့သို့ တိုင်းရင်းဆေးနှင့်ပတ်သက်လျှင် တိုးတက်စေရန် တိုင်းရင်းဆေးပညာရပ်များ အခြေခံခိုင်မြဲကောင်းမွန်စွာဖြင့် ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် လူ့စွမ်းအား အရင်းအမြစ်များမွေးဖွားရာ တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဆရာကြီးဇီဝကကဲ့သို့ ထူးချွန်ထက်မြက်သည့် ဆေးဆရာကြီးများအား မွေးထုတ်ပေးနိုင်ခဲ့သော ရှေးက ဒိသာပါမောက္ခဆရာကြီးများကဲ့သို့ ယခုခေတ်တွင်လည်း တိုင်းရင်းဆေးတက္ကသိုလ်၏ သင်ကြားရေး၊ ကုသရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး၊ စီမံခန့်ခွဲရေးကဏ္ဍများအား ပိုမိုပြည့်ဝကောင်းမွန်စေရန်အတွက် ရှေးကတည်းက တိုင်းရင်းဆေးတက္ကသိုလ်တွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် အငြိမ်းစားပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကထိကများ၊ တိုင်းရင်းဆေးပညာရှင်ကြီးများကို Professor Emeritus များ၊ Honorary Professor များ၊ Honorary Associate Professor များနှင့် Visiting Lecturer များအဖြစ် ခန့်ထားပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ရှေးကဆောင်ရွက်ခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ ခေတ်အဆက်ဆက်ကြိုးပမ်းအားထုတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများကို မှတ်ကျောက်တင်နိုင်ရန်၊ အစဉ်အလာကြီးမားသော မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များကို မျိုးဆက်သစ်လူငယ်များ သိရှိကြစေရန်နှင့် လက်ဆင့်ကမ်းနိုင်ရန် ရည်ရွယ်၍ ဤစာအုပ်ကို ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားထုတ်ကြိုးပမ်းပေးခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို အထူးပင်ကျေးဇူးတင်အပ်ပါသည်။

ဒေါက်တာမိုးဆွေ
ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းဆေးပညာဦးစီးဌာန

မြန်မာနိုင်ငံမှတိုင်းရင်းဆေးမှတ်တိုင်များ

# မာတိကာ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ ဂုဏ်ပြုသဝဏ်လွှာမှ ကောက်နုတ်ချက် . . .

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏အမှာစာ . . . . . . . . . . . . . . . . . . . . . . .

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏အမှာစာ . . . . . . . . .

၁။ မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးပညာအကြိုသမိုင်းနှင့် ပုဂံခေတ်မတိုင်မီကာလ . . . . . . . . . . . . . . . . . . ၁

၂။ ပုဂံခေတ်တိုင်းရင်းဆေးပညာ (အေဒီ-၁၀၇ မှ ၁၂၉၈ ထိ) . . . . . . . . . . . . . . . . . . . . . . . . . ၃

၃။ ပင်းယခေတ်နှင့်စစ်ကိုင်းခေတ်တိုင်းရင်းဆေးပညာ (အေဒီ ၁၂၉၉ မှ ၁၃၆၄ ထိ) . . . . . . . . . . . . . ၅

၄။ အင်းဝခေတ်တိုင်းရင်းဆေးပညာ (အေဒီ ၁၃၆၅ မှ ၁၅၅၅ ထိ) . . . . . . . . . . . . . . . . . . . . . . . ၆

၅။ တောင်ငူခေတ်တိုင်းရင်းဆေးပညာ (အေဒီ ၁၅၅၆ မှ ၁၆၀၂ ထိ) . . . . . . . . . . . . . . . . . . . . . . ၉

၆။ ညောင်ရမ်းခေတ်တိုင်းရင်းဆေးပညာ (အေဒီ ၁၆၁၃ မှ ၁၇၅၂ ထိ) . . . . . . . . . . . . . . . . . . ၁၀

၇။ ကုန်းဘောင်ခေတ်တိုင်းရင်းဆေးပညာ (အေဒီ ၁၇၅၃ မှ ၁၈၈၅ ထိ) . . . . . . . . . . . . . . . . . . ၁၁

၈။ ကိုလိုနီခေတ်တိုင်းရင်းဆေးပညာ (အေဒီ ၁၈၈၆ မှ ၁၉၄၈ ထိ) . . . . . . . . . . . . . . . . . . . . . ၂၅

၉။ လွတ်လပ်ရေးရပြီးခေတ်တိုင်းရင်းဆေးပညာ (၁၉၄၉ မှ ၁၉၆၁ ထိ) . . . . . . . . . . . . . . . . . . ၃၇

၁၀။ လွတ်လပ်ရေးရပြီးခေတ်တိုင်းရင်းဆေးပညာ (၁၉၆၂ မှ ၁၉၇၃ ထိ) . . . . . . . . . . . . . . . . . . ၄၁

၁၁။ လွတ်လပ်ရေးရပြီးခေတ်တိုင်းရင်းဆေးပညာ (၁၉၇၄ မှ ၁၉၈၈ ထိ) . . . . . . . . . . . . . . . . . . ၄၇

၁၂။ မျက်မှောက်ခေတ်တိုင်းရင်းဆေးပညာ (၁၉၈၉ မှ ၂၀၁၉ ထိ) . . . . . . . . . . . . . . . . . . . . . ၄၉

၁၃။ ကျမ်းကိုးစာရင်းများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၉

၁၄။ နောက်ဆက်တွဲများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၀

၁၄-၁။ တိုင်းရင်းမြန်မာဆေးခန်းများစာရင်း

၁၄-၂။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်းရင်းဆေးသမားတော်များဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများ

၁၄-၃။ တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်စာတမ်းဖတ်ပွဲများ

၁၄-၄။ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲများ

၁၄-၅။ ဖွင့်လှစ်ခဲ့သည့် ပရဆေးဥယျာဉ်များစာရင်း

၁၄-၆။ မျက်မှောက်ခေတ်ကာလတွင် ဖွင့်လှစ်ခဲ့သည့် တိုင်းရင်းဆေးရုံ ဆေးခန်းများစာရင်း

## ၁။ မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးပညာအကြိုသမိုင်းနှင့် ပုဂံခေတ်မတိုင်မီကာလ

### ၉၀၀၀ ဘီစီ

- ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရှေးအကျဆုံးလူမျိုးများမှာ ကျောက်ခေတ်လူမျိုးများဖြစ်သည်ဟု ခေတ်သုတေသီတို့က ဆိုကြလေသည်။ ထိုလူမျိုးတို့သည် လိုဏ်ဂူများတွင် နေထိုင်လေ့ရှိကြသည်။

- ဧရာဝတီမြစ်ဝှမ်းတစ်ဝိုက်ရှိ အမရပူရ၊ မြင်းခြံ၊ ပခုက္ကူ၊ ရေနံချောင်း၊ သရက်နယ် စသည်တို့၌လည်းကောင်း၊ ရခိုင်၊ ပဲခူး၊ တနင်္သာရီစသော ခရိုင်များ၌လည်းကောင်း၊ အထူးသဖြင့် ပြဒါးလင်းဂူ၌လည်းကောင်း၊ အဆိုပါ ကျောက်ခေတ် လူသားတို့ အသုံးပြုခဲ့ကြသည့် ကျောက်လက်နက်များနှင့် အသုံးအဆောင်၊ နေရာဌာန စသည်တို့ကို တွေ့ရှိရသည်။

- ကျောက်ခေတ် မြန်မာတိုင်းရင်းသားတို့လက်ထက်၌ ထိုသူတို့၏ ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အသိဉာဏ်လည်း ရှိမည်သာဖြစ်သည်။ တိရစ္ဆာန်တို့ထက်များစွာသာလွန်သည့် ကျန်းမာရေးဆေးပညာဆိုင်ရာ အသိဉာဏ်မျိုးလည်း ရှိနိုင်သည်။

### ၈၀၀ ဘီစီ

- တိဗက်မြန်မာတို့၏ ရှေးအကျဆုံး အာဏာပိုင်ထီးနန်းစိုက်ရာမြို့များမှာ သက်အနွယ်ဝင်တို့၏ သင်းတွဲ ခေါ် တကောင်းပြည်၊ မွန်တို့၏ သုဝဏ္ဏဘူမိ ဟူ၍လည်းကောင်း၊ သုဓမ္မပူရ ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသော သထုံပြည်၊ ပျူတို့၏ သရေခေတ္တရာ ခေါ် ပြည်မြို့နှင့် ဟန်လင်းမြို့-ဗိဿနိုးမြို့များ၊ ကမ်းယံတို့၏ ဓညဝတီ ခေါ် ရခိုင်ပြည် စသည်တို့ ဖြစ်ကြသည်။

- မှန်နန်းမဟာရာဇဝင်စသော တိုင်းရင်းသားရာဇဝင်ကြီးများ၌ သက်တော်ထင်ရှား ဘုရားသခင်ရှိတော်မူစဉ် မဇ္ဈိမဒေသမှ သာကီဝင်မင်း အဘိရာဇာသည် စစ်ရှုံးသဖြင့် ရှောင်တိမ်းကာ အလုံးအရင်းနှင့် ရောက်လာပြီးနောက် တကောင်းပြည်ကို တည်ထောင်ခြင်းဖြစ်ကြောင်း ပြဆိုထားသည်။

- "မြန်မာအစ တကောင်းက" ဟုလည်း ဆိုရိုးပြုခဲ့သည်။ ထိုရာဇဝင်ကြီးများ၏အဆိုအရ ထိုအခါကပင် အိန္ဒိယနိုင်ငံမှ ဆေးပညာရပ်များလည်း ထိုမင်းများနှင့်အတူ တကောင်းပြည်သို့ ရောက်ရှိ ထွန်းကားခဲ့သည်ဟု ယူဆဖွယ်ရှိသည်။

## ၅၂၄ ဘီစီ

- ဒုတိယတကောင်းဆက် သတိုးဇမ္ဗူဒီပဓဇရာဇာမင်း နန်းသိမ်းပွဲအပြီး မှူးတော်၊ မတ်တော်၊ လက်ဝဲ၊ လက်ယာ အမှုထမ်းအရာထမ်း၊ ဆင်သည်၊ မြင်းသည်၊ ခြေသည်၊ သူဌေး၊ သူကြွယ်၊ ပုဏ္ဏားဟူးရား၊ ဆေးသမား၊ လက်သမား တို့ကို တစ်ထောင့်ခြောက်ဆယ်သော ဘွဲ့ပုံအမည်များပေးသည်ဟု အမျိုးသားရှေးဟောင်းရာဇဝင်ကြီးများတွင် ပြဆိုထားသည်။

- ဆေးဝါးကုသမှုအတတ်ပညာသည် ထိုအခါကပင် ခေတ်အလျောက် များစွာထွန်းကားခဲ့ပြီး နန်းတွင်းသမားတော်များအဖြစ် ဘွဲ့ပုံပေးအပ်ခန့်ထားဆောင်ရွက်စေသည့် အဆင့်အတန်းအထိ မြင့်မားခဲ့ပေသည်။

- ခေတ်ကာလယဉ်ကျေးမှု အဆင့်အတန်းအလျောက် ဆေးပညာလည်းရှိနေပြီးဖြစ်၍ အာယုဗ္ဗေဒ ဆေးပညာ မရောက်လာမီကပင် တိုင်းရင်းသားတို့၏ ရိုးရာဆေးပညာသည်များလည်း အထိုက်အလျောက်ရှိနှင့် နေပြီဟု ယူဆရပေမည်။

## ၅၀၄ ဘီစီ

- ထိုသရေခေတ္တရာ ကောင်းစားစဉ်က ဘေရိန္ဒမင်းသည် မင်းသားဘဝ၌ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ကြားသည့်အပြင် ဆေးဝါးမန္တရားနှင့် ဗေဒင်တို့ကို တတ်မြောက်လှသည်ဟု အမျိုးသား ရာဇဝင်ကြီးများတွင် ပြဆိုထားသည်။

## ၂။ ပုဂံခေတ်တိုင်းရင်းဆေးပညာ(အေဒီ ၁၀၇ မှ ၁၂၉၈ ထိ)

### အေဒီ ၁၀၇-၁၀၇၇

- အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်ပေါ်ဆေးကျမ်းတို့၌ပါရှိသည့် ဆေးပညာဆိုင်ရာဝေါဟာရများ အနက် အချို့ဝေါဟာရများမှာ ပုဂံခေတ်ကပင်ရှိနေခဲ့သည့် ဝေါဟာရများဖြစ်သည်ဟု ယူဆဖွယ်ရှိသည်။ ယန္တရား၊ ဆေးဝါး၊ ကြစုရှစ်မျိုး၊ ဣသရမူလီ၊ သာလပြည့်၊ ပြိသပြည့်၊ မေဒါ၊ မဟာမေဒါ၊ မုန်လာ၊ ပဥ္စကူငါးပါး၊ ကက္ကရု၊ ဒေါနှ၊ သော်က၊ နံ့သာငါးမျိုးဆိုင်ရာအမည်များ၊ အမွှေးဆယ်မျိုးဆိုင်ရာ အမည်များ၊ သာလကလျာဏီကာဋ္ဌာနုသာရီ၊ ဂမုန်း၊ ရှိန်းခို၊ ပျော့သာ၊ တြိကဋ္ဋုတ်၊ ဝေသာ၊ ကရေရိ၊ ကုံကုမံ၊ ကတိုး ၊ အရက်ဆေးမျိုး၊ သိန္ဓောဆား၊ ယာဂု၊ မန်းပြုတ်ရည်၊ ဇာတိပ္ဖိုလ်၊ ပိတောက်၊ စမွာ၊ ကရမက်၊ ဘိန်း၊ ဂေါရာဇင်း စသော ဆေးပစ္စည်းအမည်များ၊

- စိန်၊ ဆေးဒါန်း၊ ဟင်းရိုင်း၊ ပြဒါး၊ နာ(နာဂ)၊ ဘင်၊ ဒုတ္တာ၊ ခပ်ပျာ၊ အဖြိုက်၊ ငွေ၊ ဂေါ်မုတ်၊ ဥဿဖယား၊ ပတ္တမြား၊ နီလာ၊ ဂေါဒန်ကျောက်၊ သန္တာ၊ ကန့်၊ ဇဝက်သာ၊ လက်ချား၊ ဟသ်ာပြဒါး၊ ဆား စသော ဓါတ်ပစ္စည်းအမည်များ၊

- လဝင်္ဂါဒိစုဏ္ဏ၊ သမသက္ကာရစုဏ္ဏ၊ အဇ္ဇာပိပ္ပလိ၊ ဟလိဒ္ဒစုဏ္ဏ၊ ပဥ္စကောလ၊ ပိပ္ပလျာဒီစုဏ္ဏစသော ဆေးနည်းအမည်များ၊

- မြင်းသရိုက်၊ ဒူလာသရော၊ ပါဒရက်၊ မာတြာစွဲ သူငယ်နာ၊ ဘုတ်စွဲသူငယ်နာ၊ ဂြိုလ်စွဲ၊ မုတ္တကိတ်ဆီးရောဂါ၊ မုတ္တာဃာတ် ဆီးရောဂါ၊ အတိသာရဝမ်း၊ ပိတ်ဝမ်း၊ ပြထက်၊ ဒွေးဝန်း၊ သိန္နိပါတ်၊ အဘိဉာဉ်၊ ခယရုဂ်ရောဂါ၊ ကုဋ္ဌရောဂါ ဝေါဟာရများ၊

- မူသိကပဏ္ဏိ=ကြွက်နား၊ ဒေဝဒါရု=နတ်ထင်း၊ အမိလာတ=မညိုးပန်း၊ ဣဘပိပ္ပလ=ဆင်ပိတ်ချင်း၊ ဒါရုဟလိဒ္ဒိ =ဆေးနွှေ၊ မဓုလဌိကာ=နွယ်ချို၊ ဂေါဇိဟွာ=နွားလျှာ၊ အဂ္ဂိသိခါ=ဆီမီးတောက်၊ သေလေယ-အသ္မိပုပ္ပ=ကျောက်ပွင့်၊ သိင်္ဂီ=ကြက်တက် စသည်ဖြင့် မူရင်းအနက်ကိုကြည့်ကာ ပြန်ဆို ခေါ်ဝေါ်သည့် ဝေါဟာရများ၊

- ထိုဝေါဟာရများအနက် အချို့သော ဝေါဟာရများမှာ ပုဂံခေတ်ကပင် စတင်လက်ခံ သုံးစွဲခဲ့ကြခြင်း ဖြစ်လိမ့်မည်ဟု ထင်ရသည်။

- ♦ အာမနာကျောင်းတိုက်တောင်ဘက် ကျောက်စာ စာကြောင်းရေ (၂၃)၊ စားပွဲမှောက်ဘုရားကျောက်စာ စာကြောင်းရေ (၁၉)၊ ထိလုကုန်းဘုရားကျောက်စာ စာကြောင်းရေ (၄)၊ စောလှဝန်းဘုရား ကျောက်စာ စာကြောင်းရေ (၁၉) စသည်တို့၌ သမာ(သမား)ဟူသော ဝေါဟာရအထင်အရှား ပါသည်။

- ♦ ပုဂံကောင်းစားစဉ်က ဗေဒင်ပညာ၊ ဆေးပညာ၊ အင်္ဂါယပညာစသော ပညာရေးဆိုင်ရာ တာဝန် များစွာတို့ကို အရည်းကြီးတို့က ဦးစွာထမ်းဆောင်ခဲ့ကြပြီးလျှင် အနော်ရထာမင်း လက်ထက်လောက်က စ၍ ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော်တို့ကလည်း တာဝန်ယူလာကြကြောင်းကို ရှေးဟောင်း ရာဇဝင်ကြီးများအရ သိရသည်။

**အေဒီ ၁၀၇၈-၁၂၉၈**

- ♦ ပုဂံခေတ်ပေါ် အာဒိကပ္ပ(ကမ္ဘာဦး)ကျမ်းကြီးဟုလည်း ယခုတိုင် ထင်ရှားရှိသည်။ ထိုကျမ်းကြီးမှာ လောကာတိဝိဒ္ဓ ရသေ့ဟောသောကျမ်းကို ကျစွာမင်းကြီး၏ဆရာ တူရွှင်းတောင်နေ အရှင်အရဟာသာမိ ရေးသားခြင်းဖြစ်သည်။

- ♦ ထိုကဲ့သို့သော ကျမ်းများပင်ရှိခဲ့သေးရာ ဆေးပညာဆိုင်ရာ ပုဂံဖြစ်ကျမ်းများလည်း ရှိတန်သလောက် ရှိခဲ့လိမ့်မည်ဟု ယူဆစရာရှိသည်။

- ♦ မွန်ဘာသာဖြင့်ရေးထိုးခဲ့သော ကျန်စစ်သားနန်းတည် ကျောက်စာကြီးတွင် ကျန်စစ်သား၏ နန်းတည် မင်္ဂလာအခမ်းအနားကြီး၌ တိုင် စသည်တို့ကို ပုဏ္ဏားဟူးရားတို့သာမက သမားများကလည်း ဆေးကြောကြရကြောင်း ပါရှိသည်။

- ♦ ပုဂံခေတ်တွင် သမားတော်များသည် အရေးကြီးသော မင်္ဂလာအခမ်းအနားများမှာလည်း ပါဝင် ဆောင်ရွက်ကြရကြောင်း သိသာသည်။ ထို့ပြင် ပုဂံမြို့တော်ကြီးတွင် အစွန်အဖျားအရပ်ဒေသ အများအပြားမှ ထွက်ပေါ်သည့် ဆေးဝါးများ (ဆေးပစ္စည်းများ) များပြားကြွယ်ဝလှကြောင်းကိုလည်း ဗောဓိဝင်ဋီကာနိဂုံးအရ သိရသည်။

## ၃။ ပင်းယခေတ်နှင့်စစ်ကိုင်းခေတ်တိုင်းရင်းဆေးပညာ(အေဒီ ၁၂၉၉ မှ ၁၃၆၄ ထိ)

### အေဒီ ၁၂၉၉-၁၃၆၄

- ♦ ပင်းယခေတ်တွင် စတုရင်္ဂဗလအမတ်ကြီးမှာ နောက်နှောင်းခေတ်အဆက်ဆက် မြန်မာပညာရှိတို့က မြတ်နိုး လေးစားခြင်းခံရသော အမတ်ကြီးဖြစ်သည်။ ထိုအမတ်ကြီးသည် ထင်ပေါ်ကျော်ကြား လှသော လောကနီတိကျမ်းနှင့် ဟိတောပဒေသ(သက္ကတ)ဘာသာပြန်စသော ကျမ်းများအပြင် ထင်ရှားကျော်စောသော မာဂဓ အဘိဓာန်ဋီကာကြီး (အဘိဓာနပ္ပဒီပိကာဋီကာ)ကိုပါ ပြုစုခဲ့သည်။

- ♦ အဘိဓာန် စာကိုယ်ဆရာ အရှင်မောဂ္ဂလာန်က ဂါထာ (၈၂) ၌ " နိယဏ္ဍု ယုတ္တိဥ္စာနီယ" ဟုသာ သာမညအားဖြင့် ဆိုလိုက်သည်။ အမတ်ကြီး၏ ဋီကာ၌ နိယဏ္ဍုကျမ်းမျိုးဟူသည် အဘယ်ကျမ်းမျိုး ဖြစ်သည်ကို သိသာစေရန် "အရညဝဂ္ဂါဒီသု" ဟူသော စကားနှင့်တကွ တိုတိုရှင်းရှင်း ဖွင့်ဆိုလိုက်သည်။

- ♦ အမတ်ကြီးသည် သစ်ပင် အဘိဓာန်၊ ဆေးအဘိဓာန်ကျမ်း အမျိုးမျိုးတို့ကိုလည်း ချဉ်းနင်းဝင်ဆံ့သူ ဖြစ်သည်။

- ♦ အဘိဓာန်ဋီကာ ဂါထာအမှတ်(၃၂၄) ၌ ဝိနာသ(ပိနသ)ခေါ် ဖွတ်သိုနာ (ထိပ်ကပ်နာ)အကြောင်းကို ဖွင့်ရာတွင် စရကကျမ်း၊ သုဿုတကျမ်း နှင့် မာဓဝနိဒါန်းတို့တွင်လာသော ဂါထာကို ကိုးကားပြဆို ထားသည်။

- ♦ ဂါထာ (၄၉၃)၏ အဖွင့်တွင် မီတနပာရိတာလ(ဆေးဒါန်း)အကြောင်းကို မာဓဝနိဒါန်းမှ ယူငင်ကာ ကိုးကား ပြသထားသည်ကို တွေ့ရသည်။ ဂါထာ (၅၉၇)တွင် ဣန္ဒဝါရုဏီ ဝိသာလာ (ဖရဲခါး)ကိုလည်းကောင်း၊ ဂါထာ (၆၀၃) တွင် ဣန္ဒဝါရုဏီ (နတ်သခွား-ဗူးခါး)နှင့် ဝိသာလာ(ငှက်သခွား)ကိုလည်းကောင်း၊ ဂါထာ(၆၁၇)တွင် သုကရဝရာဟ(ဝက်)ကိုလည်းကောင်း ဒဗ္ဗဂုဏ်းကျမ်းမှ ကိုးကားဖော်ပြ ထားသည်ကို တွေ့ရသည်။

## ၄။ အင်းဝခေတ်တိုင်းရင်းဆေးပညာ(အေဒီ ၁၃၆၅ မှ ၁၅၅၅ ထိ)

### အေဒီ ၁၃၆၅-၁၅၅၅

♦ ပထမအင်းဝခေတ်သည် ဆေးပညာနှင့် စပ်လျဉ်း၍ အလွန်ခိုင်လုံစွာ မှတ်တမ်းတင်ခဲ့သော အချက်တစ်ရပ်ကို တွေ့ရသည်။ ယင်းအချက်ကား အခြားမဟုတ်၊ ထူပါရုံဒါယိကာ နရပတိမင်းကြီး (၈၀၄-၈၃၀)လက်ထက်တွင် ရေးထိုးခဲ့သည့် တက်နွယ်ကျောင်းကျောက်စာ၌ ဆေးကျမ်းများကို ဖော်ပြထားသည်။

♦ နရပတိမင်းကြီးလက်ထက်၌ တောင်တွင်းမင်း မင်းသီရိဇေယျသူရမောင်နှံတို့သည် တက်နွယ်ချောင်း၏ အနီး၌ ကျောင်းကြီးဆောက်လုပ် လှူဒါန်းကြောင်းကိုလည်းကောင်း၊ လောကီလောကုတ္တရာ စာပေကျမ်းဂန်များစွာတို့ကို လှူဒါန်းခဲ့ကြောင်း အကျယ်တဝင့် ကျောက်စာရေးထိုးဖော်ပြခဲ့သည်။ ကျောက်စာ၏ တတိယစာမျက်နှာနှင့် စတုတ္ထစာမျက်နှာတို့၌ ဆေးကျမ်း၊ ဗေဒင်ကျမ်းတို့၏ အမည်များ ရေးသားဖော်ပြထားသည်။

♦ အင်းဝခေတ် ဒုတိယမင်းခေါင်လက်ထက်တွင် ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အဂ္ဂသမာဓိတို့သည် ထင်ပေါ်ကျော်စောသည့် ရဟန်းစာဆိုတော်ကြီးများ ဖြစ်ကြသည်။ ဆေးပညာနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း ဖွဲ့ဆိုထားပုံတို့ကို တွေ့ရသည်။

♦ ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့အပိုဒ် (၄၈)၌ သမားတော်များနှင့် စပ်လျဉ်းသည့် တတ်သင့်တတ်ထိုက်သော ပညာရပ်များကို စပ်ဆိုထားသည်။

♦ ရှေးဖျားကမ္ဘာ၊ အစစွာက၊ ပြဟ္မာပိုင်းခြား၊ ဆေးသမားနှင့် ဟူးရားကျမ်းမြင်၊ ကောင်းကင်နတ်သက်၊ တတ်သည် တသီး၊ ယစ်မီးပူဇော်၊ ဖျော်ချော်မန်းရွက်၊ ဂြိုဟ်နတ်သန္ဓေ၊ ဦးဆေးတခြား၊ ခေါင်းဖျားဗေဒင်၊ သိမြင်နှံ့စပ်၊ သေလာရပ်နှင့် ကလာပ်ပဥ္စီ၊ ဒဏ္ဍီဝိဒင်္ဂ၊ ကျမ်းခက်ဗျာကရိုဏ်း၊ တနိုင်းတခြား၊ လေးပါး ဉာ်သို့၊ ပုဏ္ဏားတို့တွင်၊ မချိုကျေးဇူး၊ အထူးသမိုက်၊ မျိုးလိုက်မှတ်သား၊ ဆေးသမားလည်း၊ ဆေးဝါးတတ်စွမ်း၊ ဗိန္ဒောပြွမ်းရစ်၊ ဆေးကျမ်းတို့မှာ သာရသဂြိုဟ်၊ ဖွင့်ဆိုတတ်ကျယ်၊ ခိပ္ပါယ်အနက် လွန်လေ့ကျက်၍ ဓာတ်ပျက်သည်းခြေ၊ သွေးလေခြောက်ခြား၊ သလိပ်များက စသည် ရောဂါ၊ အနာအမျိုး ကိုးဆယ့်ခြောက်ပါး၊ အပြားပြားကို မမှားလတ်အောင် ကုသတ်ဆောင်၍အခေါင်သမား မြောက်စေမင်း ဟူ၍ စပ်ဆိုထားသည်။

♦ ကဗျာတွင် ပါရှိသည့်အတိုင်း ဗိန္ဒောပညာ၊ ဓာတ်ပညာတို့သည် ထိုပထမ အင်းဝခေတ်၌ မည်မျှ အထက်တန်းကျကျ ထွန်းကားနေပြီဖြစ်ကြောင်း အခိုင်အလုံ သက်သေခံရာ ရောက်သည်။ ထို့ပြင် ထိုကဗျာတွင်ပါရှိသည့် သာရ သင်္ဂြိုလ်ဟူသော ဆေးကျမ်းသည်လည်း ထိုအခါ အလွန်ခေတ်စားသော ဆေးကျမ်းဖြစ်ကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် ယခင်ဖော်ပြခဲ့သည့် တက်နွယ်ကျောင်း ကျောက်စာတွင် သာရသင်္ဂြိုလ်အမှီ (တနည်းနိဿယ)ဟူ၍ပင် မြန်မာပြန်ဆိုပြီးဖြစ်ကြောင်းကို ဖော်ပြထားသည်။

♦ ရှင်မဟာသီလဝံသ၏ ပါရမီခန်းပျို့ စာပိုဒ် (၁၂၈)၌ စိုင်ရှူးကြယ်နှင့် ဆေးဝါးများအကြောင်းကို အောက်ပါအတိုင်း ဖွဲ့ဆိုထားသည်- အတန္တကား၊ ရောရုနက္ခတ်၊ လက်ျာပတ်လျှင် တောင်ထွင့်မြင့်မိုရ်၊ ရစ်သည့်ဂြိုလ်တွင် တန်သိုတိုင်ဖူး၊ ကြယ်စိုင်ရှူးကား၊ အမျှုးဖြစ်တန်၊ လွန်သားအရောင်၊ လတူဆောင်လျက်၊ မိုးခေါင်တိမ်ပြင်၊ နေဝင်နေထွက်၊ ရှေ့နောက်ဘက်၌၊ နစ်လေ ကြိုက်လျှင်၊ မိုးမိုက် ဆောင်း နွေ၊ သုံးထွေရတု၊ လျှော်သမှုလျှင် ယာလုမလဲ၊ အသွားမြဲဟု၊ ရဲရဲလျှံဝင်း၊ ဤကြယ် မင်းကို၊ ဖြောင့်စင်းလူနတ် ချိန်ကြီးမှတ်သို့ဟူ၍လည်းကောင်း "တြိကဋုတ်၊ ငရုတ်၊ ချင်း၊ ပိတ်ချင်းသီးက စသည်အစုတ်၊ နာငုတ်တူးဖြို၊ ဆေးထိုထိုကား၊ အချိုအခါး၊ ဖော်၍ စားကာ၊ လေးပါးဓာတ်ဝေ၊ သည်းခြေ သလိပ်၊ ပျောက်နိပ်မဆန်၊ ငြိမ်းမြဲမှန်သို့" ဟူ၍လည်းကောင်းပါသည်။

♦ "ဩသဓိနာမ" ဟူသော ပုဒ်ကို "သောက်ရှူးကြယ်" မည်သည်ကား ဟူ၍လည်းကောင်း "ငရုတ်၊ ပိတ်ချင်းစသော ဆေးမည်သည်ကား" ဟူ၍လည်းကောင်း ဗုဒ္ဓဝင်အဋ္ဌကထာကို ကြည့်၍ ပြန်ဆိုတော်မူသည်။

♦ ရှင်မဟာသီလဝံသကမူ "တန်သို" ဟူ၍လည်းကောင်း၊ "တိုင်ဖူး" ဟူ၍လည်းကောင်း၊ "စိုင်ရှူး" ဟူ၍လည်းကောင်း ပြဆိုထားသည်။ ထိုမျှမက "ဆေးတူးကြယ်မည်သည်ကား"ဟူ၍ပင် အဖွင့်များကိုကြည့်၍ ပြန်ဆိုကြသည်။ ထိုကြယ်တက်သည်ကိုမြင်မှ ဆေးတူးသဖြင့် ဆေးတူးကြယ် အမည်ရှိကြောင်းကို အဋ္ဌသာလိနီယောဇနာ ဆရာနှင့် ဗုဒ္ဓဝင် အဋ္ဌကထာဆရာတို့က ဖော်ပြတော်မူကြသည်။

♦ စာဆိုအကျော် ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ စတုဓမ္မသာရကိုးခန်းပျို့ အပိုဒ် (၁၄၈-၁၅၉) တို့၌- မလောက်မကုံ၊ ဖျားနာတုံလည်း၊ ရေလုံဟင်းခါး၊ ဆေးဝါး ထက်ကြပ်၊ သမားအပ်၍၊ ကုသပ်ကံကျွေး၊ ပံ့ဖက်ပေးသည်၊ သန်- ဆောင်း-နွေခါ၊ မှီခိုရာသား၊ ဖျားနာဆေးကု၊ ဗိန္ဒောမှုက စသည့်ကျမ်းလာ၊

ငါ၏ ဥပဒေ သင်ရထွေဖြင့်၊ အနေတကျ၊ ပွန်းတီးလှ၍၊ ဤမျှကားတန်၊ ဤမျှလွန်ဟု၊ အရန်အပိုင်း၊ အနိူင်းအချက်၊ လိုက်ဖက်စုရုံး၊ ဤနည်းထုံးလည်း၊ လုံးလုံးသင်တို့ရပြီတည်း။ ဟု ဖော်ပြထားသည်။

♦ ပထမအင်းဝခေတ် နောက်ပိုင်းနား၌ ထင်ရှားကျော်စောတော်မူသည့် ရဟန်းစာဆိုတော် အရှင်အဂ္ဂသမာဓိကလည်း နေမိဘုံခန်းပျို့အပိုဒ် (၈၀)၌ ကာလ မိုးဆောင်း၊ သွေးသံပြောင်း၍၊ ဦးခေါင်းလည်နာ၊ ရင်ဆာရင်လှိုက်၊ ဖိုဟိုက်ဇရုံး၊ ဆေးလုံးလျက်ဆား၊ ဟင်းခါးပါစဉ်၊ အချဉ်အချို၊ ရှိန်းခို၊ သိန္ဓော၊ ကြစုန္ဒောလျက်၊ ဗိန္ဒောဆိုညွန်း၊ လျက်မန်းလျက်မြိတ်၊ ကြိတ်ကြိတ်ညက်ညက်၊ ခတ်ပျက် ခတ်ကြိုး၊ လေမိုးဝပ်ဝပ်၊ ကလာပ်နှုတ်ခြိန်၊ အချိန်အခါ၊ သူနာရတု၊ ကက္ကုကမျဉ်း၊ မျက်စဉ်း နှာနှတ်၊ ဦးယဉ်းလွှတ်သား၊ ဆေးမြတ်ကြမ်းနု၊ ဟုစပ်ဆိုသည်။ အင်းဝခေတ်ပေါ် ဆေးပညာအနေနှင့် ဖြစ်စေ၊ ဆေးဆရာ (သမားတော်)များအနေနှင့်ဖြစ်စေ ခေတ်အလျောက် အထက်တန်းကျကျ ထွန်းကားခဲ့ကြောင်း သိသာလှသည်။

## ၅။ တောင်ငူခေတ်တိုင်းရင်းဆေးပညာ(အေဒီ ၁၅၅၆ မှ ၁၆၁၂ ထိ)

**အေဒီ ၁၅၅၆-၁၆၁၂**

♦ တောင်ငူခေတ်၊ တပင်ရွှေထီး၏ ခမည်းတော် မင်းကြီးညိုလက်ထက်တွင် ပြောပလောက်အောင် ကြီးပွား ထွန်းကားမှု မရှိသေးချေ။ ထိုခေတ်တွင် တောင်ဖီလာဆရာတော်ကြီး ပြုစုတော်မူခဲ့သော ဆေးကျမ်းများမှာ ကွန်ချာဓာတ်ကျမ်း၊ သမ္ဗန္ဓဓာတ်ကျမ်း၊ ကမ္မဇရုပ်ကျမ်း၊ မဟာနရီကွန်ချာ ဓာတ်ကျမ်း၊ အဋ္ဌဓာတုကိန်း ဥပဒေသကျမ်းတို့ဖြစ်ကြောင်း မှတ်သားပြဆိုခဲ့သည်။

## ၆။ ညောင်ရမ်းခေတ်တိုင်းရင်းဆေးပညာ(အေဒီ ၁၆၁၃ မှ ၁၇၅၂ ထိ)

**အေဒီ ၁၆၁၃-၁၇၅၂**

- ဒုတိယအင်းဝခေတ် ခေါ် ညောင်ရမ်းခေတ် မြန်မာဖြစ်ဆေးကျမ်းအချို့ကို ယခုတိုင် တွေ့ကြရသည်။ ထိုဆေးကျမ်းများကို အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတရားကြီးတို့လက်ထက် ထင်ရှားကျော်စောသော ဆရာတော်များက ပြုစုတော်မူခဲ့ကြသည်ဟု အဆိုရှိသည်။

- တောင်ဖီလာဆရာတော်ဘုရားကြီးနှင့် တစ်ခေတ်တည်းပေါ်ကာ တစ်ပြိုင်နက် ထင်ရှားကျော်စောတော်မူခဲ့သော ဆရာတော်မှာ ရွှေဥမင်ဆရာတော် ဖြစ်သည်။ ထိုဆရာတော် ဘုရားကြီးသည် "ဓာတုဝိဇ္ဇာမယ" ခေါ် ဆေးကျမ်းကို ပြုစုတော်မူခဲ့သည်ဟု အမှတ်အသားရှိသည်။ ထို့ပြင် အင်းဝခေတ်မှာပင် ထင်ရှားကျော်စောတော်မူသည့် မဏိရတနာရာမ နေရင်းဆရာတော်ဘုရားကြီးသည် "ရူပဓာတု" အမည်ရှိသော ကျမ်းကို ပြုစုတော်မူခဲ့သည်။

## ၇။ ကုန်းဘောင်ခေတ်တိုင်းရင်းဆေးပညာ(အေဒီ ၁၇၅၃ မှ ၁၈၈၅ ထိ)

### အေဒီ ၁၇၅၃-၁၇၅၉

♦ ကုန်းဘောင်ခေတ်ကို အလောင်းမင်းတရားကြီးက စတင်တည်ထောင်ခဲ့သည်။ အစဉ်အလာအရ ဆေးပညာ လိုက်စားသည့် ရှင်လူများ ဆေးဝါးကုသသည့် သမားတော်များသာမက ဘုရင်နှင့် အာဏာရှိသူများထံ အမှုထမ်းကြသည့် သမားပေါင်း အများအပြားရှိကြောင်းကို သိရသည်။ အလောင်းဘုရား ဟံသာဝတီသို့ ပထမအကြိမ် ကြွချီတော်မူရာ ရေတပ်အခင်းအကျင်း အစီအစဉ်များ အနက် ဖောင်တော်များတွင် လိုက်ပါရသည့် သမားတော်ဝန် ဒေဝကျော်သူ ဗညားဒေဝ၊ ဗိသုကာ စိတ္တလက်ာ၊ ပန်းပဲ ဣန္ဒဗညား၊ ပန်းတည်း ငသာထွန်း၊ ဆေးသမား၊ မန္တာန်သမားတို့နှင့် ဝန်တော်ဖောင် ဟု ပါရှိသည်။

♦ အလောင်းဘုရား မြန်အောင်တွင်စံနေခိုက် ဆေးသမား တုရင်ယော်ယာ ကျင်ငယ်ရည်ဖြင့် ဆွတ်တစ်သည်ဟု အိပ်မက်မြင်မက်ကြောင်း ရာဇဝင်၌ ပြဆိုသည်။ အလောင်းဘုရားလက်ထက်၌ ဆေးပညာဆိုင်ရာ အမှုထမ်းအများအပြားနှင့် ဘွဲ့ရသမားတော်ကြီးများရှိကြောင်း သိသာသည်။

♦ ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်း လက်ထက်တွင် ပေါ်ပေါက်ခဲ့သည့် ဓာတုဒီပနီဆေးကျမ်း နိဿယသစ်ကို ယခုအခါ တွေ့ကြရသည်။ နရသုခိ၌ အာကာသဓာတ်ပျက်ခြင်း လက္ခဏာကို ပြပြီးနောက် "ဓာတုဒီပနီကျမ်းနှင့် ညီသည်၊ နည်းမှီထောက်ဆယုံကြည်တည်း" ဟု ပြဆိုထားလေရာ ထိုဓာတုဒီပနီကို ရှေးအခါက အတော်ပင် လေ့လာကိုးကားကြကြောင်း သိရသည်။

### အေဒီ ၁၇၆၀-၁၇၆၂

♦ အလောင်းဘုရား၏သားတော် နောင်တော်ကြီးမင်း လက်ထက်တော်၌ ဆေးကျမ်း၊ ဓာတ်ကျမ်းများစွာ တို့ကို ရေးသားပြုစုတော်မူခဲ့သည့် တောင်တွင်းဆရာတော် ခင်ကြီးဖျော်ဟူသောပုဂ္ဂိုလ် ထင်ပေါ်ကျော်စော၍ လာသည်။ မတတ်မသိသောအရာဟူ၍လည်း မရှိသလောက်ဖြစ်သောကြောင့် "မ" တလုံးကြေ (မကာရလောပ)ဟု ကျော်စောထင်ရှားတော်မူသည်။

♦ ဆေးကျမ်း၊ ဓာတ်ကျမ်းတို့ကိုလည်း ထိုဆရာတော်ပင် ပြုစုတော်မူခဲ့သည်။ ဒွါဒရာသီကျမ်း၊ ဒွါဒသစိန္တာ နက္ခတ်ကျမ်း၊ အာဒိကပ္ပကျမ်း၊ ဆနဝုတိဆေးကျမ်း၊ အသီတိဓာတ်ကျမ်းနှင့် အင်္ဂဝိဇ္ဇာဋီကာကြီး ဟု ယခုအခါ စုပေါင်းရိုက်နှိပ်ထားသည့် ကျမ်းတွင်ပါဝင်သည့် စာအချို့၊ ကဝေသာရကျမ်း (၃)တွဲကိုလည်း ခင်ကြီးဖျော်ရေးခြင်းဖြစ်သည်ဟုပင် အမှတ်ထားကြသည်။

♦ နောင်တော်ကြီးမင်းနတ်ရွာစံသည့် မြန်မာသက္ကရာဇ် ၁၁၂၅ ခုနှစ်၌ ဆရာတစ်ဦးက "ဓာန္တုနိရိုနိဿယ" ကို ရေးသားပြုစုသည်။ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် ယခင်ရှိနှင့်ပြီးသော ဗိန္ဓောဆေးပညာအပြင် နက္ခတ်ဆေးပညာရပ်ဟုလည်း အထင်အရှား ပေါ်ပေါက်တွင်ကျယ်၍ လာသည်။

♦ နက္ခတ်ဆေးပညာဆိုသည်မှာလည်း အဿဝဏီစသည်နှင့်ဆိုင်သည့် အာကာသ နက္ခတ်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ်ကြီးလေးပါး တစ်နည်း သည်းခြေ၊ အာဟာရ၊ အာကာသနှင့် တကွ ဓာတ်(၇)ပါးဆိုင်ရာ ဓာတ်နက္ခတ်၊ ပဉ္စန်းနက္ခတ်၊ အာယုစန်းနက္ခတ်၊ အထွက်အဝင်နက္ခတ် စသည်ဖြင့် အကောင်းအဆိုးကို ကိန်းဆင်၍ ပြသော ကိန်းနက္ခတ်ဟူ၍ (၃)မျိုးရှိသည်။

♦ ထို (၃)မျိုးအနက် အာကာသနက္ခတ်ဆေးပညာဟူသည် ရောက်ဆဲ ကောင်းကင်နက္ခတ်အရ ဓာတ်တိုင် ထူ၍ ဥတုရာသီနှင့် ကိုက်ညီစွာ စားသောက်မှီဝဲသင့်သော ဆေးဝါးအစားအစာ အပြုအမူနှင့် ရှောင်ရှား သင့်သော ဆေးဝါး အစားအစာအပြုအမူတို့ကို ညွှန်ကြားကုသသော ဆေးပညာဖြစ်သည်။

♦ "လနှင့် နေ ကို အခြေပြုမှု၊ နက္ခတ်ကျနှင့်၊ နဝင်းပြဆေး၊ အစာကျွေးက၊ ချမ်းသေီတာ" စသော ဒွါဒသိမ် (၁၀)လာ စကားအရ နက္ခတ်ဆေးပညာ၏ သဘောထား အရင်းခံကို သိနိုင်သည်။ မကာရလောပ တောင်တွင်းဆရာတော်ခင်ကြီးဖျော်သည် နက္ခတ်ဆေးပညာကို အထင်အရှားတီထွင်တော်မူခဲ့သည် ဟု ပညာရှင်အများက ယုံကြည်လက်ခံခဲ့ကြသည်။

♦ ပထမကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက် ဓာတုဝိဘာဂ ဒီပနီဆေးကျမ်း ပါဠိနိဿယကို သက်ပန်းဆရာက ရေးသားခဲ့သည်။ ဆင်ဖြူရှင်မင်းလက်ထက်တော်၌ အင်းဝတောင်ဘက် (၂၃) မိုင်အကွာရှိ ခွေးဆောင်ရွာဇာတိ ပဝတ္တိသစိုးရွာနေ ဘုရားဒါယကာ ဦးမြတ်ထွန်းသည် ဘုရင့်အမိန့်တော် အရ "သမားစဉ်ကုထုံး" ဟူ၍လည်းကောင်း "ဒီဃာယုဆေးကျမ်း" ဟူ၍လည်းကောင်း၊ "ခွေးဆောင် လျှောက်ထုံး" ဟူ၍လည်းကောင်း ခေါ်ဝေါ်ထင်ရှားသည့် ဆေးကျမ်းတစ်စောင်ကို မြန်မာသက္ကရာဇ် ၁၁၃၃ ခုနှစ်တွင် ပြုစုတင်ဆက်ခဲ့သည်။ ထိုဆေးကျမ်းကို စကားပြေသက်သက်ဖြင့် ရေးသား ထားသည်။

♦ မီးယပ်ဆိုင်ရာကုထုံးများ၊ သူငယ်နာဆိုင်ရာ ကုထုံးများ၊ အဖျားရောဂါဆိုင်ရာ ကုထုံးများ၊ သန္နိပါတ် အဖျားဆိုင်ရာ ကုထုံးများ၊ မြင်းသရိုက်ရောဂါဆိုင်ရာ ကုထုံးများ၊ ပါဒရက်ရောဂါဆိုင်ရာ ကုထုံးများ၊

ဝမ်းရောဂါဆိုင်ရာ ကုထုံးများ၊ ဒူလာသရော ခေါ် ဆီးရောဂါဆိုင်ရာ ကုထုံးများ၊ အနာပေါက်နှင့် ကျောက် ဝက်သက်ဆိုင်ရာကုထုံးများ၊ အရူးရောဂါဆိုင်ရာ ကုထုံးများဟူ၍ အပိုင်းကြီးများခွဲကာ ရေးသားထားသည်။ ဆင်ဖြူရှင်လက်ထက်မှာပင် မြန်မာသက္ကရာဇ် ၁၁၃၃ခုနှစ်၌ ဒါလက်ာရ ဆေးကျမ်းကိုလည်းကောင်း၊ မြန်မာသက္ကရာဇ် ၁၁၃၅ ခုနှစ်၌ ဘေသဇ္ဇာတုဒီပနီကိုလည်းကောင်း ပြုစုခဲ့ကြသည်။

## အေဒီ ၁၇၆၃-၁၈၁၈

- ဘိုးတော်ဗဒုံမင်းတရားကြီး၏ လက်ထက်တော်၌ ရဟန်းပညာရှိ၊ လူပညာရှိ အများအပြား ထွန်းကားခဲ့သည်။ ထိုပညာရှိအပေါင်းတို့တွင် ဆေးပညာနှင့်တကွ ပညာရပ်များစွာတို့ကို တစ်ဦးတည်းဖြစ်စေ၊ ခေါင်းဆောင်အနေနှင့်ဖြစ်စေ အများဆုံးတာဝန်ယူကာ မြန်မာပြန်ဆိုခဲ့သည့် ပညာရှိကြီးကား မောင်းထောင်သာသနာပိုင် ဆရာတော် "ဉာဏာဘိဝံသဓမ္မသေနာပတိ" (လူထွက်သောအခါ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ)ဖြစ်သည်။

- မြန်မာသက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ ဇာဒင်ကျမ်း၊ ဆေးကျမ်း စသော စာပေကျမ်းဂန်များကို ယူဆောင်သင့်ကြောင်း မောင်းထောင်သာသနာပိုင် ဆရာတော်က ဗဒုံမင်းထံ မေတ္တာစာ ဆက်သွင်းသည်။ ထိုသို့စေလွှတ်ယူဆောင်စေရာတွင် အိန္ဒိယပြည်၊ ဗာရာဏသီကျေး နဝဒီပမြို့မှ ပုဏ္ဏားသီရိဇေယျ ဓမ္မဂုရုအမျိုးပြုသော ပုဏ္ဏား(၁၀)ဦးနှင့် ရာပြတ်သီရိစန္ဒရတ်တို့ ယူဆောင်ခဲ့သော ကျမ်းများကို နာဂသီရိအက္ခရာမှ ကလာပ်ရေး မြန်မာအက္ခရာဖြင့် ရေးကူးပြီးကြောင်းကို မောင်းထောင်သာသနာပိုင်ဆရာတော်က ဘုရင်မင်းမြတ်ထံ မေတ္တာစာ ဆက်သွင်းခဲ့သည်။

- မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် ဆက်သွင်းခဲ့သည့် ထိုမေတ္တာစာအရ အိန္ဒိယနိုင်ငံမှ ပထမအကြိမ်ရရှိသော ဆေးကျမ်းများမှာ ဒြဗျဂုဏကျမ်းရင်း၊ ဒြဗျဂုဏဒီပနီကျမ်း၊ နာဂဇ္ဈုနပရိစ္ဆေဒကျမ်း၊ သာရရိတုကထနကျမ်း၊  မဓုကောသကျမ်း၊ အတိသာရကျမ်း၊ ဘေသဇ္ဇနိယဏ္ဍုဆေးကျမ်း၊ ဓါတုပြသံသကျမ်းတို့ ဖြစ်ပါသည်။

- ကောဇာသက္ကရာဇ် ၁၁၇၆ ခုနှစ်တွင် ဗာရာဏသီမင်းက ဘိုးတော် ဗဒုံမင်းထံ လက်ဆောင်ပဏ္ဏာများ စေလွှတ် ဆက်သရာတွင် သုဿုတဆေးကျမ်း၊ ဝေဒျဇီဝနဆေးကျမ်း၊ သာရမံဇရီဆေးကျမ်း၊ သမုစ္စယဆေးကျမ်းများလည်း ပါရှိသည်။

♦ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် ရောက်ရှိလာခဲ့သော သင်္သကရိုက်ဘာသာ အာယုဗ္ဗေဒ ဆေးကျမ်းများအနက် ဒြဗျဂုဏပြကာသဆေးကျမ်း၊ သာရကောမုဒိဆေးကျမ်း၊ ဩသဓရတနာ ကရဆေးကျမ်း၊ ဓာတုပြသံသဆေးကျမ်း၊ ကာမာရတနာဆေးကျမ်း၊ ဒြဗျဂုဏပြကာသဋီကာနှင့် ကျမ်းရင်းနိဿ၊ ကာမာရတနဋီကာနှင့် ကျမ်းရင်းနိဿယ၊ သာရကောမုဒိဋီကာနှင့် ကျမ်းရင်း နိဿယ၊ ဩသဓရတနာကရဋီကာနှင့် ကျမ်းရင်းနိဿယများကို မောင်းထောင်သာသနာပိုင်ကိုယ်တိုင် ဘာသာပြန်ဆို ရေးသားတော်မူသည်။

♦ မောင်းထောင်ဆရာတော်သည် ဆေးကျမ်းများကိုသာမက အခြားအဘိဓာန်ကျမ်း၊ ဗေဒင်ကျမ်းစသည် တို့ကိုလည်း ဘာသာပြန်တော်မူခဲ့သည်။ မောင်းထောင်သာသနာပိုင်သည် မြန်မာသက္ကရာဇ် ၁၁၇၄ ခုနှစ်တွင် လူဝတ်ကြောင်ဘဝသို့ ရောက်ရှိပြီးနောက် မဟာဓမ္မသင်္ကြံဟူသော ဘွဲ့နှင့် မင်းတိုင်ပင်အမတ်ကြီး အဖြစ် အမှုတော်ကို ထမ်းဆောင်စဉ် သစ်ပင်၊ ဆေးပင် အမည် (၇၀၀)တို့ကိုလည်း ရေးသားခဲ့သည်။

♦ ဘိုးတော်ဗဒုံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် မင်းကွန်းတောရ အရှင်မုနိန္ဒာဘိဓေ မထေရ်သည် ကုန်းဘောင် ဆင်ဖြူရှင်မင်းလက်ထက် သက်ပန်းဆရာ(တော်)ရေးသားခဲ့သော ဓာတုဝိဘာဂဒီပနီဆေးကျမ်းကို နောင်လာနောက်သားတို့ အလွယ်တကူကြည့်ရှုနိုင်စေခြင်းငှာ ကိုးပိုင်းကိုးကဏ္ဍတို့ဖြင့် တန်ဆာဆင်ကာ စကားပြေဖြင့် ရေးသားခဲ့သည်။

♦ နရသုခိကျမ်းသည် နရငါးတွဲခေါ် ဆေးကျမ်းငါးကျမ်းတို့တွင် အပါအဝင်ဖြစ်သည့်သာမက ထိုငါးကျမ်း တို့တွင် ရှေးအကျဆုံး နရလည်းဖြစ်သည်။ ထိုကျမ်းကို ဘိုးတော်ဗဒုံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် အင်းဝမြို့ဝန်မင်း မင်းရဲဇေယျကျော်၏ စာရေးတော်ကြီး ဦးကောင်းရေးသားခဲ့ခြင်း ဖြစ်သည်။

## အေဒီ ၁၈၁၉-၁၈၃၆

♦ ဘိုးတော်ဘုရား(ခေါ်)ဗဒုံမင်း နတ်ရွာစံပြီးနောက် နောင်အခါ ဘကြီးတော်ဟု ခေါ်ဝေါ်ထင်ရှားမည့် စစ်ကိုင်းမင်း နန်းတက်လာသည်။ ဗဒုံမင်းမင်းလက်ထက်ကကဲ့သို့ပင် ဆေးကျမ်း၊ ဓာတ်ကျမ်းများကို ဘာသာပြန်သည့် လုပ်ငန်းအတွက် အားပေးမြဲ အားပေးလျက်ရှိကြောင်း သိရသည်။

- ဘကြီးတော်လက်ထက် မြန်မာသက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် နရင်းတွဲအဝင် နရသြသကျမ်းကို လင်္ကာဖြင့် ရေးသားပြုစုခဲ့သည်။ ထိုကျမ်း၏အမည်ကို နရာသြသ ဟု မှည့်ခေါ်စေခဲ့သော်လည်း နောက်လူတို့က အာဒိယကို ဖြုတ်ကာ နရသြသ ဟုသာ ရေးသားခေါ်ဝေါ်ခြင်း၊ ပုံနှိပ်ခြင်း ပြုလုပ်ကြသည်။

## အေဒီ ၁၈၃၇-၁၈၄၅

- နရင်းတွဲဟု သတ်မှတ်ခေါ်ဝေါ်ကြသောကျမ်းတို့တွင် အပါအဝင်ဖြစ်သည့် နယမာလာကျမ်းသည် ထိုဘကြီးတော်ဘုရားနန်းကျသည့်နှစ် ညီတော်သာယာဝတီမင်း နန်းတက်သည့်နှစ် မြန်မာသက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ကျမ်းဖြစ်သည်။

- ထိုနယမာလာဆေးကျမ်း၌ ရှေးဟောင်းရသေ့ကြီးများ ပြုစုခဲ့ကြသည့် အာယုဗ္ဗေဒဆေးကျမ်းများမှ လည်းကောင်း၊ မြန်မာနန်းစဉ်မင်းစဉ်အဆက်ဆက်ဆေးပညာရှိတို့၏ ကုထုံးကုနည်းအမျိုးမျိုးတို့မှ လည်းကောင်း ကောင်းနိုးရာရာတို့ကို ရှာဖွေထုတ်နုတ်၍ လင်္ကာဖြင့်ရေးသားထားသော ကျမ်းဖြစ်ပါ သည်ဟု ကျမ်းဆရာကဖော်ပြသည်။

- နရင်းတွဲတွင်ပါဝင်သော နရတန်ဆောင်ကျမ်းသည်လည်း ဒုတိယ ကုန်းဘောင်ခေတ်မှာပင် ပေါ်ပေါက် လာသော ကျမ်း ဖြစ်သည်ဟု ယူဆရသည်။ ထိုကျမ်း၌ ဓာတ်ဆောင်ပုံ ဥတုအလိုက်ရှောင်သင့်သော အစားအစာ၊ စားသင့်သော အစာများကို ရေးသားထားသည်။ အမရပူရခေတ် နန်းစဉ်သုံးဆေးဝါး ဓာတ်စာများကို အများအပြား မှတ်တမ်းတင်ထားသည့် ဆေးကျမ်းဖြစ်မည်ဟု ယူဆရသည်။

- နရင်းတွဲတွင်ပါဝင်သော နယရာသီကျမ်း၌ ရောဂါအလိုက် ဆေးနည်းများကို ပြသထားသည်။

## အေဒီ ၁၈၄၆-၁၈၅၂

- ကုန်ဘောင်ခေတ် ဒုတိယပိုင်း ဘိုးတော်ဘုရားလက်ထက်တွင် ကာသိတိုင်း၊ ဗာရာဏသီကျေးနဝဒီပမှ အမရပူရမြို့သို့ သီရိရာဇေန္ဒြသေနရသေ့ ပြုစုသည့် ဒြဗျဂုဏပကာသမည်သော ဗြိန္ဒောဆေးကျမ်း ရောက်လာခဲ့သည်။ ထိုကုန်းဘောင်ခေတ် ဒုတိယပိုင်း ဘိုးတော်ဘုရားလက်ထက်တွင် စွယ်စုံကျော်ထင် ကျမ်းပြု ကျည်းကန်(ကြည့်ကန်) ကိုရင်ကြီးသည် ဆန္ဒဝုတိဆေးကျမ်းကို ရေးသားခဲ့သည်ဟုအမှတ်အသား ရှိသည်။

♦ လှေသင်းအတွင်းဝန် မင်းဇေယျသင်္ခယာ (ဦးချိန်)၏ ဝေါဟာရလိနတ္တဒီပနီကျမ်း၌ နာဂဇုန္နဆေးကျမ်းကို ကိုးကားထားချက် တွေ့ရသည်။ ထိုကျမ်းသည်လည်း ဒုတိယကုန်းဘောင်ခေတ်အတွင်းမှာပင် ရောက်လာသည့် ဆေးကျမ်းဖြစ်မည်ဟု ထင်ရသည်။

♦ ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းကို မန္တလေးခေတ်တွင် လက်ာရာမဆရာတော်နှင့် အရှင်ဓမ္မရတနတို့က မြန်မာဘာသာ ပြန်ဆိုခဲ့ကြသည်။

## အေဒီ ၁၈၅၃-၁၈၇၇

♦ ဆရာတော်အရှင်ဒီပါလင်္ကာရမထေရ်သည် ဘေသဇ္ဇမဉ္ဇူသာ ခေါ် ဆေးသေတ္တာကျမ်းကြီးကို မြန်မာနိုင်ငံသားတို့ ဖွင့်လှစ်၍ လိုရာဆေးဝါးတို့ကို စားသောက်မှီဝဲနိုင်ကြစေရန် အခန်းပေါင်း (၆၀)ရှိသည့် အနက် အခန်း (၄၀)ပြီးသည်အထိ နိဿယပြန်စနစ်ဖြင့် မြန်မာပြန်ဆိုရေးသားတော်မူခဲ့သည်။

♦ ဘေသဇ္ဇမဉ္ဇူသာကျမ်း၏ ရသာယနပိုင်းကိုမူ လင်္ကာရာမဆရာတော်ဘုရားကြီး၏တပည့် သီဟိုဠ်နိုင်ငံသား မန္တလေးမြို့တွင် သီတင်းသုံးလျက်ရှိသော အရှင်ဓမ္မရတနမထေရ်သည် ပိဋကတ်တော်အုပ်မိုင်းကိုင်မြို့စား (ဦးယံ)၏ လျှောက်ထားချက်အရ နိဿယပြန် စနစ်ဖြင့်ပင် မြန်မာပြန်ဆိုတော်မူသည်။

♦ ဗင်္ဂလားဆရာတော်သည် ရတနာပုံမြို့တည် နန်းတည် မင်းတုန်းမင်းကြီး၏ တောင်ညာစံမိဖုရားကြီးက ရဟန်းဒါယိကာမ၊ ကျောင်းဒါယိကာမအဖြစ် ခံယူကိုးကွယ်ထားသည့် ဂိုဏ်းချုပ်ဆရာတော်တစ်ပါး ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၄၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသသို့ကြွသွား၍ ငါးနှစ်ကြာမျှ သီတင်းသုံးလျက် သင်္သကရိုက်ဘာသာကို ဆည်းပူးသင်ကြားတော်မူသည်။

♦ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ နတ်တော်လတွင် သုဿုတ၊ မာဓဝ၊ စရက၊ ဘာဝပ္ပကာသ၊ အဌင်္ဂဟာဒယ၊ သာရင်္ဂဓရသံဟိတာ၊ ဒြဗျဂုဏပြကာသ စသော သင်္သကရိုက်ဘာသာ ဆေးကျမ်းမူရင်းများနှင့် သဒ္ဒါကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်း၊ နီတိကျမ်း စသော ကျမ်းဂန်အမျိုးမျိုးတို့ကို အိန္ဒိယမှ ယူဆောင်တော်မူခဲ့၍ မြန်မာနိုင်ငံသို့ ပြန်ကြွပြီး ရန်ကုန်မြို့ ဗဟန်းကျောင်းတော်ရာတိုက် ဗင်္ဂလားကျောင်း၌ သီတင်းသုံးတော်မူသည်။

- ဘေသဇ္ဇမဥ္ဇူသာဆေးကျမ်းနှင့် ဟိတောပဒေသနီတိကျမ်းတို့ကို မြန်မာပြန်ဆို ရေးသားခဲ့သည်။ ဘေသဇ္ဇမဥ္ဇူသာဆေးကျမ်းကို တတိယမြောက် မြန်မာပြန်ဆိုရေးသားသောသူမှာ သိမ်ဖြူဆရာတော် ဖြစ်သည်။

- မန္တလေးခေတ်တွင် ဆေးပညာနှင့်စပ်လျဉ်း၍ အာယုဗ္ဗေဒအပြင် မြန်မာ့စဉ်လာဆေးပညာနှင့် အနောက်တိုင်းဆေးပညာများကိုပေါင်းစပ်ကာ ပြုစုသူကား ယောအတွင်းဝန် (ဦးဖိုးလှိုင်)ဖြစ်သည်။ ယောအတွင်းဝန်သည် တိုးတက်နေသော သိပ္ပံပညာကို လိုလားသူဖြစ်သည့်အတိုင်း သူ၏ကျမ်းများတွင် ခေတ်အလျောက်ထွန်းပေါက်နေသည့် သိပ္ပံစနစ်အရ လက်လှမ်းမီသမျှ (ဝါ) တွေးနိုင်သမျှ၊ ရေးနိုင်သမျှ တွေးခေါ်ရေးသားသည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

- မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ်တွင် ရေးသားသည့် ကာယာနုပဿနာကျမ်းတွင် ပိဋကတ်စာပေများလာ (၃၂)ကောဋ္ဌာသအဖွင့်များ၊ သုဿုတ စသော အာယုဗ္ဗေဒဆေးကျမ်းများလာ ခန္ဓာဗေဒဆိုင်ရာ အယူအဆများနှင့် အနောက်တိုင်း အနာတမိပညာဆိုင်ရာ အယူအဆများကို နှီးနှောရေးသား ထားသည်။

- ယောမင်းကြီး၏ အခြားကျမ်းတစ်ကျမ်းကား ဥတုဘောဇနသင်္ဂဟကျမ်းဖြစ်သည်။ အမည်နှင့်လျော်စွာ ရာသီဥတုအလိုက် စားသောက်နေထိုင်နည်းနှင့် အာဟာရဆိုင်ရာပညာရပ်ကို တတ်သိနားလည်ကြစေရန် ဥတုရာသီနှင့်တကွ အသား၊ အသီး၊ အပွင့်၊ အရွက်၊ ဥ စသည်တို့၏ အကျိုးသွားများကို သာသနာတော် ကျမ်း၊ အာယုဗ္ဗေဒကျမ်းများလာ အဆိုအမိန့်များ၊ အနောက်တိုင်း အယူအဆများနှင့် နှီးနှောရေးသားထားသည်။ ဖတ်ရှုလေ့လာသူတိုင်း နားလည်သဘောပေါက်နိုင်သော စကားပြေမျိုးဖြင့်လည်း ရေးသားထားသည်။ ထိုကျမ်းသည် ရွှေမန်းခေတ်ပညာရှင်တို့၏ ရိုသေလေးစားခြင်းကို ခံရသော ကျမ်းဖြစ်သည်။ ယောမင်းကြီးသည် လောကဓာတ်ကျမ်းကြီးဟူသော အမည်ဖြင့် ပြင်သစ်ဘာသာမှ ပြန်ဆိုခဲ့သည်။

- ကုန်းဘောင်ခေတ် တတိယပိုင်းတွင် မြန်မာ့အစဉ်အလာ အယူအဆများကို ဖော်ပြရာ နရသုခိစသော ကျမ်းများနှင့်တကွ ပိဋကတ်တော်လာ အဘိဓမ္မာသဘောတရားများကို အခြေခံကာတီထွင်ထားသည့် တောင်သာဆေးပညာခေါ် (၆)လုံးကောက်ဆေးပညာ ပေါ်ထွက်လာသည်။

♦ တောင်သာဆေးပညာခေါ် (၆)လုံးကောက်ဆေးပညာသည် အဘိဓမ္မာဒေသနာတော်လာ သဘောများကို အခြေခံ၍ မြန်မာ့မြေပေါ်တွင် မြန်မာအမျိုးသားကိုယ်တိုင် ဦးဦးဖျားဖျား တီထွင်ကြံဆခဲ့သည့် ဆေးပညာဖြစ်သည်။

♦ တောင်သာ ဆေးပညာခေါ် (၆)လုံးကောက် ဆေးပညာကို စတင်တီထွင်ခဲ့သူမှာ တောင်သာနယ်မှ ဆရာကြီးဆရာမှုန့် ဖြစ်သည်။

♦ တောင်သာ ဆေးပညာခေါ် (၆)လုံးကောက် ဆေးပညာသည် ရောဂါအမျိုးအမည် မည်မျှပင် ရှိစေကာမူ အချုပ်အားဖြင့် အပူကြောင့်ဖြစ်သော ရောဂါ (၃)မျိုးနှင့် အအေးကြောင့်ဖြစ်သော ရောဂါ(၃)မျိုး ဟူ၍ ရောဂါ (၆)မျိုးဖြင့်သာ ဆုံးဖြတ်ပြီး (၆)လုံးအမြင်ဖြင့် တီထွင်ထားသည့် ဆေးပညာဖြစ်သည်။

♦ တွေ့ကြုံရသောရောဂါမှန်သမျှကို (၆)လုံးအမြင်ဖြင့် ကြည့်ရှုသုံးသပ်၍ ဓာတ် အလွန်အယုတ်ကို ချင့်ချိန်ဆုံးဖြတ်ပြီး လွန်သောဓာတ်ကို ယုတ်လျော့စေ၍ လိုသောဓာတ်ကို ဖြည့်တင်းပေးရန် လိုအပ်သော ဆေးဝါးဓာတ်စာများ ပေးကျွေးကုသပေးခြင်း ရောဂါများသက်သာပျောက်သောကြောင့် မင်းနေပြည်တော်ထိ ထင်ပေါ်ကျော်ကြားခဲ့သည်။

♦ တောင်သာဆရာကြီး အသက်(၅၅)နှစ်အရွယ်ရောက်ချိန်တွင် မင်းတုန်းမင်းကြီး၌ စွဲကပ်သော သွေးဒူလာရောဂါကို နန်းတွင်းသမားတော်ကြီးများ (၆)လကြာမျှ ကုသသော်လည်း မပျောက်ကင်းသဖြင့် သက်တော်ရှည်အမတ်ကြီး၏ လျှောက်ထားချက်အရ တောင်သာဆရာကြီးဦးမှုန့်ကို ခေါ်ယူ၍ ကုသခဲ့ရာ မင်းတုန်းမင်းကြီး၏ ထိုသွေးဒူလာရောဂါကို (၂)ရက်ခွဲနှင့် ပျောက်ကင်းစေမည်ဟု ရဲဝံ့စွာ ကတိပေးကာ ရောဂါနှင့်သင့်လျော်သော ဆေးဝါးဓာတ်စာများကို ဆက်သ၍ ကုသပေးခဲ့ရာ ပျောက်ကင်းသွားသဖြင့် လွန်စွာကျော်ကြားသွားသည်ဟု အမှတ်အသား ရှိခဲ့သည်။

♦ အောင်မြင်စွာ ကုသနိုင်ခဲ့သဖြင့် ဆရာမှုန့်၏ ဆေးပညာစွမ်းရည်ကို မင်းတုန်းမင်းကြီး သိရှိယုံကြည်ခြင်းကြောင့် မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်အတွင်း မှူးမတ်တို့၏ အလည်၌ "တိကိစ္ဆကဆေကဘိသက္ကရာဇာ" ဟူသော သမားတော်ဘွဲ့ကို ချီးမြှင့်တော်မူခဲ့သည်။

♦ မင်းတုန်းမင်းတရားကြီးက အဘိဓမ္မာသဘောတရားကို အခြေခံထား၍ ဆေးကျမ်းတစ်စောင်ကို ရေးသားပေးရန် တိုက်တွန်းသဖြင့် ပေချပ်ရေ (၁၂)အင်္ဂါမျှရှိသော တောင်သာဆေးကျမ်းတစ်စောင်ကို ရေးသားပြုစုခဲ့သည်ဟုလည်း အဆိုရှိခဲ့သည်။

♦ ကုန်းဘောင်ခေတ် တတိယပိုင်းတွင် ဓာတ်ဆရာကြီး ဦးပိုဟု ထင်ရှားသော ပညာရှင်ကြီးတစ်ဦးလည်း ပေါ်ပေါက်ခဲ့သည်။ နာနာနယ ဓာတုသင်္ဂဟကျမ်း နိဒါန်း၌ အမရပူရခေတ်ကပင် ပုဂံမြို့စား၏ သမားတော် ဖြစ်ခဲ့သည်ဟု ဆိုထားသည်။ မင်းတုန်းမင်းလက်ထက်၌ ဘုရင့်သမားတော်(၂၄)ဦးတို့တွင်အကြီးအချုပ် ဖြစ်သည်ဟု ဆိုကြသည်။

♦ ဓာတ်ဆရာကြီးဦးပိုသည် ဝဇ္ဇောပကာသဒီပနီဆေးကျမ်း၊ သဗ္ဗပကိဏ္ဏကဓာတ်ကျမ်း၊ တြိသတ်ဋီကာကျမ်း တို့ကို ရေးသားခဲ့ပြီး ထိုကျမ်း၌ ဓာတ်ကြီး(၅)ပါးမှ (၁၅၄)ပါးအထိ အကျယ်ပွားပုံ ဓာတ်လက္ခဏာ များနှင့်တကွ ဆေးချက်များကိုပါ ဖော်ပြထားသည်။

♦ သဗ္ဗပကိဏ္ဏကဓာတ်ကျမ်း၌ သက္ကတဘာသာဆေးကျမ်းများဟူ၍ အစုစု(၄၅)ကျမ်းတို့မှ အရင်းခံ အချက်အလက်များကို မူတည်ကာ ရေးသားထားသည့်ကျမ်းဖြစ်ကြောင်း ပြဆိုထားလေသည်။ (၁၅၄) ပါးသော ဓာတ်လက္ခဏာတို့ကိုလည်း ရေးသားဖော်ပြထားသည်။ အခြားသော ရောဂါနိဒါန်းဆိုင်ရာ၊ ဆေးချက်ဆိုင်ရာ စသည်တို့ကိုလည်း တွေ့ရသည်။

♦ တြိသတ်ဋီကာကျမ်း၌မူ အချို့သော မြန်မာဆေးကျမ်းတို့မှ အများအပြား ထုတ်နုတ်ယူငင်၍ ရေးသား ထားပုံကို တွေ့ရသည်။ တခါတရံ ဗုဒ္ဓဘာသာစာပေများမှ ထုတ်နုတ်ရေးသားဟန်ရှိသော အချက်အလက် များကိုလည်း တွေ့ရှိရသည်။

♦ မြန်မာသက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် မိုင်းခိုင်းအတွင်းဝန် ပိဋကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယျသူ သည် မြန်မာ့ရှေးဟောင်းခေတ်မှ သီပေါမင်းပါတော်မူသည့် မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်အထိ ရှာဖွေတွေ့ရှိသမျှ ကျမ်းဂန်အမျိုးမျိုးတို့၏ ကျမ်းပြုဆရာ ကျမ်းပြီးသက္ကရာဇ် စသည်တို့နှင့်တကွ ရေးသားဖော်ပြထားသော ပိဋကတ်သမိုင်းကျမ်းလာ ဖော်ပြချက်အရ ထိုအချိန်က မြန်မာနိုင်ငံ ဘုရင်မင်းမြတ်၏ ပိဋကတ်တိုက်တွင် စရက၊ သုဿုတ၊ မာဓဝ၊ ဝါဂ္ဘဋ္ဌ၊ ဘာဝပ္ပကာသ၊ အဋ္ဌင်္ဂဟဒယ စသော သင်္သကရိုက်ဘာသာ အာယုဗ္ဗေဒဆေးကျမ်းများနှင့်တကွ ဆေးကျမ်းပေါင်း(၁၆၀)မျှ ရှိနေကြောင်း သိရှိရသည်။

♦ မင်းတုန်းမင်းတရားကြီးလက်ထက် သမားတော်ဘွဲ့ကို ချီးမြှောက်ပေးသနားခြင်းခံခဲ့ရသော ပုဂ္ဂိုလ်တို့အား မည်ကဲ့သို့ သတ်မှတ်ရွေးချယ်ပြီး ချီးမြှင့်မြှောက်စားသည်၊ မည်သည့်အကျိုးကျေးဇူးများရရှိသည်ကို ဆေးပညာစုံစမ်းစစ်ဆေးရေးကော်မတီ အစီရင်ခံစာ၌ ဖော်ပြထားသည်။

♦ ရှေးခေတ်အစိုးရမင်းတို့၏ အသိအမှတ်ပြုခြင်းခံရရန်မှာ လွယ်ကူသောအရာမဟုတ်၊ ဆေးဆရာတစ်ဦး တစ်ယောက်သည် ဘုရင့်သမားတော်ဖြစ်ရန် အောက်ဖော်ပြပါ အချက်တို့နှင့် ပြည့်စုံရမည့်ပြင် အလွန်ပြင်းထန်ခက်ခဲသော စစ်ဆေးမေးမြန်းခြင်းတို့ကိုခံရမည်။ သမားတော်များ မျိုးရိုးဖြစ်ရမည်။ လူနာ၏ဘေးတွင် စာတွေ့၊ ကိုယ်တွေ့ တတ်မြောက်ကြောင်း ထင်ရှားစွာ ပြနိုင်စေရမည်။ (၃)ဦးမှ (၉)ဦးထိ ပါဝင်သော ဘုရင့်သမားတော်အဖွဲ့မှ ပြုလုပ်သော စာမေးပွဲကို အောင်မြင်ရမည်။ သင့်တော်သူ ဖြစ်ကြောင်းကို အတွင်းဝန်၊ ရွှေတိုက်ဝန်၊ သံတော်ဆင့်မင်း၊ စာရေးတော်ကြီး၊ ဝန်ထောက်မင်းတို့မှ ထောက်ခံရေးသားခြင်း ပြုလုပ်ရမည်။ (ရွှေတိုက်ဝန်မှာ ဤအကြောင်းနှင့် ပတ်သက်သော အလုပ်တို့ကို အုပ်ချုပ်ကြီးကြပ်ရသော အမတ်ကြီးဖြစ်သည်။)

♦ အလွန်ခက်ခဲပြင်းထန်သော စာမေးပွဲကို အောင်မြင်ပြီးသူမှသာ ၎င်းတို့၏အမည်နောက်မှ "တော်" တပ်နိုင်၍ အများခွဲခြားသိသာနိုင်ရန် ရာထူးဌာနန္တရအလိုက် အဝတ်တန်ဆာတို့ကို ဝတ်ဆင်နိုင်သည့် အပြင် တရံတခါ "နေမျိုးသက္ကရာဇ၊ မင်းထင်ဘိသက္ကရာဇ၊ မဟာဘိသက္ကရာဇ စသော ဘွဲ့တံဆိပ် တို့ကိုလည်း ရရှိကြသည်။ ထိုသမားတော်တို့မှာ မြို့ရွာများကိုလည်း အပိုင်စားရသည်။ ၎င်း မြို့ရွာ တို့မှရရှိသော အခွန်တို့ကို လခစားရရှိကြသည်ဟု ဆိုလိုသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ လက်ထက်တော်ကျမှသာ လခကြေးငွေပေးခြင်း စတင်ပြုလုပ်ကြသည်။

♦ အသိအမှတ်ပြုခြင်းခံရသော သမားတော်ကြီးတို့မှာ နန်းတော်၌ပြုလုပ်သော ပွဲလမ်းသဘင်၊ မင်းခမ်းမင်းနား များသို့ ဖိတ်ခေါ်ခံရခြင်းစသည့် ဂုဏ်ထူးတို့ကို ရရှိကြကြောင်း၊ ၎င်းတို့မှာ မှူးကြီးများ ဝတ်ဆင်သကဲ့သို့ ခေါင်းပေါင်းဖြူ ဖော့လုံးနှင့် အင်္ကျီရှည်ကြီးများကို ဝတ်ဆင်ရသည့်ပြင် ဘုရင်မင်းမြတ် ရှေ့တော်သို့ အတားအဆီးမရှိ ဝင်ခွင့်၊ ထွက်ခွင့်များ ရရှိကြကြောင်း သိရသည်။

♦ အသိအမှတ်ပြုထားသော သမားတော်ကြီးများဟု အများပြည်သူကို ခွဲခြားသိသာနိုင်စေခြင်းအလို့ငှာ သမားတော်ကြီးတို့သည် ရွှေမြိတ်များရှိသော ကတ္တီပါဆေးလွယ်အိတ်တို့ကို လွယ်ကြသည်။ အစိုးရက အသိအမှတ် ပြုခြင်းခံရသော သမားတော်ကြီး၏ အလုပ်တာဝန်တွင် စစ်ပွဲ၌ အမှုထမ်းဆောင်ခြင်း၊

အလုပ်ဝတ္တရားများလည်း ပါဝင်သည် ဖြစ်သောကြောင့် ထိုသမားတော်ကြီးတို့မှာ မကျန်းမာသူနှင့် ဒဏ်ရာရရှိသူတို့ကို ကုသရန်အတွက် ချီတက်သွားသော စစ်တပ်ကြီးများ၌ လိုက်ပါကြရသည်။ ထို့ကြောင့် များစွာသောသမားတော်တို့မှာ အစိုးရအသိအမှတ်ပြုခြင်းကို ငြင်းပယ်ကြသည်။

- မှော်ဘီ-ဆရာသိန်းကြီး၏ နှောင်းဖြစ်စာတမ်း၌ ဆေးဆရာလုပ်မည့်သူသည် "ဆေးအစ်" ကို လွယ်ကာ တစ်နှစ်ပတ်လုံး ဆရာ့နောက်မှ လိုက်နေရသည်။ ရုပ်လက္ခဏာနှင့် အတွေ့အကြုံကို မှတ်သားရသည်။ စာကိုလည်း တဖက်က ကြည့်ရသည်။ နောက်တစ်နှစ်တွင် ဆေးပင်၊ ဆေးရွက်၊ ဆေးပစ္စည်း ရှာဖွေခြင်းများကို တစ်နှစ်ပတ်လုံး ဆောင်ရွက်ရသည်။ ထို့နောက် အမြစ်၊ အရွက်၊ အခေါက် စသည်တို့၏ အနံ့အရသာနှင့်တကွ မည်သည့်ဓာတ် ဦးဆောင်၍ မည်သည့်ဓာတ်ကိုနိုင်သည် စသည်ဖြင့် ဖြေရသည်။ ယင်းနောက် ဆေးကုလွှတ်၍ အတွေ့အကြုံ အားလုံးကို ပြန်ပြောရပြီး စိတ်ချရမှ ဆေးကုသရန်ဟု ဖော်ပြထားသည်။

- ပုဂံဦးတင်၏ အုပ်ချုပ်ပုံစာတမ်း၌ သမားတော်များ၊ ဆေးဆရာများကို ရိုးရာ သို့မဟုတ် ရွေးကောက်ခန့်ထားလေ့ရှိကြောင်း အချို့ဆရာများမှာ စစ်ချီလိုက်ရမှာစိုးသဖြင့် သမားမလုပ်လိုကြကြောင်း ပြဆိုထားသည်။

- မင်းတုန်းမင်းတရားကြီးလက်ထက်နှင့် သားတော် သီပေါမင်းလက်ထက်တို့၌ အဆောင်အယောင်များနှင့်တကွ သမားတော်ဘွဲ့ အပ်နှင်းလျက် ချီးမြှောက်ခြင်းခံရသော သမားတော်တို့ကို ကုန်းဘောင်ဆက် ရာဇဝင်ကျမ်းပြု ဆရာကြီး ဦးမောင်မောင်တင်၏ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။ ဆရာကြီးဦးစံဝင်း၊ ဦးနှောင်း၊ ဦးမှိုင်း၊ ဦးကဲ၊ ဦးစု၊ ဦးနက်၊ ဦးဖိတ်၊ ဦးတူ၊ ဦးခဲ၊ ဦးပေါ တို့ဖြစ်သည်။ ၎င်းသမားတို့သာ အဝန်း (၃)ထွာခန့်၊ (၄)ထွာခန့်ရှိသည့် ယွန်းထိုးဆေးအစ်ကြီးကို ကတ္တီပါအိတ်စွပ်ပြီးလျှင် ထိပ်မှစု၍ ကတ္တီပါ ကွင်းကြိုးဖြင့် ချည်ရသည်။ ၎င်း "ဆေးအစ်" ကို နောက်လိုက်က ကောင်းစွာပိုက်၍ လိုက်ရသည်။

- သမားတော်ကြီးများမှာ သျှောင်ထုံးနှင့် ခေါင်းပေါင်းဖြူဖော့လုံးပေါင်း၊ အင်္ကျီရှည်၊ ပုဆိုးခါးပုံထိုးကို ဝတ်သဖြင့် မြင်ရုံနှင့်ပင် သမားတော်ကြီးဖြစ်ကြောင်းကို သိရသည်။ ၎င်းသမားတော်(၁၀)ဦးတို့မှာ တစ်လလျှင် လစာငွေ (၅၃)ကျပ် သနားတော်မြတ်ခံရသည်။ ၎င်းတို့မှာ ဝဲလှည့်၊ ယာလှည့်ခွဲ၍ ဇေတဝန်ဆောင်တော်တွင် အိပ်ဖန်ထမ်းရွက်ရသည်။ ဖော်ပြခဲ့သည့် သမားတော်ကြီး (၁၀)ဦးတို့တွင်

ဦးမှိုင်းသည် မီးယပ်ကုရာတွင် တဖက်ကမ်းခတ် တတ်မြောက်သည်ဟု ဆိုကြပြီး ဦးခဲသည် ကလေးရောဂါ (သူငယ်နာ)ကို ကုရာ၌ ဇီဝက ခေါ်လောက်သည်ဟုပင် ဆိုကြသည်။

♦ ဦးတူသည် ဘုရင့်မိဖုရားငယ်တစ်ဦး ချိနဲ့နေသည်ကို "ဟဲ့ကောင်မ နင်က ဘုရင့်မယားမို့ မောက်မာရသလား"ဟု ဆိုကာ ဆံပင်ဆွဲ၍ ရိုက်သည်။ မိဖုရားကလည်း ဒေါသထွက်ကာလှမ်းအဆွဲ မိမိဖိနပ်ကို ဆွဲမိသဖြင့် ပို၍ဒေါသထွက်အောင်ပြောကာ လွတ်အောင်ပြေးသည်။ မိဖုရားက အတင်းထ၍ အလိုက် ဒေါသထွက်အောင် ထပ်မံပြောကာ မှန်နန်းဆောင်ကို ပတ်၍ပြေးသည်။ ယင်းသို့လျှင် ဦးတူသည် ဘုရင်ထံဝင်ကာ "ဆေးကု၍ပြီးခဲ့ပါကြောင်း" လျှောက်တင်သည်။ နောက်တစ်နေ့ မိဖုရားထံ ငှက်ပျောပွဲဖြင့် လာရောက်တောင်းပန်ရာ ငွေ ၁၀၀၀ (တစ်ထောင်ကျပ်) သနားတော်မူလိုက်သည်ဟု အစဉ်မှတ်သား ပြောဆိုကြသည်။

♦ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် "ဂန္ဓာလရာဇ်ဆေးကျမ်း" ကိုလည်း တွေ့ရှိရသည်။ ထိုကျမ်းတွင် တရုတ်အခေါ်၊ မြန်မာအခေါ်များဖြင့် တွဲဖက်ကာ ကျား၊ ဆင်၊ ကြွံ၊ တောဝက်၊ ကြက်၊ စာကလေးမှစ၍ တိရစ္ဆာန်တို့၏ အရိုး၊ အသား၊ အသွေးနှင့် အင်္ဂါရပ်များ ဆေးဘက်ဝင်ပုံတို့ကို ပြဆိုထားသည်။

♦ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်ကစ၍ မဏိပူရကသည်း အနှိပ်တော်များရှိခဲ့ကြောင်းနှင့် မင်းတုန်းမင်းတရားကြီး လက်ထက်တွင်လည်း ဂီရိစိတ္တစသော ကသည်းအနှိပ်တော်များ ရှိခဲ့ကြောင်း အမှတ်အသားရှိခဲ့သည်။

♦ "ဆရာလူ၊ ဆရာနပမ်းဆံစသော ယောက်ျားအနှိပ်ကျော် (၁၀)ဦးအပြင် မညာခေါင်းဆောင်သော မိန်းမ အနှိပ်တော် (၇)ဦးရှိလေရာ ယင်းအနှိပ်တော် (၁၇)ဦးတို့၏ လစာငွေမှာ (၃၅)ကျပ်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၃၈ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး၏ မိဖုရားကြီး ကျန်းမာတော်မမူသဖြင့် သမားတော် နေမျိုးသက္ကနော်ရထာနှင့် သမားတော် မိတ္ထီလာဆရာတို့ ကြပ်မတ်ကုသရာ ပျောက်ကင်းသွားကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တ) စာမျက်နှာ (၄၂၀)၌ ပြဆိုထားသည်။

♦ "ဘိုးဘွားရိပ်သာ" ဟုခေါ်ဆိုသော "လူအိုရုံ" သည် မြန်မာမင်းများအုပ်စိုးစဉ် ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက်ကပင် အထင်အရှား တည်ရှိခဲ့သည်။ ယောမင်းကြီး၏ လောကဓာတ် ဆေးကျမ်းကြီး နိဂုံးတွင် ထိုသို့အားကိုးရာမဲ့ သူအိုတို့အတွက် လူအိုရုံနှင့် ဆေးဝါးများ အသင့်ထား ကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။

- လူအိုရုံသို့လာရောက်နေထိုင်ရသူ၊ သူအိုသူနာများအား အဝတ်အစားများ ထောက်ပံ့သည်။ မကျန်းမာသူများအား ကုသရန်ဆေးဆရာများ အမြဲထားရှိသည်။ ဤကဲ့သို့ သူအိုသူနာပြုစုစောင့်ရှောက်မှုများမှာ သာလွန်မင်းတရာကြီး လက်ထက်တော်ကစ၍ မြန်မာထီးနန်း အဆက်ဆက် အစဉ်ဖြစ်ခဲ့သည်ဟု မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ဖော်ပြထားသည်။ သူအိုသူနာ တိုက်ဆယ်တိုက်တွင်လည်း ဘေသဇ္ဇဝိဒူပါရဂူဖြစ်သော သမာတော်ကြီး(၃)ယောက်စီနှင့် အနှိပ်လက်သည်တော် အသီးသီးပေးအပ်၍ ကုသပြုစုသည်။

- ကုန်းဘောင်ခေတ်က နိုင်ငံခြားသို့စေလွှတ်သည့် သံအဖွဲ့များတွင် ဆေးဆရာများ၊ အနှိပ်ဆရာများ လိုက်ပါရလေ့ရှိသည်။ ဥပမာ- မင်းတုန်းမင်း အမရပူရ၌ စံနေခိုက် မြန်မာသက္ကရာဇ် ၁၂၁၆ ခုနှစ်၊ နန်းမတော်ဝန် မင်းကြီးမင်းမဟာ မင်းခေါင်းရာဇာ ဦးဆောင်ကာ ဘင်္ဂလားသို့စေလွှတ်သဖြင့် သံအဖွဲ့၌ နောက်ပါလူငယ်များ၊ ဆေးသမားများ၊ အနှိပ်သမားများ၊ ပန်းချီဆရာများ ပါသွားကြောင်း သက်ဆိုင်ရာ စာတမ်းများ၌ ဖော်ပြထားကြောင်း တွေ့ရှိရသည်။

## အေဒီ ၁၈၇၈-၁၈၈၅

- သီပေါမင်းတရား၏ လက်ထက်တော်၌ သမီးတော်များ ကျောက်ပေါက်ရာ လက်ရှိသမားတော်များ အပြင် အီတာလျံဆေးဆရာကိုလည်းကောင်း၊ မြို့တော်ရှိ ဗိန္ဒောကု၊ ဓာတ်ကုဆရာများကို လည်းကောင်း ခေါ်ယူကုသသော်လည်း တတိယသမီးတော်နှင့် စတုတ္ထသမီးတော်တို့ ကံကုန်ရကြောင်းများကို ကုန်းဘောင်ဆက်ရာဇဝင်ကြီး၌ ပြဆိုထားသည်။ ဤအချက်များကို ထောက်ထား၍ ဘုရင့်သမားတော်များသည် နန်းတွင်းမှာသာ အမှုထမ်းရသည်မဟုတ် (၄)ပြင် (၄)ရပ်ရှိ လူအိုရုံတို့တွင် သူအိုသူနာတို့အား ကုသစောင့်ရှောက်ကြရခြင်း၊ မြန်မာနည်း မြန်မာ့ဟန်ဖြင့် ကုသကြသော မြန်မာသမားတော်များ အပြင် အနောက်နိုင်ငံမှ အနောက်နိုင်ငံနည်းဖြင့် ကုသကြသော လူမျိုးခြားဆရာဝန်တို့၏ ကုသခြင်းတို့ကို လက်ခံအသုံးပြုခြင်းများကိုလည်း ရှိခဲ့သည်။

- မင်းတုန်းမင်းတရားကြီးလက်ထက်၌ ထင်ရှားကျော်ဇောသော တောင်သာဆရာကြီးဦးမှုန်၊ ဓာတ်ဆရာကြီး ဦးပိုတို့မှ ဆင်းသက်လာကြသည့် မြို့ပြင်ကြီး ဆရာဦးချမ်းသာ၊ မန္တလေးဓာတ်ဆရာကြီး ဆရာဒေါ၊ ဆရာဦးရာကျော်၊ ပတ္တာဆရာကြီး ဦးသာကြွယ်၊ ဒုတိယတောင်သာ ဆရာကြီးဦးမှဲ့၊ တတိယဦးဘသိန်း စသည်တို့သည် ထင်ရှားသော အစဉ်အဆက်များ ဖြစ်ကြသည်။

- သီပေါမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ်၊ (ခရစ် ၁၈၈၀ ပြည့်)၌ အင်္ဂလိပ်ပိုင်အောက်မြန်မာနိုင်ငံတွင် သိပ္ပံရှုထောင့်မှရေးသော ဇနသုခ နိဒ္ဒိဌဆေးကျမ်း ဟူ၍ပေါ်လာသည်။ ငှက်ဖျား၊ ကာလသား၊ ရင်ဘတ်နာမှ စ၍အရေးကြီးသော အနာရောဂါ (၂၇)မျိုးတို့နှင့် ဆေးများကို ဖော်ပြထားသည်။ ဤသို့လျှင် မြန်မာ့အစဉ်အဆက် သီပေါမင်းလက်ထက်အထိ ဆေးပညာဆိုင်ရာတွင် (၁) ဗိန္ဒော (၂) ဓာတ် (၃) နက္ခတ် (၄) ဘရင်ဂျီ (၅) ပယောဂဟူ၍ စနစ် (၅)မျိုးရှိခဲ့သည်ဟု မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၌ ပြဆိုထားသည်။

## ၈။ ကိုလိုနီခေတ်တိုင်းရင်းဆေးပညာ(အေဒီ ၁၈၈၆ မှ ၁၉၄၈ ထိ)

### အေဒီ ၁၈၈၆-၁၉၂၇

- မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံး ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့သည့် အချိန်တွင် ဝိသုဒ္ဓသိလာ စာရသီရိပဝရ ဓမ္မသေနာပတိ ဘွဲ့တံဆိပ်တော်ရ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဩသဓေဂ်ဟဆေးကျမ်းကို ပြုစုခဲ့ပြီး ထိုကျမ်းတွင် အာယုဗ္ဗေဒ ဆေးကျမ်း အချို့နှင့် ဆရာစဉ်ဆက် လက်တွေ့ကုထုံးဆေးနည်းများကို မပျောက်ပျက်စေရန် မှတ်စုသဖွယ် စုပေါင်း ပြဆိုထားသည်။

- "ဝိနယပိဋကမဟာဝဂ္ဂ ဘေသဇ္ဇခန္ဓက" လာ ဆေးနည်းများကို ပြဆိုသော "ဗုဒ္ဓတိကိစ္ဆာပဒေသ" အခန်းနှင့် ရှေးသမားစဉ်ဆက်တို့ လက်တွေ့သုံးစွဲလာကြသည့် ကုထုံးများကိုပြဆိုသော "အာစရိယ မုဋ္ဌိတိကိစ္ဆာ ပဒေသ" ခန်းတို့ ပါဝင်သည်။ ဤသို့ ကုထုံးအပိုင်းအခန်းများကို ခွဲခြားပြီး ပဒေသာပင်မှ လိုရာပစ္စည်း များကို အလွယ်တကူ ဆွတ်ခူးသုံးစွဲရသကဲ့သို့ ဤကျမ်းမှလည်း လိုရာဆေးနည်းများကို ယူငင်သုံးစွဲ နိုင်ကြမည်ဖြစ်ကြောင်း ကျမ်းအမည်ကိုလည်း "ဘေသဇ္ဇကပ္ပဒုမ" ဟု မှည့်ခေါ်ခဲ့သည်။

- တောင်သာဆရာကြီး ဆရာမှုန့်သည် မိမိတီထွင်သော (၆)လုံးကောက်ဆေးပညာကို သားများဖြစ်သူ တောင်သာမြို့၊ မြို့မကျောင်းတော်နေ ရဟန်းတော် ဦးအာစရနှင့် ဆေးဆရာဦးမှဲ့တို့အား လက်ထပ် သင်ကြားပေးခဲ့ သည့်အပြင် ဆေးပညာလာရောက်ဆည်းပူးကြသည့် ဦးပန်းသာ၊ ဦးဖိုးမင်း၊ ဆရာကဲ၊ ဦးချမ်းသာ စသော များလှစွာသော တပည့်တို့အား သင်ကြားပေးခဲ့သည်။

- ဆရာကြီးဆရာမှုန့်သည် မြန်မာသက္ကရာဇ် ၁၂၃၉ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။ တောင်သာဆရာကြီး မရှိတော့ သော်လည်း တောင်သာဆေးပညာသည် သီပေါမင်းလက်ထက်ကစ၍ ယနေ့ခေတ်အထိ ထွန်းကားဆဲပင် ဖြစ်သည်။

- ဆရာကြီး ဆရာမှုန့် ကွယ်လွန်ပြီးနောက် သားဖြစ်သူ ဦးအာစရနှင့် ဆရာမှဲ့တို့သည် တောင်သာ ဆေးပညာကို ဆက်လက်ပြန့်ပွားတိုးတက်စေရန် များစွာကြိုးပမ်းခဲ့ကြသည်။ ဆရာမှဲ့သည်ခြောက်လုံးငှီကာ ခေါ် တောင်သာ (၆)လုံးနည်း၏ အကျယ်ကိုပါ ရှင်းလင်းရေးသားခဲ့သည်။ ထိုဆေးကျမ်းတွင် အပူအကြောင်းခံသည့် ကက္ခဠ၊ ဝိတ္ထမ္ဘိတ၊ ပရိဿဝ ဟူသော အပူနာ (၃)မျိုးနှင့် အအေးအကြောင်း ခံသည့် သင်္ဂဟိတ၊ ပြုဟန၊ ပဋ္ဋရဏဟူသော အအေးနာ (၃)မျိုးတို့ကို မူတည်၍ ထိုရောဂါတို့၏ လက္ခဏာများ၊ ကုထုံးဆေးချက်များကို ဖော်ပြထားသည်။

- ခြောက်လုံးကောက်ဋီကာကျမ်းသည် ၁၉၆၂ ခုနှစ်မှစ၍ (၅)ကြိမ်တိုင်အောင် တော်လှန်ရေးအစိုးရက ကျင်းပစစ်ဆေးခဲ့သော ဆေးကျမ်း(၁၁)ကျမ်းအနက် တစ်ကျမ်းအပါအဝင်ဖြစ်သည်။ ထို့ပြင် မန္တလေးနေ လူကြီး(၆)ဦးတို့ တောင်းပန်သဖြင့် ပုလိပ်ကပ်ရောဂါ ကုထုံးဟူသော ကျမ်းကိုလည်း ရေးသားခဲ့သည်။

- တောင်သာဆရာကြီး ဆရာမှုန်၏ ထင်ရှားသော လက်ရုံးတပည့်ကြီးများအနက် တစ်ဦးဖြစ်သော သုံးဆယ်မြို့ ကျောင်းဒါယကာကြီးဦးပန်းသာသည် "ဓာတုဝိနိစ္ဆယရူပကဏ္ဍ" ဆေးကျမ်းကို မြန်မာ သက္ကရာဇ် ၁၂၄၅ ခုနှစ်၊ အသက် (၅၁)နှစ် အရွယ်တွင် ပြုစုရေးသားခဲ့သည်။

- "ဓာတုဝိနိစ္ဆယရူပကဏ္ဍ" ဆေးကျမ်းတွင် ခန္ဓာကိုယ်၌ပါဝင်ဖွဲ့စည်းထားသော မဟာဘုတ် (၄)ပါးနှင့် အမှီရုပ်များ အကြောင်းမှစ၍ ရောဂါများအကြောင်း၊ ဥတုရာသီအကြောင်းများနှင့် ရောဂါအလိုက် ကုထုံးကုသနည်းများ၊ ဆေးနည်းများ၊ ယင်းတို့၏ အကျိုးအာနိသင်များ၊ တိုက်ကျွေးကုသနည်း များကိုရေးသားထားသည်။ ယင်းဆေးကျမ်းသည် ၁၉၆၂ ခုနှစ်မှစ၍ တော်လှန်ရေးအစိုးရက ကျင်းပ ပြုလုပ်သော တိုင်းရင်းဆေးဆရာ အရည်အချင်း စစ်ဆေးစာမေးပွဲတွင် ဒေသနာနယအတွက် ပြဋ္ဌာန်းသည့် ကျမ်းများအနက် တစ်ကျမ်းအဖြစ် ပါဝင်ခဲ့သည်။ "ဗျာမိဝိသေလ" ခေါ် ကျောက်ရောဂါကုထုံး ဆေးကျမ်း ကိုလည်း မြန်မာသက္ကရာဇ် ၁၂၅၆ ခုနှစ်တွင် ရေးသားပြုစုခဲ့သည်။

- တောင်သာဆေးပညာကို မှတ်တမ်းတင်ရာတွင် ပဲခူးမြို့နယ်၊ ဥက္ကံရွာနေ ဆရာကြီး ဦးချမ်းသာ၏ "ပရမတ္ထလက္ခဏာ တောင်သာခြောက်လုံးဋီကာ အဖြေကျမ်း" ကိုလည်း ချန်လှပ်ထား၍ မရပေ။ ဆေးကုသရာတွင် ဆရာကြီးဦးချမ်းသာသည် မပျောက်ကင်းသူမရှိသလောက်ဖြစ်၍ ကုသမှု၌ အလွန် ကျွမ်းကျင် ထူးချွန်သော ဆရာကြီးဟု ပြောစမှတ်ပြုကြသည် ထူးခြားချက်ကား ဆရာကြီးသည် မိမိ၏ကျမ်းကို "ပရမတ္ထလက္ခဏာ တောင်သာ ခြောက်လုံးဋီကာ အဖြေကျမ်း" ဟု မှည့်ထားသော်လည်း (၆)လုံးကိုသာ အဖြေပေးကာ ဖွင့်ဆိုထားခြင်း မဟုတ်ဘဲ၊ အပူနာ (၆)ပါး၊ အအေးနာ (၆)ပါးအားဖြင့် (၁၂)လုံးကောက်အဖြစ် ပြဆိုခဲ့သည်။ ဆရာကြီးဦးချမ်းသာသည် သာသနာနှစ် ၂၄၈၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်၌ "ဓာတုဝိနိစ္ဆယဋီကာ" ဟူသော ကျမ်းကို ပြုစုခဲ့သည်။

- ဘုန်းတော်ကြီး ဦးနာဂသည် တောင်သာဆရာကြီး ဆရာမှုန်၊ ဆရာမဲ့နှင့် ၎င်းတို့၏တပည့် ဆရာမြိုင် တို့ထံတွင် အတွင်းနေ လက်ထောက်တပည့်အဖြစ်ဖြင့် ဆေးပညာသင်တန်းတက်၍ လက်တွေ့ ကုညီကုသပေးခဲ့သည်။ တောင်သာဆရာကြီးများ၏ နည်းနာနိဿယကို လက်ဆုပ်လက်ကိုင်

ရရှိသူများတွင် အပါအဝင်ဖြစ်သည်။ "တိဖလစိန္တာ ဓာတုသိဒ္ဓိ" မည်သော ဆေးကျမ်းကို မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ်တွင် ရေးသားရိုက်နှိပ်ခဲ့သည်။

- ဦးကဲသည် တောင်သာဆရာကြီး ဆရာမှုန်၊ ဆရာမဲ့တို့နှင့်အတူနေထိုင်၍ တောင်သာဆေးပညာကို လက်ထပ်သင်ယူခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုဆရာကြီးသည် တောင်သာဆရာကြီး တီထွင်ကြံဆခဲ့သော အပူနာ (၃)မျိုး၊ အအေးနာ(၃)မျိုးတို့ကို ဆင့်ပွားတိုးချဲ့ကာ အပူနာ (၆)မျိုး၊ အအေးနာ (၆)မျိုး သတ်မှတ်လျက် ကုသခဲ့ခြင်းမှာ တောင်သာ နည်းလမ်းစဉ်လာတွင် ထူးခြားချက်တစ်ရပ်ဟု ဆိုရမည်။ ဓာတုဒီပနီ၊ ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းတို့မှ ကောက်နုတ်ချက်များကိုထည့်သွင်း၍ "ဇီဝိတဝမှုန" ဆေးကျမ်း တစ်စောင်ကိုလည်း ပြုစုခဲ့သည်။

- တောင်သူလယ်သမားတို့၏ ခေါင်းဆောင်ကြီးဖြစ်သော ဂဠုန်ဆရာစံသည် တစ်ဖက်မှ နိုင်ငံလွတ်လပ်ရေး အတွက် ဦးဆောင်ကြိုးပမ်းခဲ့သည်နှင့်အမျှ တစ်ဖက်ကလည်း ရောက်ရာအရပ်တွင် မိမိတတ်ထားသော ဆေးပညာဖြင့် ပြည်သူတို့၏ကျန်းမာရေးကို စောင့်ရှောက်ကုသလမ်းညွှန်ပြခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၇၈ တွင် ဖြောင့်မတ်မှန်ကန်သော ဓာတ်လက္ခဏာကျမ်းဟု အဓိပ္ပာယ်ရသည့် "လက္ခဏူဇု" ဆေးကျမ်း ကို ရေးသားခဲ့သည်။

- ဆရာမဲ့၏တပည့် ဦးရွှေသာသည် ပဝတ္တိသာစည် ဖြစ်သည်။ ဆေးကုသမှု ကျွမ်းကျင်၍ အဘိဓမ္မာ တတ်ကျွမ်းကြသည်ဟု ပြောစမှတ်ပြုကြသည်။ ဦးမောင်ကလေးသည် ဆရာမဲ့၏တပည့် မန္တလေးဇာတိ ပဝတ္တိပျော်ဘွယ် ဖြစ်သည်။ကျောက်ဆည်နယ်၌ အလွန်ထင်ရှားသော ဆရာကြီးဖြစ်သည်။ ဆရာဂုံးသည် ဆရာမဲ့၏တပည့် တောင်သာဇာတိဖြစ်ပြီး ဆရာမဲ့ဆေးကုသွားတိုင်း လိုက်ပါနေကြ ဖြစ်သဖြင့် ကုထုံးကောင်းသည်ဟု ဆိုစမှတ်ပြုခဲ့ကြသည်။ ရမည်းသင်းနယ်၊ ရန်အောင်ဇာတိဖြစ်သော ဆရာညိုနှင့် ပြွန်တန်ဆာဇာတိ၊ ပဝတ္တိ မော်လမြိုင်နေ ဆရာပွားတို့သည်လည်း ဆရာမဲ့၏တပည့်များပင် ဖြစ်ကြသည်။ ဆရာလူသည် မန္တလေးဇာတိဖြစ်သည်။ မင်းလှဗေယျသူဟူသောဘွဲ့နှင့် စကြာဒေဝီ အရှင်နန်းမတော်ကြီး၏ စာရေးတော်ကြီးအဖြစ်လည်း အမှုထမ်းခဲ့သည်။ ဆရာလူ၏ဖခင်မှာ ဦးသာ ဖြစ်ပြီး ဦးသာသည် ဆရာမဲ့၏ တိုက်တွန်းချက်အရ ခြောက်လုံးကောက်ဋီကာကို ပါဠိဘာသာဖြင့် ရေးသားခဲ့သူဖြစ်သည်။ ဆရာလှိုင်သည် ပုပ္ပါးမြို့သူကြီး၏ သားဖြစ်ပြီး ဆရာမဲ့၏ တပည့်ပင်ဖြစ်သည်။ မန္တလေးမြို့တွင် နေထိုင်ပြီး ဆေးဝါးကုသရာတွင် ခဲရာခဲဆစ်ကို ကုသနိုင်သည်ဟု ပြောစမှတ်ပြုကြသည်။

♦ ရဟန်းတော် ဦးအာစရ၏တပည့် ပဝတ္တိ မန္တလေးနေ ဆရာကြီးဦးဘေသိန်းသည် ရဟန်းဘဝနှင့် ကြာရှည်စွာ စာချခဲ့ဘူးသူဖြစ်သည်။ အင်္ဂလိပ်မင်းလက်ထက်၌ မန္တလေးမြို့တွင် ထင်ရှားသော တောင်သာဆေးဆရာတစ်ဦး ဖြစ်သည်။ ဆရာသိမ်းသည် တောင်သာဂိုဏ်းဝင် ထနောင်းတိုင် ဆရာကြီး ဦးသက်တင်နှင့် ဆရာလူ၊ ဆရာလှိုင်တို့၏တပည့်၊ မန္တလေးဇာတိ ပဝတ္တိပျော်ဘွယ် ဖြစ်သည်။ တဖန် ပျော်ဘွယ်မှ မန္တလေးသို့ ပြောင်းရွှေ့နေထိုင်ကာ တောင်သာဆေးပညာ ပြန့်ပွားရေးအတွက် ဆက်လက်၍ ကြိုးပမ်းခဲ့သည်။

♦ ခံဖူးဆရာတော်သည် မိတ္ထီလာမြို့မြောက်ဘက် (၁၂)မိုင်ခန့်အကွာ ခံဖူးရွာ၌ သီတင်းသုံးတော်မူသောကြောင့် ခံဖူးဆရာတော်ဟု ခေါ်တွင်သည်။ လူနာ၏ရုပ်လက္ခဏာ ရောဂါအခြေအနေကို အဓိကထား၍ ကြည့်ရှုဆင်ခြင်ခြင်းမရှိဘဲ လူနာ၏အသက်ကိုတည်၍ (၇)ခု သို့မဟုတ် (၈)ခုနှင့်စားပြီး ကြွင်းသည့်ဂဏန်းအလိုက် ကျရာဓာတ်စာများကိုပေး၍ ကုသနေသည့် အချို့သောဆေးဆရာတို့၏ ကုသပုံကုသနည်းများကို ဆရာတော်က ကျေနပ်နှစ်သက်ခြင်း မရှိပေ။ "နရသုခကာရီ" မည်သော "ခံဖူးလက်တွေ့ကုထုံး" ခေါ် "သက်စောင့်ဆေးကျမ်း" ကို ရေးသားပြုစုတော်မူသည်။ ဆေးပညာကို လေ့လာလိုက်စားသူတို့အဖို့ အသိခက်လျက်ရှိနေသော လေမျိုးရှစ်ဆယ်နှင့်ဆိုင်သည့် သဘောအဓိပ္ပာယ်များကို နားလည်ကြစေရန် သဘောလက္ခဏာများနှင့် ဖြစ်ပွားပုံ ကုသရပုံအချင်းအရာတို့ကို "လေမျိုးရှစ်ဆယ်ဋီကာ" ဟူသော အမည်ဖြင့် (နောက်ဆက်တွဲကျမ်း)ကို မြန်မာသက္ကရာဇ် ၁၂၈၈ ခုနှစ်၊ ပထမဝါဆိုလတွင် ရေးသား၍ပြီးသည်။

♦ သာယာဝတီခရိုင်၊ မင်းလှမြို့၊ ကျောက်တံခါးတောရ ဆရာတော်ကြီး ဦးနရိန္ဒအရှင်မြတ်သည် "ဓာတုစိန္တာ" ဓာတ်ကျမ်းကို ပြုစုခဲ့သည်။ မြန်မာဖြစ်ဆေးကျမ်းတို့တွင် ထိုကျမ်းသည်လည်း ပြောပလောက်အောင် ထူးခြားသည့် ဆေးကျမ်းတစ်ကျမ်း ဖြစ်ပေသည်။ "ဓာတုစိန္တာ" ဟူသောအမည်နှင့် လိုက်လျောစွာ ကျန်းမာရေးအတွက် ဓာတ်သဘာဝများအပေါ် ထူးခြားဆန်းသစ်သော တွေးခေါ် ကြံစည်ထားပုံတို့ကို တွေ့ရသည်။ ကျမ်း၌ ဗုဒ္ဓပိဋကတ်တော်လာရုပ်ဓါတ်သဘာဝများကို အခြေခံ၍ ကြံစည်ထားပုံကို တွေ့ရသည်။ ကြံစည်ရာတွင် တေဇော၏သဘောကို အများဆုံးအခြေခံထားသည်။ ကျမ်းဆရာကိုယ်တိုင်ကလည်း "၄င်းတေဇောဓာတ်ကြီး ကိုပင် ပဓာနပြု၍ ဓာတုစိန္တာဟူသော အမည်နှင့် ကျမ်းအသစ် တီထွင်လိုက်သည်" ဟု ပြဆိုထားသည်။ "ရောဂမူလံ အဇိဏ္ဏကံ" ဟူသော အာယုဗ္ဗေဒ အဆိုပြုချက်နှင့်လည်း ကိုက်ညီသည့်အပြင် "ဝမ်းတလုံးကောင်း၊ ခေါင်းမခဲ"ဟူသော မြန်မာ့စဉ်လာ ဆိုရိုးနှင့်လည်း ကိုက်ညီသည်။

♦ ရဟန်းဘဝတွင် မိုးတား ဦးပညိန္ဒဟူ၍လည်းကောင်း၊ လူဝတ်ကြောင်ဘဝတွင် အာယုဗွေဒဆေးဆရာကြီး ဦးစံတင့် ဟူ၍လည်းကောင်း ထင်ရှားသည်။ ထိုဆရာကြီး၏ မာဓဝနိဒါန်းဆေးကျမ်းချနည်းကို တပည့်ဖြစ်သူ အရှင်ဥာဏဝံသမထေရ်က နိဿယပြန်ဆိုရေးသားခဲ့သည်။ ထို့ပြင် ဆရာကြီး၏ တပည့်များဖြစ်သော ဆရာမှီနှင့် သျှရီလှတင်တို့ကလည်း ယင်းနိဿယကိုပင် ကုထုံးများဖြည့်စွက်၍ အဓိပ္ပာယ် စကားပြေနှင့်တကွ မာဓဝနိဒါန်း ကုထုံးကျမ်းဟု အမည်တပ်ကာ ရေးသားခဲ့ကြသည်။

♦ စစ်ကိုင်းမြို့မှ ဆရာကြီး ဆရာဘသည် ဘာဝပ္ပကာသဆေးကျမ်း မြန်မာပြန်ကိုလည်းကောင်း၊ ကျောက်ဆည်မြို့မှ ဆရာကြီး ဆရာမင်းသည် မြန်မာသက္ကရာဇ် ၁၂၉၈ ခုနှစ်မှစ၍ မိမိပို့ချခဲ့သော သာရဂ်ဓရစသော အာယုဗွေဒဆေးကျမ်းတို့ကို စုစည်း၍ "အာယုဗွေဒသိရောမဏိ" မည်သော ဆေးကျမ်းကိုလည်းကောင်း၊ မေမြို့ဆရာချင်းသည် ဆေးပစ္စည်းတို့၏ ဂုဏ်၊ ဝိပါက၊ ပဘာဝ စသည်တို့ကို ဖော်ပြသည့် "ဗယဆေးဂုဏ် ပေါင်းချုပ်ကျမ်း" နှင့် ပါဠိဘာသာဖြင့် "နိဃဏ္ဍု ဘူသနဆေးကျမ်း"ကို လည်းကောင်း၊ အာယုဗွေဒဆေးပညာ ထွန်းကားတိုးတက်ရေးအတွက် ရေးသားပြုစုခဲ့ကြသည်။

♦ မန္တလေးမြို့မှ ဆရာကြီး ဦးကျော်ရန်သည် အခြား မြန်မာ့အကျိုးများကို ဆောင်ရွက်ခဲ့သည့်အပြင် တိုင်းရင်းဆေးပညာ ထွန်းကားပြန့်ပွားရေးကိုလည်း ကြိုးစားအားထုတ်သွားခဲ့သည်။ မြန်မာနိုင်ငံတွင် ပေါက်ရောက်သော ဆေးပင်များ ပြန့်ပွားရေးအတွက် ဆေးဥယျာဉ်ကြီးတစ်ခုကို ထူထောင်ခဲ့သည်။ ဆေးဆရာအသင်းဖွဲ့စည်းပြီး ဥက္ကဋ္ဌအဖြစ် ဦးဆောင်လမ်းညွှန်မှု ပြုခဲ့သည်။ ထိုကဲ့သို့ ဆေးပညာ တိုးတက်ရေးအတွက် ကြိုးပမ်းခဲ့သူဖြစ်၍ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားက ဦးကျော်ရန်အား "သီရိဘိသက္ကကဝိဇေ" ဘွဲ့နှင့် "ဘိသက္ကသိဒ္ဓိ ဇေယျကျော်ထင်" ဘွဲ့ တို့ကို ချီးမြှင့်တော်မူခဲ့သည်။

♦ ဟင်္သာတမြို့၊ အဂ္ဂမဟာပဏ္ဍိတ၊ ဒုတိယ(ဟင်္သာတ)လယ်တီဆရာတော်ဘုရားကြီးသည် "ဘေသဇ္ဇ ကရဏကျမ်း"နှင့် ကျန်းမာရေးလမ်းညွှန်တို့ကို ပြုစုတော်မူခဲ့သည်။ ဟင်္သာတမြို့ အဂ္ဂမဟာပဏ္ဍိတ အဘိဇမဟာရဋ္ဌဂုရုဓွဇ ရှုဒ္ဓါရ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် "ဓာတုသင်္ခေပ ဘေသဇ္ဇကျမ်း"ကို ပြုစုတော်မူခဲ့သည်။ အဘယာရာမရွှေကူတိုက် ဆရာတော်ကြီးသည်လည်း သုဿုတဆေးကျမ်းကြီး၏ သရီရဋ္ဌာနကို မြန်မာပြန်ဆို၍ ပို့ချခဲ့သည်။ "ကျန်းမာရေးလမ်းညွှန်" ဟူသောအမည်ဖြင့် ကျမ်းတစ်ကျမ်းကို လည်းပြုစုခဲ့သည်။

♦ ပျဉ်းမနားဆရာသင်သည် ပရမတ္ထအလင်းပြနှင့် ဗိန္ဒောအလင်းပြကျမ်း၊ ပရမတ္ထအလင်းပြ သံခိပ်ဋီကာ၊ ဓာတုရသအလင်းပြကျမ်း၊ ဗေဒသိပ္ပံကျမ်းများကို ပြုစုရေးသားခဲ့သည်။ ဗိန္ဒောအလင်းပြဆေးကျမ်းကို မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ်တွင် ပြီးဆုံးသည်။ ဆရာကြီးသည် ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော် အစိုးရက ရွေ့ပြောင်းတိုင်းရင်းဆေးဆရာအဖွဲ့ ဖွဲ့စည်းရာတွင် ပါဝင်ခဲ့ပြီးလျှင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ များ၌ အစိုးရ၏အခမဲ့ တိုင်းရင်းဆေးပေးခန်း(၉)ခန်းစီ ဖွင့်လှစ်အပြီး မကြာမီမှာပင် ကွယ်လွန်ခဲ့သည်။

♦ သဘာဝဓမ္မဆေးပညာကို ဆရာတော်ဦးက္ကန္ဒြိယက စတင်တီထွင်ခဲ့သည်။ ဆရာတော်သည် တောင်သာ ဆေးပညာလာ၊အပူနာ (၃)မျိုးနှင့် အအေးနာ (၃)မျိုးတို့အနက် အပူနာကို (က)၊ အအေးနာကို (ခ) ဟု မှတ်လွယ်စေရန် သတ်မှတ် ခေါ်တွင်စေလျက် အပူနာ (၄)မျိုးကို က-၁၊ က-၂၊ က-၃၊ က-၄ အမည်ပေး၍လည်းကောင်း၊ အအေးနာ (၄)မျိုးကို ခ-၁၊ ခ-၂၊ ခ-၃၊ ခ-၄ ဟု အမည် ပေး၍လည်းကောင်း ရောဂါလက္ခဏာများနှင့် ကုထုံးကုနည်းများကိုပါ သတ်မှတ်တီထွင်ခဲ့သည်။ ဆရာတော်သည် "သဘာဝဓမ္မ ဓာတုရသခန်း" ခေါ် ဆေးကျမ်းကို ရေးသားရိုက်နှိပ်တော်မူခဲ့သည်။ ဆရာတော် မရှိသည့်နောက် ကျန်ရစ်သော တပည့်ကြီးများဖြစ်သော ထီးတန်းသဘာဝဓမ္မ ဒုတိယဆရာတော် ဦးစိန္တာ၊ သဘာဝဓမ္မ ဦးတင်ဝင်း၊ သဘာဝဓမ္မဆရာသန်းစသော ပုဂ္ဂိုလ်များက သဘာဝဓမ္မ ဆေးပညာပြန့်ပွား တိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းခဲ့ကြသည်။

## ၁၉၂၈-၁၉၄၀

♦ ဗြိတိသျှအစိုးရလက်ထက် ၁၉၂၈ ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနက တိုင်းရင်းမြန်မာဆေးပညာနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးပြီးအစီရင်ခံစာတင်သွင်းရန် ဆုံးဖြတ်ချက် အမှတ် ၁၄၈-၂၈ အရ၊ တိုင်းရင်းဆေးပညာ စုံစမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့တွင် သဘာပတိအဖြစ် လက်ဖတင်နင်ကာနယ်ဘခက်၊ ဒေါက်တာသာနု၊ ဒေါက်တာမောင်ကလေး၊ ဒေါက်တာသိမ်းမောင်၊ တောင်သာဆရာလှ(သထုံ)၊ ဆရာမောင်မောင်လတ်၊ ဆရာဦးကြွယ်၊ ဆရာဆိုင်၊ ဆရာဆင်၊ ဆရာညိုနှင့် အတွင်းရေးမှူး ဒေါက်တာရွှေခဲ တို့ပါဝင်သည်။ အဆိုပါကော်မတီသည် (၂)နှစ်တာမျှ စုံစမ်းကြပြီးလျှင် ၁၉၃၀ ခုနှစ်၊ ဇန်နဝါရီလတွင် အစီရင်ခံစာ တင်သွင်း၍ ယင်းအစီရင်ခံစာကို ပြည်သူများသိရှိနိုင်ရန် ထုတ်ပြန်ကြေငြာခဲ့သည်။ (ဤအစီရင်ခံစာသည် ကာနယ်ဘခက် အစီရင်ခံစာဟု ထင်ရှားလာသည်)

- အစီရင်ခံစာတွင် (၁) ဆေးဆရာများအား စာမေးပွဲပြုလုပ် စစ်ဆေးပေးရေး (၂) ဆေးဆရာများအား မှတ်ပုံတင်ရေး (၃) ဆေးသင်တန်းကျောင်းဖွင့်လှစ်ရေး (၄) ဆေးပေးခန်းနှင့် ဆေးရုံဖွင့်လှစ်ပေးရေး (၅) ဆေးဥယျာဉ် စိုက်ပျိုးရေးစသည့် တိုင်းရင်းဆေးပညာတိုးတက်ရေးအတွက် လုပ်ဆောင်ပေးသင့်သော အချက်များကို ထည့်သွင်းအစီရင်ခံခဲ့ပေသည်။

- ဆေးသင်တန်းကျောင်းဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ ပါရှိရမည့် ဘာသာရပ်များမှာ (၁) ဒေသနာ (၂) ဗိန္ဒော (၃) ဇေဒင် (၄) ပယောဂ တို့ဖြစ်ကြသည်။ ဒေသနာနည်းအတွက် ပိဋကတ်သုံးပုံမှ အခြေပြုထားသည့် တောင်သာဆရာကြီးများ၏ ကျမ်းစာများကိုပဓာနထား၍ ထည့်သွင်းရန် အကြံပေးထားသည်ကို တွေ့ရှိရသည်။

- ဗိန္ဒောနည်းအတွက် ဓာန္တုရီဘေသဇ္ဇမဥ္ဇူသာ၊ ဓာတုဝိဘာဂဒီပနီစသော အာယုဗ္ဗေဒကျမ်းများကို ပဓာနထား၍ ထည့်သွင်းရန် အကြံပေးထားသည်ကို တွေ့ရသည်။ ဇေဒင်နည်းအတွက် သံဒိဋ္ဌပြဟဒ်၊ အာဒိကပ္ပဒွါဒသိမ်၊ တြိသတ် စသော ကျမ်းများကို ထည့်သွင်းရန် အကြံပေးထားသည်။

- ပယောဂနည်းအတွက် ပရိတ်တော် ကဝေသာရ ကပ္ပါလင်္ကာရ သရဖူအင်း အင်္ဂုတ္တိုရ်စသည်တို့မှ ကောက်နုတ်သင်ကြားရန် အကြံပေးထားသည်။ ထို့ပြင် အင်္ဂလိပ် အနောက်တိုင်း ကိုယ်ခန္ဓာပညာ အကြောင်းကိုလည်း ကောက်နုတ်သင်ကြားရန် အကြံပေးထားသည်။ (ဆရာကြွယ်၏ အကြံပေးချက်ဖြစ်သည်။)

- ဆရာကြီးဦးကျော်ရန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တိုင်းရင်းဆေးပညာအသင်းချုပ်ကြီးကို ဝန်ကြီးချုပ် (ထိုခေတ်အခေါ် နန်းရင်းဝန်ကြီး)ဂဠုန်ဦးစော၏ တိုက်တွန်းမေတ္တာရပ်ခံချက်အရ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာဆေးပညာအသင်းချုပ်ကြီးနှင့် ဆက်သွယ်ပူးပေါင်းလိုက်ကြသည်။ ထိုအချိန်ကစ၍တိုင်းရင်းသားဆေးပညာအသင်းချုပ်ကြီးဟူသောအမည်အစား မန္တလေးတိုင်းရင်းသားဆေးပညာအသင်းစုဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ထိုနှစ်သင်းမှအပ ကျန်အသင်းအဖွဲ့များလည်း ရှိဟန်တူသည်။

- ၁၉၃၂ ခုနှစ်က မြန်မာ့ဆေးပညာစုံစမ်းမှုအဖွဲ့ အစီရင်ခံစာနှင့် ၄င်းအစီရင်ခံစာကို ပြန်လည် စစ်ဆေးသော မေဂျာမင်းစိန်၏ အစီရင်ခံစာကို ဝန်ကြီးချုပ် ဂဠုန်ဦးစော ကြည့်ရှုသုံးသပ်ရာတွင် ထိုအစီရင်ခံစာများအရ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် မန္တလေးနှင့် ရန်ကုန်မြို့

တို့တွင် မြန်မာသမားတော်ကြီးများနှင့် တွေ့ဆုံဆွေးနွေးပြီးလျှင် ကျန်းမာရေးဝန်ကြီး ဦးသာယာဝတီမောင်မောင်နှင့် တိုင်ပင်ကာ အနောက်တိုင်းဆေးပညာနှင့် မြန်မာဆေးပညာတတ်ကျွမ်းသည့် ပုဂ္ဂိုလ်ကြီးများကို မိမိရုံးခန်းသို့ ဖိတ်ခေါ်ကာ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲအပြီးတွင် ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ပထမခြေလှမ်းအဖြစ် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။

♦ ထိုကော်မတီက အောက်ပါလုပ်ငန်းများကို စီမံဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

၁။ မြန်မာဆေးနှင့် စပ်လျဉ်းသည့် နည်းလမ်းအစီအစဉ် စနစ်များကို စီမံရန်နှင့် မြန်မာပြည်လုံးဆိုင်ရာ ဆေးဗဟိုအသင်းချုပ်ကြီး ဖွဲ့စည်းရန်။

(က) အဖွဲ့က အတည်ပြုသော ဆေးကျောင်းစသည်တို့ကို အသိအမှတ်ပြုခြင်းသော်လည်းကောင်း၊ ငွေကြေးထောက်ပံ့ခြင်းသော်လည်းကောင်း၊ သို့မဟုတ် ၂ မျိုးလုံးသော်လည်းကောင်း ပြုလုပ်ရန်၊

(ခ) ထိုကဲ့သို့သော ကျောင်းများနှင့် ဌာနများအတွက် စစ်ဆေးနိုင်သော အရာရှိများ ခန့်ထားရန်၊

(ဂ) ဆေးပညာသင်ခန်းစာများ ပြဋ္ဌာန်းရန်၊

(ဃ) အစမ်းစာမေးပွဲများနှင့် စာမေးပွဲကြီးများ ပြုလုပ်ရန်၊

(င) ဆေးရုံများ တည်ထောင်ခြင်းကို အားပေးရန်၊

၂။ သူနာပြုစုနည်းနှင့် ခန္ဓာဗေဒဘာသာရပ်များကို သင်ကြားပေးရာတွင် ဆရာဝန်များ၏ ပူးပေါင်းကူညီမှုကို ရယူရန်။

၃။ လက်မှတ်ရသူများအား မည်သည့်အထောက်အကူမျိုး ပေးသင့်သည်ကို စဉ်းစားဆုံးဖြတ်ရန်။

၄။ အသိအမှတ်ပြုပြီးဖြစ်သည့် ဆေးရုံများအား အကူအညီပေးခြင်း၊ သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်း ပြုသင့်ပုံများကို စဉ်းစားဆုံးဖြတ်ရန်။

၅။ အဖွဲ့တွင် ထပ်မံဖြည့်စွက်ခြင်းနှင့် ကျယ်ပြန့်သော ရည်ရွယ်ချက်များကို ဆောင်ရွက်ရာ၌ မည်သည့် ကိစ္စကိုမဆို ပြုလုပ်နိုင်ခွင့်အာဏာ ကော်မတီတွင်ရှိသည်။

## ၁၉၄၁-၁၉၄၈

♦ ၁၉၄၁ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့တွင် ဝန်ကြီးချုပ် ဂဠုန်ဦးစော၏ရုံးခန်း၌ အဆိုပါ ကော်မတီဝင်များပါဝင်သည့် အစည်းအဝေးကို ပြုလုပ်ကြရာ ဝန်ကြီးချုပ်ဂဠုန် ဦးစော၊ ကျန်းမာရေးဝန်ကြီး ဦးသာယာဝတီမောင်မောင်၊ မြန်မာဆေးပညာအသင်းချုပ်ကြီးဥက္ကဋ္ဌ ဆရာငြိမ်းတို့ ပါဝင်ဆွေးနွေးကြသည်။

♦ အစည်းအဝေးတွင် ဆေးဆရာများ ညီညွတ်ရန် အရေးကြီးသည့်အတိုင်း ယခုနေ့မှ တစ်လအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာဆေးဆရာများ အစည်းအဝေးကြီးခေါ်ယူရန်နှင့် တစ်ခုတည်းသော အဖွဲ့ချုပ်ကြီး ဖြစ်မြောက်အောင် ပူးပေါင်းဆောင်ရွက်ကြရန် ယင်းသို့ ဖြစ်မြောက်ပါလျှင် အစိုးရက အကူအညီပေးမည်ဟု ဝန်ကြီးချုပ် ဂဠုန်ဦးစောက ပြောဆိုခဲ့သည်။ ရန်ကုန်မြို့ မက်သဒစ်ကျောင်း၌ မြန်မာနိုင်ငံလုံးဆိုင်ရာဆေးဆရာများ ညီလာခံကြီးတစ်ရပ်ကို ခေါ်ယူကျင်းပခဲ့သည်။ ထိုညီလာခံကြီးသို့ ဝန်ကြီးချုပ်ဂဠုန်ဦးစောနှင့်တကွ အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

♦ ၁၉၃၀ ပြည့်နှစ်တွင် တိုင်းရင်းဆေးပညာစုံစမ်းရေးကော်မတီ အစီရင်ခံစာပေါ် ထွက်လာချိန်ကစ၍ ထိုအစီရင်ခံစာပါ အချက်များအတိုင်း အင်္ဂလိပ်အစိုးရက တိုင်းရင်းမြန်မာဆေးဆရာများအား အနောက်တိုင်း ဆေးပညာဆိုင်ရာ အခြေခံအချက်အလက်များ တက်မြောက်ရေးအတွက် ယင်းသင်တန်းကို မန္တလေးမြို့၌လည်းကောင်း၊ ရန်ကုန်မြို့၌လည်းကောင်း ဖွင့်လှစ်ခဲ့သည်ဟု အဆိုရှိသည်။ မန္တလေးမြို့တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းနှင့် စပ်လျဉ်း၍ ယင်းသင်တန်းတွင်တက်ခဲ့ကြသည့် မန္တလေးမြို့ ဆရာမှဲ့၊ ရွှေဘိုဆရာသြ တို့ထံမှ စုံစမ်းသိရှိရသမျှကို ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်သည်။

၁။ ဗမာ့ဆေးပညာတတ်မြောက်ပြီးသူများအား အနောက်တိုင်းနည်းစနစ်အရ အခြေခံများကို သင်တန်းပေးပြီးလျှင် တောလက်ကျေးရွာများသို့ စေလွှတ်ရန်၊

၂။ ယင်းသို့ စေလွှတ်ရာတွင် ဆေးသေတ္တာတစ်ခုစီပါရှိရန် (ဗမာဆေးကိုကြိုက်က ဗမာဆေးဖြင့်လည်းကောင်း၊ အနောက်တိုင်းဆေးကို ကြိုက်က အနောက်တိုင်းဆေးဖြင့်လည်းကောင်း ကုသပေးရန် ဖြစ်သည်)၊

၃။ ရောက်ရာကျေးရွာတွင် သူကြီးအိမ်၌တည်းခိုကာ (၁၀)ရက်တန်သည် တစ်လတန်သည် နေထိုင်၍ ဆောင်ရွက်ရန်၊

၄။ အဆိုပါစေလွှတ်ခံရသူများအား လခ (၇၅)ကျပ်မှ တစ်နှစ် (၅)ကျပ်တိုးဖြင့် (၁၂၅)ကျပ်ထိ ပေးရန် ဟူသော ရည်ရွယ်ချက်များဖြင့် သင်တန်းတက်စေသည်ဟု ဆိုသည်။

♦ အဆိုပါသင်တန်းသို့ အချက် (၅)ချက်နှင့် ပြည့်စုံသူမှသာလျှင် တက်ခွင့်ရသည်ဟုလည်း သိရှိရသည်။ ယင်းတို့မှာ-

၁။ ဗမာတိုင်းရင်းသားဆေးဆရာမျိုးနွယ်ဖြစ်ခြင်း၊

၂။ လက်ရှိဗမာဆေးဆရာဖြစ်ခြင်း၊

၃။ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊

၄။ ဗမာ့ဆေးပညာ အရည်အချင်းပြည့်စုံခြင်း၊

၅။ အသိအမှတ်ပြုထားသူ ပုဂ္ဂိုလ်များထံမှ ထောက်ခံချက် ရထားသူဖြစ်ခြင်း။

♦ ၁၉၃၈-၁၉၄၀ အတွင်း သင်တန်းတက်ခဲ့သူ မြန်မာဆေးဆရာကြီးများကို ခေါ်ယူ၍ (၆)လခန့်မျှ ဆွေးနွေးခြင်း၊ သင်တန်းပေးခြင်းပြုခဲ့ကြောင်း၊ ထိုအခါက သင်တန်းတက်ရောက်သည့် ဆရာ(၈)ဦးတို့မှာ ပုဏ္ဏားဆရာသင်၊ ပုဏ္ဏားဆရာဦးဘရင်၊ ဆရာသော်၊ မန္တလေးနေ တောင်သာဆရာတင်၊ တောင်ငူဆရာပွား၊ မန္တလေးဦးဂေါ်ရာ၊ မတ္တရာဆရာစိန်၊ ကျောက်ဆည်ဆရာမင်း တို့ဖြစ်သည်။

♦ ၁၉၃၈ ခုနှစ်မှ ၁၉၄၀ ပြည့်အတွင်း သင်တန်းတက်ခွင့်ရသူများမှာ ဦးဘဆင်(မန္တလေး)၊ ဦးသြ (ရွှေဘို)၊ ဆရာညွန့်(မုံရွာ)၊ ဆရာရှန်(မေမြို့)၊ ဆရာသော်(မန္တလေး)၊ ဆရာဘစံ(ကျောက်ဆည်)၊ ဆရာစံ (မတ္တရာ)၊ ဦးဂေါ်ရာ(ပုသိမ်ကြီးနယ်) တို့ ဖြစ်ပါသည်။

♦ ကိုယ်ခန္ဓာနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို (၃)လခန့်သင်ကြားပေးသည်။ ရောဂါ ဝေဒနာများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို (၆)လခန့်သင်ကြားပေးသည်။ ကုသသည့် ဆေးဝါးများအကြောင်းကို (၂)လခန့်သင်ကြားပေးသည်။ ထို့ပြင် နားကြပ်ဖြင့်စမ်းနည်း၊ ပြဒါးတိုင်ဖြင့် စမ်းနည်း၊ ဆေးထိုးနည်း စသည် တို့ကိုလည်း သင်ကြားပေးသည်။ လက်တွေ့ခွဲစိတ်ပုံကိုလည်း ကြည့်ရှုလေ့လာရသည်။ သင်တန်းသားကိုယ်တိုင်မူ ခွဲစိတ်မှုကို မပြုရပေ။

♦ သင်တန်းပို့ချသည့် ဆရာများမှာ မန္တလေးဆေးရုံကြီးမှ ဒေါက်တာဦးတင်၊ ဒေါက်တာအာယု၊ ဒေါက်တာဦးကြူ တို့ဖြစ်ကြကြောင်း၊ ၎င်းတို့သည် အလှည့်ကျ တစ်ပတ်စီ သင်ကြားပေးကြကြောင်း၊ မန္တလေးဆေးရုံကြီး၏ အကြီးဆုံးပုဂ္ဂိုလ်မှာ ကာနယ်မောဖတ်ဖြစ်ကြောင်း၊ လက်ထောက်ဆရာဝန်ကြီးမှာ ဒီယန်ဆင်း ဖြစ်ကြောင်း တို့ကို ဦးဘဆင်က ပြောပြခဲ့သည်။

♦ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံသို့ ဂျပန်စစ်တပ်များ ဝင်ရောက်လာပြီး ဂျပန်ခေတ် သဘာဝမွေ့ ဗဟိုဆေးပညာဦးစီးအဖွဲ့ချုပ်တွင် သခင်ကိုယ်တော်မှိုင်း၊ အမျိုးသားခေါင်းဆောင်ကြီးများနှင့် ပညာရှင် အများအပြား ပါဝင်ဖွဲ့စည်းကာ တက်တက်ကြွကြွ အားပေးဆောင်ရွက်ခဲ့ကြသည်။

♦ ဂျပန်ခေတ်တွင် သဘာဝဓမ္မဆေးပေးခန်းများကို ရန်ကုန်မြို့၊ ထီးတန်း၊ ဈေးကလေး၊ ဗဟန်း၊ ကန်တော်ကြီး၊ တာမွေ၊ အင်းစိန်၊ မှော်ဘီ၊ သာယာဝတီ၊ မော်လမြိုင်၊ ဒေးဒရဲ စသည့်မြို့များ၌ ဖွင့်လှစ် ကုသပေးကြောင်းသိရှိရသည်။

♦ ဂျပန်ခေတ်တွင် နိုင်ငံခြားဆေးဝါးများ အလွန်ရှားပါးချိန်ဖြစ်သည့်အတိုင်း မြန်မာလူထုကြီးသည် ခွဲစိတ်ကုသဖွယ် ရောဂါမှတစ်ပါး အခြားရောဂါများအတွက် တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်းရင်းဆေးဝါးများကိုသာ အားကိုးခဲ့ကြရသည်။

♦ စစ်ပြီးခေတ်တွင် တိုင်းရင်းဆေးပညာနှင့် အသက်မွေးကြသော ဆေးဆရာတို့သည် မိမိတို့ဂိုဏ်းအလိုက် တောင်သာ၊ သဘာဝဓမ္မ၊ ပရမတ္ထစသော အမည်အသီးသီးဖြင့် ရပ်တည်ခဲ့ကြသည်။ ဆေးဆရာကြီး မိုထားဦးစံတင့် (ဦးပညိန္ဒ၏ တပည့်တပန်းများ အပါအဝင်) ဆေးပညာအဖွဲ့အနေဖြင့်လည်းကောင်း၊ တသီးပုဂ္ဂလ ဝိန္ဒောဆရာကြီးများအနေဖြင့်လည်းကောင်း ရပ်တည်နေကြသည်။

♦ မန္တလေးဆရာခ ကြီးမှူးသော ဗုဒ္ဓဘာသာ ကလျာဏဘိသက္က အဖွဲ့ချုပ်၊ ဆရာကြီး ဦးမောင်ကလေး ကြီးမှူးသော တိုင်းရင်းသမားတော်အဖွဲ့ချုပ်၊ ဆရာကြီးဆရာသင် ကြီးမှူးသော ပရမတ္ထအလင်းပြ ဆေးပညာအဖွဲ့ချုပ်၊ ဒေါက်တာဦးဘချစ် ကြီးမှူးသော အရှေ့တိုင်းဆေးပညာအဖွဲ့ချုပ်၊ သဘာဝဓမ္မ ဆေးပညာအဖွဲ့ချုပ်၊ မွန်သမားတော် အဖွဲ့ချုပ်၊ ရန်ကုန်မြို့ဆရာကြီးဦးစံတင် ကြီးမှူးသော အဘိဓမ္မာ ဆေးပညာအဖွဲ့ချုပ်စသော အဖွဲ့ချုပ်များမှ အမှုဆောင်များနှင့် ဆရာကြီး ဦးအောင်မြတ်ထွတ်၊ နေလဝိဇ္ဇာ ဆရာခိုင်စသော တစ်သီးပုဂ္ဂလများ စုပေါင်းကာ ဆေးဆရာအားလုံး ညီညွတ်ရေးတပ်ဦးအဖြစ် ဗဟို မြန်မာသမားတော်အဖွဲ့ချုပ်(အေ၊ ဘီ၊ အိုင်၊ အမ်၊ စီ)ဟူသော အမည်ဖြင့် မြန်မာသက္ကရာဇ် ၁၃၀၆ (၁၉၄၈) ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

♦ ဖွဲ့စည်းရာတွင် ပရမတ္ထအလင်းပြဆရာသင် ဥက္ကဋ္ဌ၊ ရွှေဘိုဆရာချို (ထို့နောက် ဆရာချို မရှိသည့်နောက် မန္တလေး ဆရာခက ဥက္ကဋ္ဌ)၊ ဆရာဦးစိုးမင်းနှင့် ဆရာဦးမောင်ကလေးတို့က ဒုတိယဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြသည်။

♦ မြန်မာတိုင်းရင်းဆေးပညာ (အထူးသဖြင့် အာယုဗ္ဗေဒဆေးပညာ)နှင့် စပ်လျဉ်း၍ ကျေးဇူးပြုသူ တို့တွင် သိမ်ဖြူဆရာတော်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ဆရာတော်သည် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် လွတ်လပ်ရေးမရမီ တစ်လကြိုတင်၍ ဆေးပညာနယ်ပယ် အတွင်းသို့ ဝင်ရောက်ခဲ့

ပြီးနောက် ဆေးပညာရပ်များကို မြန်မာပြည်၌ (၅)နှစ်မျှသင်ကြားလေ့လာခဲ့ပြီး အိန္ဒိယပြည်တွင် (၄)နှစ်မျှ ဆေးပညာအရပ်ရပ်တို့ကို လေ့လာသင်ကြားခဲ့သည်။

- မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပြီး အိန္ဒိယနိုင်ငံမှ အာယုဗ္ဗေဒဆေးပညာ (၄)ဘာသာနှင့်ဆိုင်ရာရောဂါသိမှု ကျမ်းပေါင်း(၃၁)ကျမ်း၊ ဆေးအဘိဓာန်ကျမ်းပေါင်း(၅၄)ကျမ်း၊ ဓာတ်နှင့်ဆိုင်ရာ ကျမ်းပေါင်း(၂၇)ကျမ်း၊ ကုထုံးနှင့်ဆိုင်ရာကျမ်းပေါင်း (၅၃)ကျမ်း၊ အထွေထွေ ဗဟုသုတဆိုင်ရာ ကျမ်းပေါင်း(၁၄)ကျမ်းတို့ကို ယူဆောင်လာခဲ့သည်။ ဗိန္ဒောဆေးပညာ (၄)ဘာသာ နှင့် ဆိုင်သည့် ကျမ်းများစွာတို့ကိုလည်း မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သည်။

- စစ်ပြီးခေတ်တွင် ပုဂ္ဂလပညတ်ဓာတ်ပညာဟူ၍လည်းကောင်း၊ နေလဝိဇ္ဇာဆေးပညာ ဟူ၍လည်းကောင်း၊ အထိုက်အလျောက် ပြန့်ပွားလာပုံများကို တွေ့ရသည်။ ပုဂ္ဂလပညတ်ဓာတ်ပညာကို အိုင်ကလောင် ဆရာကြီး ဆရာလှိုင်နှင့် နေလဝိဇ္ဇာဆရာခိုင်တို့က အများဆုံးပြန်လည်ဖော်ထုတ်ကြသည်။ အစ တီထွင် သော ပုဂ္ဂိုလ်မှာ ရှင်အရဟံ ဖြစ်သည်ဟုပင် အချို့ကပြောဆိုကြသည်။ ယခုအခါတွေ့ရသော ပုဂ္ဂလပညတ် ဓာတ်ကျမ်း၌ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်မှ ထုတ်နုတ်ကိုးကားချက်များကို သာမက "ကော်မတီစု၍" ဟူသော အသုံးများကိုပင် တွေ့ရသည်။

- မကာရလောပ တောင်တွင်းဆရာတော် ခင်ကြီးပျော်က သြဠာရိက သုခုမဆေးပညာကိုတီထွင်၍ ပရမတ်ဓာတ် ဆရာကြီးဦးပိုက ပြန့်ပွားအောင်ဆောင်ရွက်ခဲ့သည်ဟု အချို့ပုဂ္ဂိုလ်များက ဆိုကြသည်။ "သြဠာရိက သုခုမဓာတ်ကျမ်း"ကို မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ်တွင် ရိုက်နှိပ်ခဲ့သည်။ ခရစ် ၁၉၇၁ ခုနှစ်တွင် စာပေလောကပုံနှိပ်တိုက်က ထပ်မံပုံနှိပ်သည်။ ထိုကျမ်းတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ သည်းခြေ၊ အာဟာရ၊ အာကာသ ဟူ၍ လွယ်ကူရန် သုံးစွဲကြသည်။

- ဂဏန်း (၇)လုံးတို့တွင် (၁) ကို (၂)က နိုင်သည်၊ (၂) ကို (၃)က နိုင်သည်၊ (၃)ကို (၄)က နိုင်သည်၊ (၄)ကို (၅)က နိုင်သည်၊ (၅)ကို (၆)က နိုင်သည်၊ (၆)ကို (၇)ကနိုင်သည်။ (၁)ကို (၁)က နိုင်သည်ဟူ၍ အချင်းချင်းအနိုင်ဓာတ် အရှုံးဓာတ်ကိုလည်း ပြထားသည်။ (၁) (၃) (၄) (၆) ဟူသော ပထဝီတိုင်၊ တေဇောတိုင်၊ ဝါယောတိုင်၊ အာဟာရတိုင် (၄)တိုင်ကို သြဠာရိကအပူတိုင် ဟူ၍လည်းကောင်း၊ (၂) (၅) (၁) ဟူသော အာပေါတိုင်၊ သည်းခြေတိုင်၊ အာကာသတိုင်များကို သုခုမအအေးတိုင် ဟူ၍လည်းကောင်း ခွဲခြားထားသည်။ သြဠာရိက အပူနာဖြစ်လျှင် သုခုမအအေးကျွေး၊ သုခုမအအေးနာ ဖြစ်လျှင် သြဠာရိကအပူစာကျွေး၍ ကုသရမည်ဟု ဆိုလိုရင်း ဖြစ်သည်။

## ၉။ လွတ်လပ်ရေးရပြီးခေတ် တိုင်းရင်းဆေးပညာ(၁၉၄၉ မှ ၁၉၆၁ ထိ)

### ၁၉၄၉-၁၉၅၂

♦ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ယခင်ကပေါ်ပေါက်ခဲ့သည့် တိုင်းရင်းဆေးပညာ စုံစမ်းရေးကော်မတီ အစီရင်ခံချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်လျက် ၁၉၅၂ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်တွင် အစိုးရက တိုင်းရင်းဆေးပညာပြန်လည်မြှင့်တင်ရေး၊ ဆေးဆရာများ ရွေ့ပြေးကော်မတီ (သို့မဟုတ်) ရှေ့ဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ဥက္ကဋ္ဌ ဒေါက်တာဦးမောင်ကလေး (မြန်မာနိုင်ငံတော်ဆေးနှင့် ကျန်းမာရေးညွှန်ကြားရေးဝန်)၊ ဒုတိယဥက္ကဋ္ဌ သခင်ကိုယ်တော်မှိုင်း၊ အတွင်းရေးမှူး ဒေါက်တာဝဏ္ဏ ရေးသား(အင်းစိန်ဆေးရုံအုပ်ကြီး)အပါအဝင် အဖွဲ့ဝင်(၁၈)ဦး ပါရှိသည်။

♦ ပရမတ္ထအလင်းပြ ဆရာသင်၊ သဘာဝဓမ္မ ဦးတင်ဝင်း၊ ဗဟန်း-ရေတာရှည်လမ်းနေ ဆရာကြွယ်တို့ ပါဝင်သည်။ ထိုအဖွဲ့သည် တိုင်းရင်းဆေးဆရာအက်ဥပဒေကို ရေးသားခဲ့သည်။ ထိုဥပဒေအရ တိုင်းရင်းဆေးဆရာများကို အသိအမှတ်ပြုရန်၊ တိုင်းရင်းဆေးဆရာများ မှတ်ပုံတင်နည်းဥပဒေကို ရေးဆွဲခဲ့ပြီး ထိုဥပဒေအရ (၁) ဒေသနာနယ၊ (၂) ဘေသဇ္ဇနယ၊ (၃) ဝိဇ္ဇာဓရနယ၊ (၄)နက္ခတ္တ ဗေဒနယ ဟူ၍ ဆေးဆရာများကို မှတ်ပုံတင်ခဲ့သည်။

♦ ထိုရွေ့ပြေးကော်မတီမှ လုပ်ဆောင်ရမည့် တာဝန်များမှာ-

၁။ ၁၉၃၀ ပြည့်နှစ်၊ တိုင်းရင်းဆေးပညာစုံစမ်းရေး အစီရင်ခံစာပါ အချက်များကို အကောင်အထည် ဖော်ရန်၊

၂။ မြန်မာ့ဆေးကောင်စီ ဖွဲ့စည်းရေးအတွက် ဥပဒေရေးဆွဲရန်၊

၃။ မြန်မာ့ဆေးပညာ တတ်စွမ်းသော ဆရာများကို မှတ်ပုံတင်ရန်၊

၄။ မြန်မာ့ဆေးကောင်စီ ဖွဲ့စည်းပြီးသည်နှင့် တပြိုင်နက် ယင်းကောင်စီက အောက်ပါတာဝန် များကို ဆောင်ရွက်သွားနိုင်ရန် ကြိုတင်၍ အစီအစဉ် ပြုလုပ်ထားရှိရန်-

(က) မြန်မာ့ဆေးပညာကျောင်း (၂)ကျောင်းတည်ထောင် ဖွင့်လှစ်ရန်၊

(ခ) မြန်မာ့ဆေးပညာကျောင်းတွင် သင်ကြားသော ဘာသာရပ်များနှင့် အချိန်ကာလ မည်မျှကြာအောင် သင်ကြားသင့်ကြောင်း ပြဋ္ဌာန်းရန်၊

(ဂ) မြန်မာ့ဆေးပညာကျောင်းနှင့်တွဲလျက် မြန်မာ့ဆေးရုံများ တည်ထောင်ဖွင့်လှစ်ရန်စသော လုပ်ငန်းများ ဖြစ်သည်။

## ၁၉၅၃-၁၉၅၄

- ရှေ့ပြေးကော်မတီကရေးဆွဲခဲ့သည့် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ ဥပဒေအမှတ်(၇၄)ဖြင့် ပြဋ္ဌာန်းသတ်မှတ်ခဲ့ပြီး ထိုအက်ဥပဒေအရ တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့ တစ်ခုကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းရမည်ဖြစ်လေရာ ထိုအဖွဲ့၌ ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး တစ်ဦးနှင့် နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်ထားသည့် မှတ်ပုံဝင် တိုင်းရင်းဆေးဆရာ (၈)ဦး၊ တိုင်းရင်းဆေးဆရာများက ရွေးချယ်သည့် မှတ်ပုံဝင် တိုင်းရင်းဆေးဆရာ(၈)ဦး စုစုပေါင်း (၁၈)ဦး ပါဝင်ရမည် ဖြစ်သည်။ ထိုအဖွဲ့မှ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် ဖော်ပြထားသည်။
  - ၁။ ဆရာတု၊ ဆရာယောင်များ ပပျောက်ရေး၊
  - ၂။ တိုင်းရင်းမြန်မာဆေးပညာကို ကျနစွာတတ်သိသော ဆရာများပေါ်ပေါက်ရေး၊
  - ၃။ တိုင်းရင်းမြန်မာဆေးပညာပြန်လည်ထွန်းကားရေးနှင့် ကြီးပွားတိုးတက်ရေး၊
  - ၄။ ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးရေး၊
  - ၅။ တိုင်းရင်းမြန်မာဆေးပညာ နည်းစနစ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် ရှာဖွေလေ့လာ၍ မြှင့်တင်ပေးရေးတို့အတွက် အစိုးရသို့ အကြံဉာဏ်များပေးရေး၊
  - ၆။ တိုင်းရင်းမြန်မာဆေးပညာ စာမေးပွဲဆိုင်ရာ ဘာသာရပ်များကို ပြဋ္ဌာန်းခြင်း၊ ဆေးကျောင်းများ၊ ဆေးတက္ကသိုလ်များ၊ ဆေးခန်းများနှင့် ဆေးရုံများဖွင့်လှစ်၍ ကြီးကြပ်စီမံခြင်း၊ ဆေးပညာ စာမေးပွဲအတွက် မေးခွန်းထုတ်မှု၊ အမှတ်ပေးမှုများကို ဆောင်ရွက်ခြင်း၊ သင့်တော်သော ပုဂ္ဂိုလ်များ ခန့်ထားခြင်းနှင့် စာပေးပွဲကျင်းပပေးခြင်း၊ အောင်မြင်သည့် ကျောင်းသားများအား သင့်တော်သည့် ဆုလက်မှတ်တံဆိပ်၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှောက်ခြင်း၊ သုတေသန အစီအစဉ်များ ပြုလုပ်ခြင်း၊ ရရှိလာသည့် ထောက်ပံ့ငွေများနှင့် အလှူငွေများ သင့်လျော်အောင် စီမံသုံးစွဲခြင်း၊ တိုင်းရင်းဆေး ဆရာများအား မှတ်ပုံတင်ခြင်းနှင့် လိုအပ်သည့် အရည်အချင်း အဆင့်အတန်းများကို သတ်မှတ်ခြင်း စသည်တို့ ဖြစ်သည်။

- တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေအရ ၁၉၅၃ ခုနှစ်၊ ဧပြီလ (၂)ရက်နေ့မှစ၍ ပဏာမ ရှေ့ပြေးကော်မတီကို ဖျက်သိမ်းလိုက်သည်။ အဆိုပါ ရှေ့ပြေးကော်မတီက မိမိတို့ကော်မတီ သက်တမ်း မကုန်ဆုံးမီအတွင်း နိုင်ငံတော်အစိုးရ အခမဲ့ဆေးပေးခန်းများ (တိုင်းရင်းဆေးကုဌာနများ)ကို ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့တွင် (၉)ခန်း၊ မန္တလေးမြို့တွင် (၉)ခန်း၊ စုစုပေါင်း (၁၈)ခန်းကို စတင်ဖွင့်လှစ် ခဲ့သည်။ (၁၈)ခန်းစာရင်းကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

♦ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ (၁၄)ရက်တွင် ရန်ကုန်မြူနီစီပါယ်အဖွဲ့က ဖ-ဆ-ပ-လ ရပ်ကွက်နှင့် မင်းမနိုင်ရပ်ကွက်များရှိ ဒေသန္တရဆေးပေးဌာနများတွင် တိုင်းရင်းမြန်မာအခမဲ့ဆေးပေးခန်းတစ်ခုစီ ဖွင့်လှစ်ပေးခဲ့သည်။ ဆေးခန်းမှူးတစ်ဦးစီနှင့် လက်ထောက်တစ်ဦးစီ ခန့်ထားသည်။

♦ ၁၉၅၃ ခုနှစ်တွင် စတင်၍ တိုင်းရင်းဆေးကုဌာနများဖွင့်လှစ်ခဲ့ရာတွင် ရန်ကုန်မြို့၌ တိုင်းရင်းဆေးကုခန်း (၉)ခန်းနှင့် မန္တလေးမြို့၌ တိုင်းရင်းဆေးကုခန်း(၉)ခန်းတို့ကို ဖွင့်လှစ်ခဲ့ပြီး ထိုဆေးကုဌာနများတွင် တိုင်းရင်းဆေးခန်းသုံး ဆေးနည်း(၅၇)မျိုးသတ်မှတ်၍ သုံးစွဲခဲ့သည်။

♦ ၁၉၅၄ ခုနှစ်၊ ဧပြီလ(၂)ရက်နေ့တွင် အဖွဲ့ဝင် (၁၈)ဦး ပါဝင်သည့် ယာယီတိုင်းရင်းဆေးဆရာအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ၁၉၅၄ ခုနှစ်၊ ဧပြီလ (၁၀)ရက် နေ့စွဲပါ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း ၁ ၌ ဖော်ပြခဲ့သည်။ ထိုအဖွဲ့က ဆေးဆရာများ မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေကို ရေးဆွဲခဲ့ပြီး ထိုနည်းဥပဒေကို ၁၉၅၅ ခုနှစ်တွင် ပါလီမန်မှ အတည်ပြုခဲ့သည်။

## ၁၉၅၅-၁၉၆၀

♦ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့အက်ဥပဒေနှင့် ဆေးဆရာများမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ တို့အရ ဆေးကုသက်(၇)နှစ်ရှိသည့် တိုင်းရင်းဆေးဆရာတို့အား ၁၉၅၅ ခုနှစ်၊ မတ်လ(၁)ရက် နေ့မှစ၍ အမျိုးအစား (၆)မျိုးခွဲခြားလျက် မှတ်ပုံတင်စေခဲ့ရာ ၁၉၆၂ ခုနှစ်၊ မတ်လ (၁၈)ရက်နေ့အထိ မှတ်ပုံတင်ပြီးသော ဆရာပေါင်း (၂၂၅၈၃)ဦးမျှရှိခဲ့သည်။

အမျိုးအစား(၆)မျိုး ခွဲခြားပုံမှာ-

(က) ရောဂါ(၁)မျိုးတည်းကိုဖြစ်စေ၊ ရောဂါ(၂)မျိုး (၃)မျိုးကိုဖြစ်စေ ကုစားတတ်သောဆရာများ၊

(ခ) ဓာတ် ဝိန္ဒော၊ ဗေဒင်၊ နက္ခတ်၊ ပယောဂ ဟူသော မြန်မာဆေးပညာ (၄)ရပ်ကို အမျိုးအစား မခွဲခြားဘဲ လက်တွေ့ကုသနေသော ဆရာများ၊

(ဂ) ဆေးပညာ(၄)မျိုးအနက် (၁)မျိုးကို ကျယ်ပြန့်စွာ တက်မြောက်ကျွမ်းကျင်ပြီး လက်တွေ့ကုသ နေသော ဆရာများ၊

(ဃ) ဆေးပညာ(၄)မျိုးအနက် (၂)မျိုးကို ကျယ်ပြန့်စွာ တက်မြောက်ကျွမ်းကျင်ပြီး လက်တွေ့ကုသ နေသော ဆရာများ၊

(င) ဆေးပညာ(၄)မျိုးအနက် (၃)မျိုးကို ကျယ်ပြန့်စွာ တက်မြောက်ကျွမ်းကျင်ပြီး လက်တွေ့ကုသ နေသော ဆရာများ၊

(စ) ဆေးပညာ(၄)မျိုးလုံးကို ကျယ်ပြန့်စွာ တက်မြောက်ကျွမ်းကျင်ပြီး လက်တွေ့ကုသနေသော ဆရာများ ဟူ၍ ခွဲခြားထားသည်။ ထို့ပြင် ကျမ်းပြုဆရာများအဖြစ် (၃)မျိုးခွဲခြား၍ မှတ်ပုံတင်ပေးသည့်

(က) ဒေသနာနယ၊ ဘေသဇ္ဇနယတို့တွင် နယ(၁)ခု၌ အကျုံးဝင်၍ ပညာနုနယ်သော ဆေးဆရာတို့အား အထိုက်အလျောက် ကျေးဇူးပြုနိုင်သော ကျမ်းဟု တိုင်းရင်းဆေးဆရာအဖွဲ့က ယူဆခြင်း၊

(ခ) ဒေသနာနယ၊ ဘေသဇ္ဇနယတို့တွင် အလတ်စားဆေးဆရာတို့အား အထိုက်အလျောက် ကျေးဇူးပြုနိုင်သောကျမ်းဟု တိုင်းရင်းဆေးဆရာအဖွဲ့က ယူဆခြင်း၊

(ဂ) မြန်မာ့ဆေးပညာရပ် (၄)မျိုးလုံးတို့ဖြင့် အထက်တန်းဆေးဆရာတို့အား အထိုက်အလျောက် ကျေးဇူးပြုနိုင်သောကျမ်းဟု တိုင်းရင်းဆေးဆရာအဖွဲ့က ယူဆခြင်း၊

♦ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်နေ့စွဲပါ တိုင်းရင်းဆေးဆရာအဖွဲ့ဝင် ရွေးကောက်ပွဲနည်းဥပဒေအရ၊ ဆေးဆရာအချင်းချင်း ရွေးကောက်တင်မြှောက်လိုက်သော ဆေးဆရာများဖြင့် ဆေးဆရာအဖွဲ့ကို ဖွဲ့စည်းပေးရန် ၁၉၆၁ ခုနှစ်၊ ဇွန်လ(၁၅)ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ တိုင်းရင်းဆေးဆရာများအဖွဲ့ဝင် ရွေးကောက်ပွဲကို ပြုလုပ်ခဲ့သည်။ ၎င်းအဖွဲ့တွင် မှတ်ပုံတင်တိုင်းရင်းဆေးဆရာများက ရွေးကောက်တင်မြှောက်သည့် ဆေးဆရာ(၈)ဦး၊ နိုင်ငံတော်သမ္မတမှခန့်အပ်သည့် မှတ်ပုံတင်တိုင်းရင်းဆေးဆရာ(၉)ဦးနှင့် အတွင်းရေးမှူးအဖြစ် တိုင်းရင်းဆေးဆရာမြှင့်တင်ရေးရုံးမှ အထူးအရာရှိ အပါအဝင် စုစုပေါင်း(၁၈)ဦးဖြင့် ဖွဲ့စည်းပါဝင်ခဲ့သည်။ ဥက္ကဋ္ဌအဖြစ် ဆရာကြီးဦးစံတင့်အား နိုင်ငံတော်သမ္မတက တာဝန်ပေးခဲ့ပါသည်။

## ၁၀။ လွတ်လပ်ရေးရပြီးခေတ် တိုင်းရင်းဆေးပညာ(၁၉၆၂ မှ ၁၉၇၃ ထိ)

### ၁၉၆၂-၁၉၆၈

♦ တော်လှန်ရေးအစိုးရတက်ပြီးနောက်တွင် တိုင်းရင်းဆေးဆရာ အဖွဲ့ အက်ဥပဒေကို ပြင်ဆင်၍ ၁၉၆၂ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့၌ တိုင်းရင်းဆေးဆရာအဖွဲ့ကို ဆေးဆရာကြီး(၆)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌမှာ ဒေါက်တာဦးဝဏ္ဏ ဖြစ်သည်။

♦ တိုင်းရင်းဆေးပညာမြှင့်တင်ရေးရုံးကို ၁၉၆၂ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ တိုက်ရိုက်ကြီးကြပ်ခဲ့ပါသည်။ ဆေးဆရာများအား မှတ်ပုံတင်ပေးခဲ့ခြင်းသည် စာမေးပွဲစစ်၍ စနစ်တကျ မှတ်ပုံတင်ပေးခြင်းမဟုတ်သဖြင့် ၁၉၆၂ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့မှစ၍ မှတ်ပုံတင်ထားခြင်းကို ရုပ်သိမ်းခဲ့ပြီးနောက် အရည်အချင်းစစ်ဆေး၍ စနစ်တကျ မှတ်ပုံတင် ပေးနိုင်ရန်အတွက် ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ(၃)ခု ခွဲခြား၍ ဆေးကျမ်း (၁၁)ကျမ်း သတ်မှတ်ပြီး စာမေးပွဲကျင်းပစစ်ဆေးခဲ့သည်။ (၁) ဒေသနာနယဘာသာ (ကာယာနုပဿနာကျမ်း၊ သင်္ဂြိုဟ်ရုပ်ပိုင်း၊ ဓာတုဝိနိစ္ဆယ ရူပကဏ္ဍဆေးကျမ်း၊ တောင်သာခြောက်လုံးကောက်ဋီကာ)၊ (၂) ဘေသဇ္ဇနယဘာသာ (နရသုခိဆေးကျမ်း၊ ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်း၊ သာရကောမုဒိဆေးကျမ်း၊ မာဓဝနိဒါန်းကျမ်း၊ ဒဗ္ဗဂုဏပကာသနီကျမ်း)၊ (၃) နက္ခတ္တဗေဒနယဘာသာ (အာဒိကပ္ပဒွါဒရာသီကျမ်း၊ ဒွါဒသိမ်ကျမ်း)

♦ ၁၉၆၂-၁၉၆၃၊ ၁၉၆၄-၁၉၆၆ ခုနှစ်များတွင် ကျင်းပခဲ့သော စာမေးပွဲများ၌ အသက်(၂၅)နှစ်ပြည့်ပြီးအနည်းဆုံး တိုင်းရင်းဆေးကုသသက် (၃)နှစ်ရှိသူများသာ ဝင်ရောက်ဖြေဆိုခွင့်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်နေ့တွင် အသက်(၅၀)ပြည့်ပြီးသော ဆေးဆရာများ (ရဟန်းတော်များမှ အပ)ကို စာမေးပွဲဖြေဆိုခြင်းမှ ကင်းလွတ်ခွင့် ပေးခဲ့သည်။

♦ ၁၉၆၈ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့တွင် ဒေါက်တာဦးဝဏ္ဏ ကြီးမှူးသော တိုင်းရင်းဆေးဆရာအဖွဲ့ (၅)နှစ်ပြည့်၍ ၁၉၆၈ ခုနှစ်၊ ဇွန်လ(၂၅)ရက်နေ့တွင် ဥက္ကဋ္ဌအဖြစ် ဦးဖေကျင် ကြီးမှူးသော တိုင်းရင်းဆေးဆရာအဖွဲ့ကို ဒုတိယအကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

♦ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှစ၍ ယခင်ရန်ကုန်မြူနီစီပါယ်အဖွဲ့က တာဝန်ယူ ဖွင့်လှစ်ထားခဲ့သော ဖ-ဆ-ပ-လ ရပ်ကွက်နှင့် မင်းမနိုင်ရပ်ကွက်ရှိ အခမဲ့တိုင်းရင်းမြန်မာ ဆေးပေးခန်းများကို တိုင်းရင်းဆေးပညာမြှင့်တင်ရေးရုံးမှ လွှဲပြောင်းလက်ခံ၍ ဆက်လက်ဖွင့်ပေးခဲ့သည်။

♦ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် တိုင်းမြို့ကြီးများဖြစ်သော စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ပုသိမ်၊ မော်လမြိုင်နှင့် စစ်တွေဟူသော မြို့ကြီး (၆)မြို့၌လည်း တိုင်းရင်းဆေးခန်းတစ်ခန်းစီ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်မြို့ရှိ ဆေးကုဌာန(၉)ဌာနအနက်မှ ပေါင်းတလည်၊ ထူးကြီး၊ စစ်ကွင်း၊ ဥက္ကံ၊ သိမ်ဆိပ်၊ သုံးခွတံတားရွာ (၆)ဌာနတို့ကိုလည်းကောင်း၊ မန္တလေးမြို့ရှိ ဆေးကုဌာန(၉)ဌာန အနက်မှ ကူမဲ၊ ကြေးမုံ၊ ဟန်ဇား၊ လော၊ မိချောင်းရဲ (၅)ဌာန အနက်တို့ကိုလည်းကောင်း ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သည်။ (နောက်ထပ်လည်း များစွာတိုးချဲ့ဖွင့်လှစ်ခဲ့သည်)

♦ ၁၉၆၄ ခုနှစ်တွင် တိုင်းရင်းမြန်မာဆေးဝါးထုတ်လုပ်ရေး အကြံပေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီမှ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း(ဘီ၊ ပီ၊ အိုင်)သို့ အမှန်တကယ် ရောဂါပျောက်ကင်း၍ အစွမ်းထက်သည့် လူသုံးများသော တိုင်းရင်းဆေးဝါးတို့ကို ခေတ်မီစွာဖြင့် စနစ်တကျ ဖော်စပ်ဖြန့်ဖြူးရန် အကြံပေးခဲ့သည်။

♦ အကြံပေးချက်အရ ပထမဦးစွာ တိုင်းရင်းဆေး (၅၇)မျိုးအနက် သလိပ်ပုပ်ကို လွန်စွာနိုင်သော သေမှုပုတိက ခေါ် ဆေးကို မက်လင်ချဉ်အမည်ဖြင့် ဆေးပြားပြုလုပ်၍ ဖြန့်ဖြူးရောင်းချခဲ့ရာ လူကြိုက်အလွန်များခဲ့သည်။

## ၁၉၆၉-၁၉၇၃

♦ ၁၉၆၉ ခုနှစ်၊ ဧပြီလတွင်ကျင်းပခဲ့သော ပဥ္စမအကြိမ် ဆေးစာမေးပွဲတွင် အသက် (၂၅)နှစ်ပြည့်ပြီးသူ မည်သူမဆို ဆေးပညာဝါသနာပါသူတိုင်းအား ဖြေဆိုခွင့်ပေးခဲ့လေသည်။ ထိုသို့ (၅)ကြိမ်တိုင်တိုင် ပြုလုပ်စစ်ဆေးခဲ့သော ဆေးစာမေးပွဲတို့၌ အောင်မြင်သူဦးရေပေါင်း(၇၄၆၂)ဦးရှိ၍ ထိုအထဲတွင် ရဟန်းတော် (၂၂၈၄)ပါးနှင့် သီလရှင် (၁၁)ပါးတို့ ပါဝင်ကြသည်။

♦ တိုင်းရင်းဆေးတိုးတက်ရေး၊ ကောင်းမွန်သော နည်းစနစ်များ တိမ်ကောပျောက်ကွယ်မသွားရေးနှင့် ဆေးဆရာများ စည်းလုံးညီညွတ်ရေးအတွက် တိုင်း၊ ခရိုင်အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သော ဆေးဆရာများသည် ၁၉၆၉ ခုနှစ်၊ ဧပြီလ (၅)ရက်နေ့နှင့် (၆)ရက်နေ့များတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ နှီးနှောဖလှယ်ပွဲ ကျင်းပ၍ စာတမ်းပေါင်း (၅၄)စောင်တို့ကို တင်သွင်း ဖတ်ကြားခဲ့ကြပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

- တိုင်းရင်းဆေးဆရာအဖွဲ့ဝင်များကကြီးမှူး၍ တိုင်းရင်းဆေးဆရာနှီးနှောဖလှယ်ပွဲကို ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုနှီးနှောဖလှယ်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဒေါက်တာလှဟန်၊ ဒုတိယဝန်ကြီး ဒေါက်တာသိန်းအောင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဦးဖေကျင်တို့ တက်ရောက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီး ဒေါက်တာလှဟန်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

- မန္တလေးမြို့တွင်လည်း တိုင်းရင်းဆေးသိပ္ပံကျောင်း ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ မန္တလေးတောင်ခြေအနီးရှိ (၅)ဧကမျှကျယ်ဝန်းသော မြေကွက်တွင် ဆေးကျောင်းအုပ်ချုပ်ရေးရုံးအဆောင်၊ စာသင်ဆောင်နှင့် ဆေးရုံဆောင်(၃)ဆောင် ပါဝင်သော ဆေးကျောင်း၊ ဆေးရုံအဆောက်အဦး (၅)ခုကို ၁၉၆၆ ခုနှစ်မှ စ၍ စတင် ဆောက်လုပ်ခဲ့ရာ ၁၉၇၀ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

- ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ တွဲဘက်အတွင်းဝန် ဒုတိယ ဗိုလ်မှူးကြီးလှမိုး ဦးဆောင်လျက် အဖွဲ့ဝင် အင်းစိန်မီးရထား ဆေးရုံအုပ်ကြီး ဒေါက်တာဦးတင်ဦးနှင့် တိုင်းရင်းဆေးပညာမြှင့်တင်ရေးရုံး၊ ဆေးနှင့် မှတ်ပုံတင်အရာရှိ ဦးကျော်တို့သည် အာယုဗ္ဗေဒဆေးပညာ လေ့လာရန် ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက်နေ့မှ အောက်တိုဘာလ (၁၅)ရက်နေ့အထိ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ အာယုဗ္ဗေဒ ဆေးပညာဆိုင်ရာ ဆေးပေးခန်းများ၊ ဆေးရုံများ၊ ဆေးတက္ကသိုလ်များ၊ ဆေးသုတေသနဌာနများနှင့် ဆေးဝါးထုတ်လုပ်သည့် စက်ရုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

- ကလကတ္တား၊ ပတ္တနား၊ ဗာရာဏသီ၊ နယူးဒေလီ၊ အမဒ္ဒဘတ်၊ ဂျမ်နဂါ၊ ဘုံဘေ၊ မဒရပ်မြို့များရှိ အာယုဗ္ဗေဒဆေးပညာရပ်ဆိုင်ရာ ဆေးရုံ၊ ဆေးကျောင်း စသည်တို့ကို ကြည့်ရှုလေ့လာခဲ့သည်။ လေ့လာရေးအဖွဲ့ဝင်များသည် ဆေးကျောင်းနှင့် ဆေးတက္ကသိုလ်များတွင် သင်ကြားနေသည့် သင်ရိုးညွှန်းတမ်းများ၊ ဘာသာရပ်များ၊ ဆေးကျမ်းများနှင့် ဖွဲ့စည်းပုံတို့ကိုလည်း အထူးဂရုပြု၍ လေ့လာဆည်းပူးခဲ့ကြသည်။ ပြန်လည်ရောက်ရှိသည့်အခါတွင် အိန္ဒိယ၌ တွေ့ကြုံဆည်းပူး လေ့လာခဲ့ရသည့် အခြေအနေအရပ်ရပ်နှင့် တိုင်းရင်းဆေးပညာတိုးတက်ရေးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့် အချက်များကို ထည့်သွင်းကာ အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်။

- အစီရင်ခံစာ၌ မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးပညာထူထောင်ရေးအတွက် အရေးကြီးသော အကြံပေးချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) တိုင်းရင်းဆေးကျောင်းနှင့် ဆေးရုံဖွင့်လှစ်ရေး ပြင်ဆင်မှုကော်မတီ ဖွဲ့စည်းဆောင်ရွက်သွားရန်၊
(၂) စာရင်းကောက်ယူထားသော ဆေးဆရာများထံမှ အလားအလာရှိသော ဆေးဆရာများအား မွမ်းမံသင်တန်း ဖွင့်လှစ်သင်ကြားပေးရန်၊
(၃) သင်ရိုးညွှန်းတမ်း၊ သင်တန်းအထောက်အကူပစ္စည်း၊ သင်ကြားမည့်အရာ၊ အဆောက်အဦ၊ ဆေးဥယျာဉ် စသည်တို့ ပြည့်စုံသည့်အချိန်မှ ဆေးကျောင်းကို စတင်ဖွင့်လှစ်ရန်။

♦ အစီရင်ခံစာပါ အကြံပေးချက်အရ တိုင်းရင်းဆေးကျောင်း စနစ်တကျ ဖွင့်လှစ်နိုင်ရန်အတွက် ဆေးကျောင်း၊ ဆေးရုံ ဖွင့်လှစ်မှု ပြင်ဆင်ရေးကော်မတီကို ၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် ကျန်းမာရေး ဝန်ကြီးဌာန၊ တွဲဖက်အတွင်းဝန် ဒုတိယဗိုလ်မှူးကြီးလှမိုးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် (၁၄)ဦး ပါဝင်သည့်အဖွဲ့ဖြင့် ဖွဲ့စည်းခဲ့သည်။

♦ ၁၉၇၁ ခု၊ ဇန်နဝါရီလ (၁၁)ရက်နေ့တွင် ပထမအကြိမ် အစည်းအဝေးကို ပြုလုပ်၍ ဆေးကျောင်းဖွင့်ရေး ဆိုင်ရာ လုပ်ငန်းအရပ်ရပ်ကို စတင်ဆောင်ရွက်ခဲ့သည်။

♦ ၁၉၇၂ ခုနှစ်၊ မတ်လ (၁)ရက်နေ့တွင် တတိယအကြိမ်မြောက် တိုင်းရင်းဆေးဆရာအဖွဲ့ကို ဒုတိယ ဗိုလ်မှူးကြီးလှမိုးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် (၇)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ်၊ ဇွန်လတွင် တိုင်းရင်းဆေးဆရာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဦးသိန်းအောင်က ဆောင်ရွက်ခဲ့သည်။

♦ ၁၉၇၂ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာန၏ တိုင်းရင်းဆေးပညာဌာနခွဲကို ဖွဲ့စည်းခဲ့သည်။

♦ တိုင်းရင်းဆေးပညာဆွေးနွေးပွဲကို ၁၉၇၂ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့မှ (၇)ရက်နေ့အထိ ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းခန်းမ၌ တစ်နေ့(၂)ကြိမ် ကျင်းပခဲ့ကြသည်။ ဖွင့်ပွဲနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာသိန်းအောင်နှင့် တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှမိုး တို့က အဖွင့်မိန့်ခွန်းစကားပြောကြားခဲ့သည်။ ထိုဆွေးနွေးပွဲကြီးမှ နောက်ဆုံးတင်သွင်းသည့် ဆုံးဖြတ်ချက်ကြီး (၈)ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ရခိုင်တိုင်းမှ ဦးလှရွှေက တစ်ကိုယ်ရေ ကျန်းမာရေးသင်တန်းနှင့် ပတ်ဝန်းကျင် ကျန်းမာရေး သင်တန်းများပေးရေး အဆိုကိုလည်းကောင်း၊

(၂) ရန်ကုန်တိုင်းမှ ဦးချမ်းက တိုင်းရင်းဆေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နယ်အလိုက် ဆရာဖြစ်သင်တန်းများ သင်ကြားခွင့်ပြုရေးအဆိုကိုလည်းကောင်း၊

(၃) ပဲခူးတိုင်းမှ ဦးတင်အောင်က သီးခြားဖွဲ့စည်းထားသော တိုင်းရင်းဆေးဆရာအသင်းအဖွဲ့များ မရှိတော့သင့်ကြောင်း အဆိုကိုလည်းကောင်း၊

(၄) ရှမ်းပြည်နယ်မှ ဦးထွန်းဖေက ကြော်ငြာ၍ ဆေးကုခြင်းနှင့် ဆေးရောင်းချခြင်းကို စနစ်တကျ ထိန်းချုပ်ပေးရေးအဆိုကိုလည်းကောင်း၊

(၅) ကချင်ပြည်နယ်မှ ဦးကျော်လှက အမည်ခံအခမဲ့ဆေးပေးခန်းများ ဖွင့်လှစ်ခြင်းကို စနစ်တကျ ကွပ်ကဲပေးရေး အဆိုကိုလည်းကောင်း၊

(၆) ကော်သူလေးမှ ဦးစမ်းက လူနာလက်ခံကုသရေးနှင့် ပတ်သက်၍ လူနာမှတ်တမ်းများ ထားရှိရေး အဆိုကိုလည်းကောင်း၊

(၇) ရောဝတီတိုင်းမှ ဦးစိုးမင်းက ပြည်တွင်းဆေးကုန်ကြမ်းဖော်ထုတ်ရေး၊ ဆေးသမဝါယမ ဖွဲ့စည်းရေးနှင့် စနစ်တကျ သုတေသနပြုလုပ် အသုံးပြုရေး အဆိုကိုလည်းကောင်း၊

(၈) ရန်ကုန်မှ ဦးညွန့်အောင်နှင့် စစ်ကိုင်းမှ ဦးစံအောင်တို့က တိုင်းရင်းဆေးပညာမြှင့်တင်ရေးနှင့် စည်းရုံးရေးအဆိုကိုလည်းကောင်း တင်သွင်းကြပြီးလျှင် အများသဘောတူ ဆွေးနွေး ထောက်ခံကာ အတည်ပြုခဲ့ကြလေသည်။ ထိုဆွေးနွေးပွဲကြီးသို့ ရန်ကုန်မှ ကိုယ်စားလှယ် (၁၁)ယောက်၊ မန္တလေးမှ ကိုယ်စားလှယ် (၆)ယောက်၊ ကျန်အခြား တိုင်းများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် (၂)ဦးစီ တက်ရောက်ခဲ့ကြသည်။ လေ့လာသူ အများအပြားလည်း တက်ရောက်ခဲ့သည်။

♦ တိုင်းရင်းဆေးသိပ္ပံကျောင်းဖွင့်လှစ်ရေးအတွက် မွမ်းမံသင်တန်းများကို ရှေ့ပြေးအဖြစ် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းတစ်ကြိမ်လျှင် (၃)လကြာပြီး သင်တန်းကာလတွင် စာသင်ချိန်(၄၅၀)ရှိသည်။ မွမ်းမံသင်တန်းတွင် တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်းဆေးပညာ (၂)ပိုင်းခွဲ၍ ပါဝင်သည်။ သင်တန်းပြီးတိုင်း ကွင်းဆင်းလေ့လာမှုများကိုလည်း ပြုလုပ်စေသည်။ သင်တန်းတက်လိုသူများသည် (၁) သုံးဘာသာ စာမေးပွဲအောင်မြင်ပြီးဖြစ်ခြင်း၊ (၂) ဆေးကုသက် (၁၀)နှစ်ထက် မနည်းရှိခြင်း၊ (၃) ပထမကြီးတန်း၊ သို့မဟုတ် ဓမ္မာစရိယတန်း၊ သို့မဟုတ် အနည်းဆုံး အခြေခံအထက်တန်း အောင်မြင်ခြင်း စသော အင်္ဂါရပ်များနှင့် ပြည့်စုံသူများသာ ဖြစ်ရသည်။ ရေးဖြေ၊ လူတွေ့ စစ်ဆေး အောင်မြင်မှသာ သင်ကြားခွင့်ပြုသည်။

- အဆိုပါမွမ်းမံသင်တန်းများကိုသာမက တိုင်းရင်းဆေးခန်းများတွင် ဆေးခန်းမှူးကြီးများအဖြစ် ဆောင်ရွက်နေကြသည့် သမားတော်(၂၅)ယောက်ကို ဥာဏ်သစ်လောင်းသင်တန်းအဖြစ် ၁၉၇၃ ခုနှစ်၊ ဧပြီလ (၂၅)ရက်နေ့မှ မေလ(၅)ရက်နေ့အထိ ဆရာကြီး (၇)ဦးတို့က ပို့ချ၍ပေးခဲ့သည်။

- ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းဆေးသိပ္ပံသင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ကျောင်းအုပ်ကြီး(၁)ဦးနှင့် နည်းပြဆရာ(၃)ဦးတို့ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းအုပ်ကြီးမှာ ဦးဟန်ထွန်းဖြစ်၍ နည်းပြဆရာ (၃)ဦးမှာ အစိုးရပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ရွေးချယ်ခန့်ထားသည့် ဦးဉာဏ်ထွန်း၊ ဒေါက်တာအောင်နိုင်နှင့် ဦးမြင့်လွင်တို့ ဖြစ်ပါသည်။

## ၁၁။ လွတ်လပ်ရေးရပြီးခေတ်တိုင်းရင်းဆေးပညာ(၁၉၇၄ မှ ၁၉၈၈ ထိ)

### ၁၉၇၄-၁၉၈၈

- ♦ မြန်မာ့တိုင်းရင်းဆေးပညာသမိုင်းတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် ကျောင်းမှာ တိုင်းရင်းဆေးသိပ္ပံ ဖြစ်ပါသည်။တိုင်းရင်းဆေးသိပ္ပံ၊ မန္တလေးကို ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ တိုင်းရင်းဆေးသိပ္ပံနှင့်တွဲဖက်၍ ၁၉၇၆ ခုနှစ်၊ အောက်တိုဘာလ(၄)ရက်နေ့တွင် (၂၅) ခုတင်ဆံ့သင်ကြားရေး တိုင်းရင်းဆေးရုံ(မန္တလေး)ကို စတင်ဖွင့်လှစ်ခဲ့သည်။ အထောက်အကူပြု ပရဆေး ဥယျာဉ်နှင့် ဆေးဝါးထုတ်လုပ်ရေးစက်ရုံ(မန္တလေး)ကိုပါ ပူးတွဲဖွင့်လှစ်ခဲ့သည်။

- ♦ ဆေးရုံဆေးခန်းများအတွက် ဆေးဝါးများရရှိစေရန် မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံနှင့် ရန်ကုန်တိုင်းရင်းဆေးဝါးစက်ရုံတို့ကို ဖွင့်လှစ်ခဲ့သည်။ မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံသည် မန္တလေးတိုင်းရင်းဆေးသိပ္ပံကျောင်းလက်အောက်ရှိ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရေးဌာနခွဲတစ်ခု ဖြစ်ပါသည်။ ဆေးဝါးထုတ်လုပ်ရေးဌာနကို ၁၉၇၆ ခုနှစ်၊ အောက်တိုဘာ (၂၄)ရက်နေ့တွင် ဝန်ထမ်း(၈)ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။

- ♦ တိုင်းရင်းဆေးသိပ္ပံတွင် တိုင်းရင်းဆေးပညာဒီပလိုမာ အမှတ်စဉ်(၁)မှ (၃)အထိ နှစ်စဉ် သင်တန်းသားဦးရေ (၃၀)ကိုလည်းကောင်း၊ အမှတ်စဉ်(၄)မှ (၁၆)အထိ နှစ်စဉ် သင်တန်းသားဦးရေ (၅၀)ဦးကိုလည်းကောင်း၊ အမှတ်စဉ်(၁၇)မှ (၃၀)ထိကို နှစ်စဉ်သင်တန်းသားဦးရေ (၁၀၀)ဦးကို လည်းကောင်း သင်ကြားပေးခဲ့သည်။ သင်တန်းပြီးဆုံး အောင်မြင်ပါက တိုင်းရင်းဆေးပညာဒီပလိုမာဘွဲ့ (Diploma in Traditional Medicine) (Dip. T.Med) အပ်နှင်းခဲ့ပြီး တိုင်းရင်းဆေးပညာဒီပလိုမာ (၂၁၈၇)ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

- ♦ သင်ကြားရေးတိုင်းရင်းဆေးရုံ (ရန်ကုန်)ကို ၁၉၈၀ ခုနှစ်၊ ဇူလိုင်လ(၂)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ တိုက်အမှတ်(၁၈၀/၁၈၄)တွင် (၁၆)ခုတင်ဆံ့ ရှေ့ပြေးသုတေသနဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး၊ ၁၉၈၁ ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်တွင် အမှတ်(၉၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

- ♦ ၁၉၈၂ ခုနှစ်တွင် အမှတ်(၉၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုင်းရင်းဆေးရုံကြီးဝင်း အတွင်းတွင် စက်ရုံအဆောက်အဦနေရာရရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (W.H.O) အထောက်အပံ့

ပေးသည့် ဆေးမှုန့်ကြိတ်စက်များ၊ ဆေးပြားရိုက်စက်များဖြင့် ရန်ကုန်တိုင်းရင်းဆေးဝါးစက်ရုံ၏ လုပ်ငန်းများ စတင်လည်ပတ်ခဲ့သည်။

- ♦ ပြည်နယ်/တိုင်းအသီးသီးရှိ တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးကုဌာနများအတွက် လိုအပ်သော တိုင်းရင်းဆေးဝါးများကို ရန်ကုန်နှင့် မန္တလေးမြို့ရှိ တိုင်းရင်းဆေးဝါးစက်ရုံများမှ ထုတ်လုပ်ဖြန့်ဖြူး ပေးသည်။

- ♦ ၁၉၈၂ ခုနှစ်တွင် Myanmar Traditional Medicine Formulary စာအုပ်ကို ပထမအကြိမ် ထုတ်ဝေခဲ့ပါသည်။

- ♦ United Nations Development Programme(UNDP), WHO တို့၏ အထောက်အပံ့ဖြင့် ၁၉၈၄ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ (၅)နှစ်စီမံချက်အရ Myanmar Traditional Medicine Formulary စာအုပ်ပါ ဆေးဖုံများ၏ ကျမ်းဂန်လာဆေးဝါး ဂုဏ်သတ္တိများ၊ ရူပ-ဓာတု စံညွှန်း အရည်အသွေးများ၊ ဆေးဝါးသိမ္မရုက္ခဗေဒလက္ခဏာများ၊ အဆိပ်အာနိသင်နှင့် ဆေးဝါးအာနိသင် များကို ဆေးသုတေသနဦးစီးဌာန(ရန်ကုန်)နှင့် ပူးပေါင်း၍ သိပ္ပံနည်းကျ သုတေသနပြုလုပ်ဆောင်ရွက် ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အဆိုပါလေ့လာဆောင်ရွက်မှုမှ အောက်ပါ ဖော်ပြပါ စာအုပ်(၅)အုပ်ကို မှတ်တမ်းတင် ထားရှိနိုင်ခဲ့သည်။
  - Pharmacognosy of Plant Ingredients of Myanmar Traditional Medicine Formulations
  - Handbook of Botanical and Physico-chemical Characterization of Myanmar Traditional Medicine Formulations
  - Pharmacological and Toxicological Evaluation of Myanmar Traditional Medicine Formulations
  - Myanmar Traditional Medicine Formulary
  - Catalogue of Crude Drug Museum

## ၁၂။ မျက်မှောက်ခေတ်တိုင်းရင်းဆေးပညာ(၁၉၈၉ မှ ၂၀၁၉ ဩဂုတ်လထိ)

### ၁၉၈၉-၁၉၉၆

- နိုင်ငံတော်အစိုးရမှ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်းပေးခဲ့ပြီး တိုင်းနှင့် ပြည်နယ်တို့တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးရုံးများကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

- ၁၉၈၉ ခုနှစ်တွင် Myanmar Traditional Medicine Formulary စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါသည်။

- ၁၉၉၀ ခုနှစ်တွင် Myanmar Traditional Medicine Formulary စာအုပ်ကို တတိယအကြိမ် ထုတ်ဝေခဲ့ပါသည်။

- တိုင်းရင်းဆေးပညာ(၄)ဘာသာ အရည်အချင်းစစ်စာမေးပွဲများကို ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလတွင် (၁)ကြိမ်၊ ၁၉၉၅ ခုနှစ်၊ မေလတွင် (၁)ကြိမ်၊ စုစုပေါင်း(၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး စာမေးပွဲတွင် ဆေးကျမ်း(၁၄)ကျမ်း သတ်မှတ်ပြဌာန်းခဲ့သည်။ ဒေသနာနယအတွက် အဘိဓမ္မသင်္ဂဟရုပ်ပိုင်း၊ (၆)လုံးငြိကာဓာတ်ကျမ်း(ဆရာမှဲ့)၊ ဓာတုဝိနိစ္ဆယ ရူပကဏ္ဍကျမ်း(ဆရာကြီးဦးပန်းသာ)၊ ကာယာနုပဿနာကျမ်း(ယောအတွင်းဝန်ဦးဘိုးလှိုင်)၊ (၂) ဘေသဇ္ဇနယအတွက် ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်း (ဗင်္လားဆရာတော်)၊ မာဓဝနိဒါန်းကျမ်း(အရှင်ဉာဏဝံသ)၊ ဒဗ္ဗဂုဏပကာသနီဆေးကျမ်း (အရှင်ပဒုမမထေရ်)၊ သာရကောမုဒိဆေးကျမ်း(မောင်းထောင်သာသနာပိုင်ဆရာတော်)၊ နရသုခိဆေးကျမ်း (ဝန်စာရေးကြီးဦးကောင်း)၊ နက္ခတ္တနယ/ဗေဒတ္ထနယအတွက် အာဒိကပ္ပဒ္ဓါဒသိမ် အလင်းပြကျမ်း(ပထမကျော်ဆရာသိန်း)၊ (၄) ဝိဇ္ဇာဓရနယအတွက် ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ရသာမတ ဓာတ်ဆေးကုထုံးကျမ်းတတိယပိုင်း(သိမ်ဖြူဆရာတော်)၊ ရသတရင်္ဂိနီဓာတ်သမုဒ္ဒရာကျမ်းအခန်း(၅)(သိမ်ဖြူဆေးသိပ္ပံဆရာတော်)၊ အာယုဗ္ဗေဒသိရောမဏိကျမ်း (၁၃၁၈ ခု) ဆရာမင်း၊ ကျောက်ဆည်မြို့) စာမျက်နှာ ၃၅၄ မှ ၃၇၉ အထိ ဖြစ်ကြပါသည်။

- ပထမအကြိမ် စာမေးပွဲတွင် ရန်ကုန်စာစစ်ဌာနမှ (၅၄၃)ဦး၊ မန္တလေးစာစစ်ဌာနမှ (၃၆၉)ဦး၊ စုစုပေါင်း (၉၁၂)ဦး အောင်မြင်ခဲ့ပါသည်။ ဒုတိယအကြိမ်စာမေးပွဲတွင် ရန်ကုန်စာစစ်ဌာနမှ (၇၅၂)ဦး၊ မန္တလေး စာစစ်ဌာနမှ(၄၈၀)ဦး၊ စုစုပေါင်း(၁၂၃၂)ဦး အောင်မြင်ခဲ့သည်။ တိုင်းရင်းဆေးပညာ(၄)ဘာသာ စာမေးပွဲ (၂)ကြိမ် စုစုပေါင်းအောင်မြင်သူပေါင်း(၂၁၄၄)ဦး ရှိသည်။

- တိုင်းရင်းဆေးပညာ(၄)ဘာသာအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံ၌ ၁၉၉၅ ခုနှစ်၊ ဧပြီလ (၄)ရက်နေ့တွင် ပထမအကြိမ်၊ ၁၉၉၆ ခုနှစ်၊ မေလ(၁၈)ရက်နေ့တွင် ဒုတိယ အကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

- တိုင်းရင်းဆေးဝါးဆိုင်ရာ ဥပဒေများအနေဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် (၇/၁၉၉၆)အမိန့်စာအရ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့တွင် တိုင်းရင်းဆေးဝါး ဥပဒေ ပြဋ္ဌာန်းခဲ့သည်။

## ၁၉၉၇-၂၀၀၈

- ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်နေ့တွင် အဆင့်(၁)ဦးစီးဌာနအဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့သည်။

- ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်နေ့တွင် မန္တလေးမြို့၌ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

- ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၂/၂၀၀၀) အမိန့်ကြော်ငြာစာအရ တိုင်းရင်းဆေးကောင်စီ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး၊ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၁၁)ဦးဖြင့် တိုင်းရင်းဆေးကောင်စီကို ဖွဲ့စည်းခဲ့သည်။

- ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၉)ရက်နေ့မှ (၂၀)ရက်နေ့ထိ ပထမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို ရန်ကုန်မြို့၊ ကျိုက္ကဆံခန်းမတွင်လည်းကောင်း၊ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့၊ တပ်မတော်ခန်းမတွင်လည်းကောင်း ကျင်းပခဲ့ပြီး၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။ ညီလာခံပထမအကြိမ်မှ (၁၃)ကြိမ်မြောက်ထိ စာတမ်း ဖတ်ပွဲများ ပူးတွဲကျင်းပခဲ့သည်။

- ၂၀၀၀ ပြည့်နှစ်တွင် Medicinal Plants of Myanmar Volume - I စာအုပ်နှင့် Myanmar Traditional Medicine Formulary စာအုပ်(စတုတ္ထအကြိမ်) ထုတ်ဝေခဲ့သည်။

- ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ(၁၉)ရက်နေ့တွင် မန္တလေးမြို့၌ တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ စာတွေ့လက်တွေ့(၄)နှစ်၊ အလုပ်သင်ကာလ (၁)နှစ်၊ စုစုပေါင်း (၅)နှစ်ဖြစ်ပြီး အောင်မြင်ပြီးပါက (Bachelor of Myanmar Traditional Medicine) (B.M.T.M)ဘွဲ့ ချီးမြှင့်သည်။

- တိုင်းရင်းဆေးဆရာ (၁)နှစ်သင်တန်းများကို ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံတွင် (၅)ကြိမ်၊ ရန်ကုန်မြို့တွင် (၃)ကြိမ် ဖွင့်လှစ်ပို့ချခဲ့သည်။

- ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ(၈)ရက်နေ့တွင် ရန်ကုန်တိုင်းရင်းဆေးရုံကို ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

- ၂၀၀၂ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

- ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလတွင် World Health Organization (WHO) နှင့် ပူးပေါင်းပြီး Collection of Commonly Used Herbal Plants Volume-I စာအုပ်ကို ထုတ်ဝေခဲ့သည်။

- ၂၀၀၇ ခုနှစ်တွင် Medicinal Plants of Myanmar Volume - II စာအုပ်ကို ထုတ်ဝေခဲ့သည်။

- ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးပညာ ပြတိုက်ကို ဖွင့်လှစ်ခဲ့သည်။

- ၂၀၀၈ ခုနှစ်၊ ဇွန်လတွင် Hand Book on Traditional Medicine for Basic Health Education စာအုပ်ကို ထုတ်ဝေခဲ့သည်။

- ၂၀၀၈ ခုနှစ်၊ ဇွန်လတွင် WHO နှင့် ပူးပေါင်းပြီး A Manual of Myanmar Traditional Medicine for Primary Health Workers လက်စွဲစာအုပ်ကို ထုတ်ဝေခဲ့သည်။

- ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် WHO နှင့် ပူးပေါင်းပြီး မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာပဏာမကျန်းမာရေး စောင့်ရှောက်မှုလက်စွဲစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

- ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလတွင် WHOနှင့် ပူးပေါင်းပြီး မြန်မာ့တိုင်းရင်းဆေးပညာ စံညွှန်းကုထုံး စာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

- ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလတွင် Myanmar Traditional Medicine HandBook (Myanmar and English) စာအုပ်ကို ထုတ်ဝေခဲ့သည်။

## ၂၀၀၉-၂၀၁၉

- မန္တလေးမြို့၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် ၂၀၀၉ ခုနှစ်မှစ၍ တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲများကို နှစ်စဉ်ကျင်းပခဲ့သည်။

- ၂၀၀၉ ခုနှစ်တွင် World Health Organization (WHO) နှင့် ပူးပေါင်းပြီး The Use of Herbal Medicines in Primary Health Care Workshop ကို ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

- ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင် Collection of Commonly Used Herbal Plants Volume - II စာအုပ်ကို ထုတ်ဝေခဲ့သည်။

- ၂၀၁၂ ခုနှစ်၊ တိုင်းရင်းဆေးပညာမဟာဘွဲ့သင်တန်း (Master of Myanmar Traditional Medicine) (M.M.T.M)ကိုလည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး)(Bachelor of Myanmar Traditional Medicine) (B.M.T.M) သင်တန်းတို့ကို စတင်ဖွင့်လှစ်ခဲ့သည်။

- ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ရန်ကုန်နှင့် မန္တလေး တိုင်းရင်းဆေးရုံတို့ကို ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံများအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

- နေပြည်တော်၊ ရန်ကုန်၊ မန္တလေး တို့တွင် ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ (၃)ရုံ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့တွင် ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ (၉)ရုံ၊ (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ (၁၀)ရုံ၊ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ(၁၉)ရုံနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံး(၁၅)ခု၊ ခရိုင်ဦးစီးဌာနမှူးရုံး(၅၀)ခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန(၂၁၀)ခုတို့အား ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

- ရန်ကုန်နှင့်မန္တလေးရှိ တိုင်းရင်းဆေးဝါးစက်ရုံတို့မှ အရောင်းဆေးဝါး(၈)မျိုးကိုလည်း စနစ်တကျ ထုတ်ပိုးမှု ပုံစံဖြင့် ထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိသည်။

- ၂၀၁၃ ခုနှစ်တွင် Myanmar Herbal Pharmacopoeia Volume-I စာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

- ၂၀၁၃ ခုနှစ်၊ မတ်လတွင် မြန်မာ့တိုင်းရင်းဆေးပညာစံညွှန်းကုထုံးစာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါသည်။

- ၂၀၁၃ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့မှ (၁၅)ရက်နေ့ထိ Inter-sessional ASEAN TMHS Scientific Committee(ATSC) and Task Force on Regulatory Framework Meetings အစည်းအဝေးကို မြန်မာနိုင်ငံ၊ နေပြည်တော်၊ Zabu Thiri Hotel တွင် အိမ်ရှင်နိုင်ငံ အဖြစ် ကျင်းပခဲ့သည်။

- ၂၀၁၃ ခုနှစ်၊ ဇွန်လ(၂၄)ရက်နေ့မှ (၂၉)ရက်နေ့ထိ The 19th Meeting of Traditional Medicines Health Supplements- Product Working Group (TMHS-PWG) အစည်းအဝေးကို မြန်မာနိုင်ငံ၊ ပုဂံမြို့၊ Aureum Palace Hotel တွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည်။

- ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၈)ရက်နေ့မှ (၁၁)ရက်နေ့ထိ The 4th Meeting of ASEAN Task Force on Traditional Medicine အစည်းအဝေးကို မြန်မာနိုင်ငံ၊ ပုဂံမြို့၊ Central Hotel တွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည်။

- ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့တွင် The 5th Traditional Medicine Conference Pre-Meeting အစည်းအဝေးကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ Panda Hotelတွင် ကျင်းပခဲ့သည်။

- ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့မှ (၁၀)ရက်နေ့ထိ The 5th Conference on Traditional Medicine in ASEAN Countries အစည်းအဝေးကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ Summit Park View Hotelတွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည်။

- ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁၈)ရက်နေ့မှ (၂၂)ရက်နေ့ထိ Inter-sessional Meeting အစည်းအဝေးကို မြန်မာနိုင်ငံ၊ မန္တလေးမြို့၊ Hotel Shwe Pyi Thar တွင် ကျင်းပခဲ့သည်။

- ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ၊ နေပြည်တော်ကို ဖွင့်လှစ်ခဲ့ပါသည်။

- ၂၀၁၅ ခုနှစ်တွင် Myanmar Traditional Medicine Formulary စာအုပ်ကို ပဉ္စမအကြိမ် ထုတ်ဝေခဲ့ပါသည်။

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းဆေးရုံများတွင် Continuing Traditional Medical Education (CTME) အစီအစဉ်ကို ၂၀၁၆ ခုနှစ်၊ ဇွန်လမှစ၍ လစဉ်ဆောင်ရွက်ခဲ့သည်။

- ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ဌာနသုံးဆေးနည်းများနှင့်သမားစဉ်ဆေးဖုံများ စာအုပ်ကို ဆဌမအကြိမ် ထုတ်ဝေခဲ့ပါသည်။

- ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာ့တိုင်းရင်းဆေးပညာအတွေးအခေါ် အယူအဆနှင့် ကုထုံးဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းကို နေပြည်တော်၊ ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံတွင် ဖွင့်လှစ်ခဲ့သည်။

- တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ပရဆေးဥယျာဉ် (၉)ခု တည်ထောင်ထားရှိသည်။

- e-Government ဆိုင်ရာ လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် www.dtm.gov.mm အမည်ဖြင့် Website တစ်ခုကို တည်ထောင်ခဲ့သည်။

- အကြောပညာသင်တန်း (၁/၂၀၁၇)ကို (၂၁-၂-၂၀၁၇)ရက်နေ့မှ (၇-၃-၂၀၁၇)ရက်နေ့ထိ ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ၊ မန္တလေးမြို့၌ လည်းကောင်း၊ ဒေသနာနယဆေးပညာသင်တန်း (၁/၂၀၁၇)

ကို (၂၁-၂-၂၀၁၇)ရက်နေ့မှ (၂၂-၃-၂၀၁၇)ရက်နေ့အထိ ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ မြစ်ကြီးနားမြို့၌ လည်းကောင်း၊ ဒေသနာနယသင်တန်းနှင့် အကြောပညာသင်တန်း (၁/၂၀၁၇)ကို (၆-၃-၂၀၁၇) ရက်နေ့မှ (၆-၄-၂၀၁၇)ရက်နေ့အထိ ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ၊ ရန်ကုန်တို့တွင် သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သည်။

- မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်တွင် သုတေသနနည်းစနစ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် ဆေးပညာ သင်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၀၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသည်။

- ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကြီးမှူး၍ တိုင်းရင်းဆေးတက္ကသိုလ် တွင် ရှေးဟောင်းမြန်မာ့တိုင်းရင်းဆေးကျမ်းစာပေများ ထိန်းသိမ်းရန်နှင့်မျိုးဆက်သစ် တိုင်းရင်းဆေး ဆရာ/ဆရာမများ၏ အရည်အသွေး မြင့်မားလာစေရန်၊ ရှေးဟောင်းမြန်မာ့တိုင်းရင်း ဆေးကျမ်းများ ဆိုင်ရာ စာပေပြိုင်ပွဲကို ကျင်းပခဲ့သည်။

- ၂၀၁၇ ခုနှစ်၊ ဇွန်လ (၉)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၇)ဖြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ (Traditional Medicine Technical Advisory Group)(TM-TAG)ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

- ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့တွင် (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံများဆိုင်ရာ အစည်းအဝေး (The 8th Meeting on Indigenous Medicine in the Greater Mekong Basin)ကို ရန်ကုန်မြို့ရှိ Novotel Hotel တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ပြီး Summit Park View Hotel တွင် အစည်းအဝေးကျင်းပခဲ့သည်။ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် စသော မဲခေါင်ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်စုစုပေါင်း (၈၇)ဦး တက်ရောက်ခဲ့ကြသည်။

- (၈)ကြိမ်မြောက်မဲခေါင်ဒေသတွင်း နိုင်ငံများဆိုင်ရာ တိုင်းရင်းဆေးနှင့်ဆက်စပ်ပစ္စည်းများပြပွဲကိုလည်း ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်နေ့မှ (၂၄)ရက်နေ့ထိ ကျင်းပ ပြုလုပ်ခဲ့သည်။

- ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် Myanmar Herbal Pharmacopoeia Volume - II စာအုပ်ကို

ထုတ်ဝေခဲ့ပါသည်။

- ၂၀၁၈ ခုနှစ်၊ မတ်လတွင် Basic Concept of Myanmar Traditional Medicine စာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

- သင်ကြားရေးကဏ္ဍအနေဖြင့် တိုင်းရင်းဆေးတက္ကသိုလ်ကို မန္တလေးမြို့၌ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး လူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် အထိ (Bachelor of Myanmar Traditional Medicine) (B.M.T.M)ဘွဲ့ရသူ (၁၅၈၃)ဦး နှင့် (Master of Myanmar Traditional Medicine) (M.M.T.M) ဘွဲ့ရသူ (၅၉)ဦးကို မွေးထုတ်ပေးပြီးဖြစ်သည်။

- အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် သင်တန်း (Training of ASEAN Guidelines on GMP for Traditional Medicines and Health Supplements (TMHS)) (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားပရဆေးဥယျာဉ်၊ ပင်မရှင်းလင်းဆောင်၌ (၁၀-၁၀-၂၀၁၈) ရက်နေ့မှ (၁၅-၁၀-၂၀၁၈) ရက်နေ့ထိ ကျင်းပရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဒေါက်တာမြင့်ထွေး တက်ရောက်ဖွင့်လှစ်ခဲ့သည်။ ပထမဦးဆုံးဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းသား ဦးရေ(၆၁)ဦး တက်ရောက်ခဲ့ကြသည်။

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှထုတ်ဝေသော တိုင်းရင်းဆေးပညာ မဂ္ဂဇင်းအမှတ်စဉ် (၃၁)ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့ပါသည်။

- ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့နှင့် (၂၅)ရက်နေ့များတွင် နေပြည်တော်ရှိ M Gallery Hotel ၌ The 2nd Meeting of BTFTM (BIMSTEC Task Force on Traditional Medicine) ကို ကျင်းပခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ ထိုင်း၊ သီရိလင်္ကာ နိုင်ငံတို့မှ ကိုယ်စားလှယ်စုစုပေါင်း (၄၀)ဦး တက်ရောက်ခဲ့သည်။

- ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့တွင် (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁။)ဖြင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကို အသစ်ပြန်လည်ပြဋ္ဌာန်းခဲ့သည်။ ယခင် တိုင်းရင်းဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်

၂/၂၀၀၀)ကို ဤဉပဒေဖြင့် ရုပ်သိမ်းခဲ့သည်။

♦ ၂၀၁၉ ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် တိုင်းရင်းဆေးဝါးစက်ရုံ (မန္တလေး)အား တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

♦ ၂၀၁၉ ခုနှစ်၊ မတ်လ (၇)ရက်နေ့၊ The Global New Light of Myanmar သတင်းစာတွင် Integrating Traditional Medicine into Primary Health Care of Myanmar ဆောင်းပါးကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ(၃)ရက် မြန်မာ့အလင်း သတင်းစာတွင် **တက်နွယ်ကျောင်းကျောက်စာ**မှ တိုင်းရင်းဆေးမှတ်တမ်းများ ဆောင်းပါး ဖော်ပြပါရှိခဲ့သည်။

♦ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၈)ရက်နေ့ တိုင်းရင်းဆေးတက္ကသိုလ်တွင် တိုင်းရင်းဆေးပညာရပ်များ အခြေခံခိုင်မြဲပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် အရည်အသွေး ပြည့်ဝသောကျန်းမာရေးလုပ်ငန်းအား အရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်တို့အတွက် သမိုင်းတလျှောက် ပထမဆုံးအဖြစ် တိုင်းရင်းဆေးတက္ကသိုလ်၏ သင်ကြားရေး၊ ကုသရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး၊ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ကြိုးပမ်းပါဝင်ဆောင်ရွက်ပေးခဲ့သည့် အငြိမ်းစား ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများ၊ တိုင်းရင်းဆေးပညာရှင်ကြီးများအဖြစ် Professor Emeritus (၃)ဦး၊ Honorary Professor (၃)ဦး၊ Honorary Associate Professor (၁)ဦး၊ Visiting Lecturer (၁)ဦး စုစုပေါင်း(၈)ဦးတို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပေးအပ်ချီးမြှင့်ခဲ့သည်။

♦ တိုင်းရင်းဆေးပညာရှင်များအတွက် ဆေးရုံစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုသင်တန်း (၁/၂၀၁၉)ကို နေပြည်တော်ရှိ အမျိုးသားပရဆေးဉယျာဉ်၊ ပင်မရှင်းလင်းဆောင်၌ ကျင်းပရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။ WHO ၏ အထောက်အပံ့ဖြင့် (၁၀-၆-၂၀၁၉)ရက်နေ့မှ (၁၄-၆-၂၀၁၉) ရက်နေ့ထိ ဖွင့်လှစ်သည့်သင်တန်းဖြစ်ပြီး သင်တန်းသား(၂၄)ဦး တက်ရောက်ခဲ့သည်။

♦ ၂၀၁၉ ခုနှစ်၊ ဇွန်လ(၂၄)ရက်နေ့ The Global New Light of Myanmar သတင်းစာတွင် A Historic Day for University of Traditional Medicine, Mandalay ဆောင်းပါး ဖော်ပြပါရှိခဲ့သည်။

- ၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ အသီးသီး၌ ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်းနှင့် ဗဟိုအလုပ်မှုဆောင် ရွေးချယ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

- တိုင်းရင်းဆေးပညာဦးစီးဌာနသည် မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ တိုင်းရင်းဆေးပညာရပ် ဆိုင်ရာအကြံပေးအဖွဲ့၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်း၊ နှီးနွှယ်သော ဦးစီးဌာနများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)၊ အာဆီယံနိုင်ငံများမှ တိုင်းရင်းဆေးလုပ်ငန်းဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## ၁၃။ ကျမ်းကိုးစာရင်းများ


၁။ တိုင်းရင်းသားဆေးပညာ စည်းစနစ်ကို စုံစမ်းသော ကော်မတီအစီရင်ခံစာ၊ ၁၉၃၂ ခုနှစ်။

၂။ ရန်ကုန်နှင့် မန္တလေး တိုင်းရင်းဆေးရုံတို့၏ မှတ်တမ်းများ၊ ၁၉၇၆ ခုနှစ်။

၃။ တိုင်းရင်းဆေးသိပ္ပံ၊ မန္တလေးဆိုင်ရာ မှတ်တမ်းများ၊ ၁၉၇၆ ခုနှစ်။

၄။ မြန်မာ့တိုင်းရင်းဆေးပညာသမိုင်း၊ တိုင်းရင်းဆေးသိပ္ပံကျောင်းသင်ခန်းစာကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ၁၉၇၈ ခုနှစ်။

၅။ မဟာဗုဒ္ဓဝင်၊ ၁၉၉၅ ခုနှစ်။

၆။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနမှ သုတေသနပြု မှတ်တမ်းတင်ထားသော မြန်မာတိုင်းရင်းဆေးဖုံများ၊ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ။

၇။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဇီဝကလျှောက်ထုံး၊ ၁၉၉၉ ခုနှစ်၊ မတ်လ။

၈။ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ဆိုင်ရာမှတ်တမ်းများ၊ ၂၀၀၁ ခုနှစ်။

၉။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာန၊ မြန်မာရက်စဉ်သမိုင်း ပထမတွဲ (အကြိုသမိုင်းကာလ မှ ၁၉၄၅ အထိ)၊ ၂၀၀၉ ခုနှစ်။

၁၀။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာန၊ မြန်မာရက်စဉ်သမိုင်း ဒုတိယတွဲ (၁၉၄၅ မှ ၂၀၀၈ အထိ)၂၀၀၉ ခုနှစ်။

၁၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏သမိုင်းနှင့် ဦးစီးဌာနအလိုက် ဆောင်ရွက်ချက်များ၊ ၂၀၁၇ ခုနှစ်။

၁၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာမဂ္ဂဇင်း၊ အမှတ်(၃၀)၊ ၂၀၁၈ ခုနှစ်။

၁၃။ ၂၀၁၆ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အတွင်း ပြောင်းလဲတိုးတက်မှု အခြေအနေများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ၂၀၁၉ ခုနှစ်၊ မေလ။

## ၁၄။ နောက်ဆက်တွဲများ

### ၁၄-၁။ တိုင်းရင်းမြန်မာဆေးခန်းများစာရင်း

### ၁၉၅၃ ခုနှစ်တွင် ဖွင့်လှစ်သည့် တိုင်းရင်းမြန်မာဆေးပေးခန်းများ

### ရန်ကုန် (၉)ခန်းစာရင်း

| | အမှတ်စဉ် | | ဆေးခန်းမှူး |
|---|---|---|---|
| ၁။ | ပုဇွန်တောင်၊ တံတားဦး | - | ဆရာသော် |
| ၂။ | ခရစ်လမ်း၊ ရေကျော် | - | ဦးထွန်းမြင့် |
| ၃။ | မော်တင်စျေး၊ လမ်းမတော် | - | ဦးထွန်းတင် |
| ၄။ | ဆူပါပင်လမ်း၊ အလုံ | - | ဦးစိုးလှိုင် |
| ၅။ | ကြည့်မြင်တိုင် | - | ဆရာချစ် |
| ၆။ | မြေနီကုန်း၊ အဝိုင်းကြီးအနီး | - | ဦးစောမောင် |
| ၇။ | ရေတာရှည်လမ်း၊ ဗဟန်း | - | ဆရာသန်း |
| ၈။ | မဂျစ်လမ်း၊ တာမွေ | - | ဦးဘခင် |
| ၉။ | မြင်းပြိုင်ကွင်းလမ်း၊ တာမွေ | - | ဆရာသိန်း |

### မန္တလေး (၉)ခန်းစာရင်း

| | အမှတ်စဉ် | | ဆေးခန်းမှူး |
|---|---|---|---|
| ၁။ | ဦးတာရဲစျေး(ဒီဘိုးလမ်း) | - | ဒေါ်အေး(သမားတော်ကြီး ဆရာခဲ၏ မြေး၊ ဆရာညိုကြီး၏ သမီး) |
| ၂။ | ဘုရားကြီးစျေး(၈၄ လမ်း၊ မင်းသားစုရပ်) | - | သီဝံဆရာချစ် |
| ၃။ | မျက်ပါးရပ်စျေး(ရွှေချည်ထိုးရပ်) | - | အာယုကဆရာတင် |
| ၄။ | မင်္ဂလာစျေး(တောင်ပြင်မင်္ဂလာလမ်း) | - | ဆရာအေးကြီး |
| ၅။ | နန်းတော်ရှေ့စျေး(ဒါလောင်ရပ်) | - | ဆရာစိန် |
| ၆။ | သူရဲစျေး(မြောက်ပြင်ဒါးဝယ်ရပ်) | - | ဦးစံထိုက် |
| ၇။ | ညောင်ပင်စျေး(ပုလဲငွေရောင်ရပ်) အနောက်ပြင် | - | ဦးလူကလေး (သမားတော်ကြီးဦးတူ၏ မြေးဖြစ်သည်) |

| | | | |
|---|---|---|---|
| ၈။ | စီရုံဈေး(ဘီရုံဈေး၊ ပွဲကုန်းရပ်) | - | ဦးအီဆာ(ဘုရင့်သမားတော် ဆရာမိုးကြီး၏ မြေးဖြစ်သည်) |
| ၉။ | ကမ်းနားဈေး(စိန်ပန်းရပ်) | - | ဆရာရစ် |

**တိုင်းရင်းဆေးပညာ မွမ်းမံသင်တန်းများ**

**မွမ်းမံသင်တန်း အမှတ်စဉ်(၁)**။ ။ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ (၁၁)ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့အထိ ရန်ကုန်မြို့၊ တိုင်းရင်းဆေးပညာရုံးခန်းမတွင် ဖွင့်လှစ်သင်ကြား၍ပေးသည်။ သင်ပြသည့် ဘာသာရပ်များနှင့် ပို့ချသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

**တိုင်းရင်းဆေးပညာဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | ခန္ဓာဗေဒ(အာယုဗ္ဗေဒ) | - | ဦးဟန်ထွန်း(သင်တန်းကျောင်းအုပ်ကြီး) |
| ၂။ | တိုင်းရင်းဆေးပညာသမိုင်း | - | ဦးသာတင်(မာဃ) |
| ၃။ | အကြောပြင်ကုထုံး | - | ဦးထွန်း |
| ၄။ | သွေးစမ်းပညာ | - | ဦးမောင်မောင် |
| ၅။ | အနာပေါက်ကုထုံး | - | ဦးငြိမ်း |
| ၆။ | ဆေးပစ္စည်းအာနိသင် | - | ဦးငြိမ်း |
| ၇။ | ဆေးပညာဥပဒေသ | - | ပဋ္ဌမကျော် ဆရာသိန်း |
| ၈။ | ဆေးဝေါဟာရ | - | ဦးမောင်မောင် |
| ၉။ | ဆေးဝါးဖော်စပ်နည်းများ | - | ပဋ္ဌမကျော် ဆရာသိန်း<br>ဦးဘိုးကျား(ဘီ၊ပီ၊အိုင်) |
| ၁၀။ | ရောဂါနိဒါန်းနှင့်ကုထုံးများ | - | ဆရာကြီးဦးစံတင့်(ဆေးကောင်စီဝင်)<br>ဆရာကျော်(ဆေးနှင့်မှတ်ပုံတင်အရာရှိ)<br>ဦးပဏ္ဍဝ(ဆေးကောင်စီအဖွဲ့ဝင်)<br>ဦးဟန်ထွန်း<br>ဦးငြိမ်း<br>ဒေါက်တာဦးဘသိန်း |
| ၁၁။ | လူနာချဉ်းကပ်နည်းနှင့်စမ်းသပ်နည်း | - | ဒေါက်တာဦးဘသိန်း |
| ၁၂။ | ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါနှင့်ကုထုံး | - | ဆရာကျော် |

ယင်းဘာသာ(၁၂)မျိုးအတွက် သင်တန်းချိန်နာရီပေါင်း (၃၀၉)နာရီရှိသည်။

**အနောက်တိုင်းဆေးပညာဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | ခန္ဓာဗေဒ(အနောက်တိုင်း) | - | ဒေါက်တာဦးတင်ဦး<br>(မီးရထားဆရာဝန်ကြီး၊ အင်းစိန်) |
| ၂။ | ဇီဝကမ္မဗေဒ | - | ဒေါက်တာဦးတင်ဦး |
| ၃။ | အခြေခံရူပဗေဒ | - | ဦးလှမော်(ဗဟိုဆေးသုတေသန) |
| ၄။ | အခြေခံဓာတုဗေဒ | - | ဦးလှမော် |
| ၅။ | အခြေခံရုက္ခဗေဒ | - | ဦးလှမော် |
| ၆။ | အခြေခံစိတ္တဗေဒ | - | ဒေါက်တာဦးတင်ဦး |
| ၇။ | အကြောပြင်(အနောက်တိုင်း) | - | ဒေါက်တာဒေါ်မြစိန်(ရန်ကုန်ဆေးရုံကြီး) |
| ၈။ | စိတ်ရောဂါ | - | ဒေါက်တာဦးနေဝင်း<br>(စိတ္တဇဆေးရုံအုပ်ကြီး) |
| ၉။ | ကူးစက်တတ်သောရောဂါများ | - | ဒေါက်တာဦးသောင်း<br>(ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်ရုံး) |
| ၁၀။ | ဆေးမှတ်တမ်းနှင့်စာရင်းအင်း<br>ပြုစုနည်း | - | ဒေါက်တာဒေါ်ရင်မြ<br>(ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်ရုံး) |

ယင်းဘာသာ (၁၁)မျိုးအတွက် သင်တန်းချိန်နာရီပေါင်း (၇၇)နာရီရှိသည်။

**အခြားဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | ကြက်ခြေနီ ပြည်တွင်းပြည်ပဖွဲ့စည်းပုံ | - | ဦးကိုကို |
| ၂။ | သဘောတရားရေးရာ | - | ဗိုလ်တထောင်ပါတီယူနစ် |
| ၃။ | ရှေးဦးသူနာပြု | - | ကြက်ခြေနီအဖွဲ့ချုပ် |

ယင်းဘာသာ(၃)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၀)နာရီရှိသည်။

**အထွေထွေဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | သမားတို့၏တာဝန် | - | ဒုတိယဗိုလ်မှူးကြီးလှမိုး<br>(ကျန်းမာရေးဝန်ကြီးဌာန၊ |

| | | | |
|---|---|---|---|
| | | | တွဲဘက်အတွင်းဝန်) |
| ၂။ | ပြည်သူ့ကျန်းမာရေးနှင့် တိုင်းရင်းဆေးပညာကဏ္ဍ | - | ဒေါက်တာဦးအောင်သိန်း (ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်) |
| ၃။ | ပြင်ပဆရာကြီးများ၏ လက်တွေ့ကုထုံးများ | - | တောင်သာဆရာကြီး ဦးထွန်းတင် သဘာဝဓမ္မဆရာသန်း၊ သဘာဝဓမ္မ သိုင်းဦးဘသွင် |
| ၄။ | ဘယဆေးဖြန့်ဖြူးပုံ | - | ဗိုလ်ကြီးတင်ထွန်း၊ ကုန်သွယ်ရေး(၁၀) |
| ၅။ | လက်တွေ့ဘယဆေးပညာ | - | ဒဗ္ဗဂုဏ်းဆရာညွှန့် |
| ၆။ | တိုင်းရင်းဆေး ရုံးဖွဲ့စည်းပုံ | - | ဦးစိုးမောင်၊ အုပ်ချုပ်ရေးအရာရှိ |

ယင်းဘာသာရပ်(၆)မျိုးအတွက် သင်တန်းချိန် နာရီပေါင်း(၂၂)နာရီရှိသည်။ ဘာသာရပ်အားလုံးအတွက် သင်တန်းချိန် နာရီပေါင်း(၄၂၈)နာရီရှိသည်။ သင်တန်းသားပေါင်း (၄၅)ယောက်တက်ရောက်ကြသည်။ ယင်းသင်တန်းကာလအတွင်း တနင်္ဂနွေနေ့ စသော အားလပ်ရက်များ၌ (၁) ဘီ-ပီ-အိုင်၊ (၂) ဆေးတက္ကသိုလ်-၂၊ (၃) ဗဟိုဆေးသုတေသနဌာန၊ (၄) ကန်တော်ကြီးမြေပဒေသာကျွန်း၊ (၅) သိမ်ဖြူဆေးကုဌာန၊ (၆) သုခိတာရာမဆရာတော် ဆေးကုဌာန၊ (၇) ဆရာကြီး ဦးစံတင့် ဆေးကုဌာန၊ (၈) ထီးတန်းသဘာဝဓမ္မ ဆေးကုဌာနများသို့လည်း ကွင်းဆင်းလေ့လာကြရသည်။

**မွမ်းမံသင်တန်းအမှတ်(၂)**။ ။၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉)ရက်နေ့မှ ဇွန်လ (၁၀) ရက်နေ့အထိ ရန်ကုန်မြို့၊ တိုင်းရင်းဆေးပညာရုံးတွင် ဖွင့်လှစ်သင်ကြားပေးသည်။ သင်တန်းသားပေါင်း (၄၅)ယောက်ရှိသည်။ သင်ပြသည့် ဘာသာရပ်များနှင့် ပို့ချသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

**တိုင်းရင်းဆေးပညာဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | တိုင်းရင်းဆေးပညာသမိုင်း | - | ဦးသာတင်(မာဃ) |
| ၂။ | ခန္ဓာဗေဒ(အာယုဗ္ဗေဒ) | - | ဦးဟန်ထွန်း |
| ၃။ | ဆေးပညာဥပဒေသ | - | ဆရာကျော် |
| ၄။ | သွေးစမ်းပညာ | - | သိမ်ဖြူဆရာတော် |
| ၅။ | အကြောပြင် | - | ဆရာထိုက်(ဘင်္ဂါလီစု) |
| ၆။ | လူနာချဉ်းကပ်နည်းနှင့်စမ်းသပ်နည်း | - | ဒေါက်တာဦးဘသိန်း |

| | | | |
|---|---|---|---|
| ၇။ | ဆေးပစ္စည်းအာနိသင် | - | ပဌမကျော်ဆရာသိန်း |
| ၈။ | ဆေးဝါးဖော်စပ်နည်းများ | - | ဆရာသိန်း<br>ဦးဘိုးကျား(ဘီ-ပီ-အိုင်)၊<br>ဦးသိန်း(ဆေးဝါးထုတ်လုပ်ရေး) |
| ၉။ | ရောဂါနိဒါန်းနှင့်ကုထုံး | - | ဆရာကြီးဦးစံတင့်၊ ဆရာကျော်<br>ဒေါက်တာဦးဘသိန်း၊ ဦးပဏ္ဍဝ၊ ဦးငြိမ်း |
| ၁၀။ | အနာပေါက်ကုထုံး | - | သုခိတာရာမဆရာတော် |
| ၁၁။ | ဆေးဝေါဟာရ | - | ဦးမောင်မောင် |

ယင်းဘာသာရပ်(၁၁)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၉၅)နာရီ ရှိသည်။

## အနောက်တိုင်းဆေးပညာဘာသာရပ်များ

| | | | |
|---|---|---|---|
| ၁။ | ခန္ဓာဗေဒ(အနောက်တိုင်း) | - | ဒေါက်တာဦးတင်ဦး |
| ၂။ | ဇီဝကမ္မဗေဒ | - | ဒေါက်တာဦးတင်ဦး |
| ၃။ | အခြေခံရုက္ခဗေဒ | - | ဦးလှမော် |
| ၄။ | အခြေခံဓာတုဗေဒ | - | ဦးလှမော် |
| ၅။ | အခြေခံရူပဗေဒ | - | ဦးလှမော် |
| ၆။ | အခြေခံစိတ္တဗေဒ | - | ဒေါက်တာဦးတင်ဦး |
| ၇။ | အကြောပြင်(အနောက်တိုင်း) | - | ဒေါက်တာဒေါ်မြစိန် |
| ၈။ | စိတ်ရောဂါ | - | ဒေါက်တာဦးနေဝင်း |
| ၉။ | ကူးစက်တတ်သောရောဂါများ | - | ဒေါက်တာဦးသောင်း |
| ၁၀။ | ဆေးမှတ်တမ်းနှင့်စာရင်းပြုစုရေး | - | ဒေါက်တာဒေါ်ရင်မြ |

ယင်းဘာသာ (၁၁)ရပ်အတွက် သင်တန်းအချိန်နာရီပေါင်း (၉၁)နာရီ ရှိသည်။

## အခြားဘာသာရပ်များ

| | | | |
|---|---|---|---|
| ၁။ | ကြက်ခြေနီပြည်တွင်းပြည်ပဖွဲ့စည်းပုံ | - | ဦးသီလှ |
| ၂။ | သဘောတရားရေးရာ | - | ပိုလ်တထောင်ပါတီယူနစ် |
| ၃။ | သူနာပြုနည်းပြ | - | ကြက်ခြေနီအဖွဲ့ချုပ် |

ယင်းဘာသာရပ် (၃)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၄၇)နာရီ ရှိသည်။

**အထွေထွေဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | သမားတို့၏တာဝန် | - | ဒုတိယဗိုလ်မှူးကြီးလှမိုး |
| ၂။ | ပြည်သူ့ကျန်းမာရေးနှင့်တိုင်းရင်းဆေးပညာကဏ္ဍ | - | ဒေါက်တာဦးအောင်သိန်း |
| ၃။ | ပြင်ပဆရာကြီးများ၏လက်တွေ့ကုထုံး | - | ဆရာကြီးများ |
| ၄။ | ဘယဆေးဖြန့်ဖြူးပုံ | - | ဗိုလ်ကြီးတင်ထွန်း |
| ၅။ | လက်တွေ့ဘယဆေးပညာ | - | ဒဗ္ဗဂုဏ်းဆရာညွန့် |
| ၆။ | တိုင်းရင်းဆေးရုံးဖွဲ့စည်းပုံ | - | ဦးစိုးမောင် |

ယင်းဘာသာရပ် (၆)ရပ်အတွက် သင်တန်းချိန် နာရီပေါင်း (၁၉)နာရီ ရှိသည်။

**လေ့လာရေး**

၁။ ဆေးတက္ကသိုလ်နှင့် ခန္ဓာဗေဒဌာန

၂။ မြေပဒေသာ ဘယဆေးစိုက်ခင်း

၃။ မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးဌာန

၄။ ကံဘဲ့သုတေသနဌာန

၅။ မြန်မာ့အာယုဗ္ဗေဒဆေးကုဌာန

၆။ (က) ဆရာဦးစံတင့် ဆေးကုဌာန

(ခ) ထီးတန်းသဘာဝဓမ္မ ဆေးကုဌာန

(ဂ) သုခိတာရာမ ဆေးကုဌာန

၇။ စိတ်ရောဂါ အထူးကုဆေးရုံနှင့် အင်းစိန် မီးရထားဆေးရုံတို့သို့ (၂၄)ကြိမ်မျှ သွားရောက်လေ့လာခဲ့သည်။

**မွမ်းမံသင်တန်းအမှတ်စဉ်(၃)။** ။ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့အထိ မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးသည်။ သင်တန်းသား (၄၃)ယောက် ရှိသည်။ သင်ကြားပြသသည့် ဘာသာရပ်များနှင့် ပို့ချသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

**တိုင်းရင်းဆေးပညာဘာသာရပ်များ**

၁။ တိုင်းရင်းဆေးပညာသမိုင်း - ဦးသာတင်(မာဃ)

| | | | |
|---|---|---|---|
| ၂။ | ခန္ဓာဗေဒ(အာယုဗ္ဗေဒ) | - | ဦးဟန်ထွန်း |
| ၃။ | ဆေးပညာဥပဒေသ | - | ဆရာဦးစံတင့်၊ ပဌမကျော်ဆရာသိန်း ဆရာကျော် |
| ၄။ | သွေးစမ်းပညာ | - | ဦးငြိမ်း |
| ၅။ | အကြောပြင် | - | ဦးမောင်တင့်(ပေါင်းတည်) |
| ၆။ | လူနာချဉ်းကပ်နည်းနှင့်စမ်းသပ်နည်း | - | ဒေါက်တာဦးဘသိန်း |
| ၇။ | ဆေးပစ္စည်းအာနိသင် | - | ဆရာသိန်း |
| ၈။ | (က) ဆေးဝါးဖော်စပ်နည်း | - | ဆရာသိန်း |
| | (ခ) ဆေးဆီ | - | ဦးသိန်း(ဆေးဝါးထုတ်လုပ်ရေး) |
| | (ဂ) ဆေးပြား | - | ဦးသိန်း(ဆေးဝါးထုတ်လုပ်ရေး) |
| ၉။ | (က) ရောဂါနိဒါန်းနှင့်ကုထုံးများ | - | ဆရာကြီးဦးစံတင့်(ဆေးကောင်စီဝင်) |
| | (ခ) ၄င်း | - | ဒေါက်တာဦးဘသိန်း |
| | (ဂ) ၄င်း | - | ဆရာကြီးဦးအုန်းရွှေ |
| | (ဃ) ၄င်း | - | ဦးငြိမ်း |
| ၁၀။ | အနာပေါက် | - | ဆရာကြီးဦးအုန်းရွှေ |
| ၁၁။ | ဆေးဝေါဟာရ | - | ဦးဟန်ထွန်း ဆရာကျော် |

ယင်းဘာသာ (၁၁)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၉၂)နာရီရှိသည်။

## အနောက်တိုင်းဆေးပညာဘာသာရပ်များ

| | | | |
|---|---|---|---|
| ၁။ | ခန္ဓာဗေဒ(အနောက်တိုင်း) | - | ဒေါက်တာဦးတင်ဦး |
| ၂။ | ဇီဝကမ္မဗေဒ | - | ဒေါက်တာဗြာဟ္မဏရွှေလင်း (ဆေးတက္ကသိုလ်၊ မန္တလေး) |
| ၃။ | အခြေခံရုက္ခဗေဒ | - | ဒေါက်တာဒေါ်ခင်စိန်(ဝ/သ တက္ကသိုလ်) |
| ၄။ | အခြေခံဓာတုဗေဒ | - | ဦးဝင်းမောင်(မန်း/ဆေးတက္ကသိုလ်) |
| ၅။ | အခြေခံရူပဗေဒ | - | ဦးကြီးမြင့်(ဝ/သ မန္တလေး) |
| ၆။ | အခြေခံစိတ္တဗေဒ | - | ဒေါက်တာဒေါ်မြမြဝင်း |
| ၇။ | အကြောပြင်(အနောက်တိုင်း) | - | ဒေါက်တာဦးမြင့်ဟန် |
| ၈။ | စိတ်ရောဂါ | - | ဒေါက်တာဒေါ်မြမြဝင်း |

၉။ ကူးစက်တတ်သောရောဂါများ - ဒေါက်တာဦးအောင်သိန်း
၁၀။ ဆေးမှတ်တမ်းနှင့်စာရင်းအင်း - (မန္တလေးဆေးရုံကြီးဆေးမှတ်တမ်းဌာန)
ယင်းဘာသာ (၁၀)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၉၁)နာရီရှိသည်။

**အခြားဘာသာရပ်များ**

၁။ ကြက်ခြေနီ ပြည်တွင်းပြည်ပဖွဲ့စည်းပုံ - ဦးသီလှ(ကြက်ခြေနီဗဟိုအဖွဲ့ချုပ်)
၂။ သဘောတရားရေးရာ - မန္တလေးအနောက်မြောက်၊ မြို့နယ်ပါတီယူနစ်
၃။ သူနာပြု - ဦးမြင့်နှင့်(မန္တလေးတိုင်း၊ ကြက်ခြေနီအဖွဲ့)
ယင်းဘာသာ (၃)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၄)နာရီ ရှိသည်။

**အထွေထွေဘာသာရပ်များ**

၁။ သမားတို့၏တာဝန် - ဆေးကျောင်း၊ ဆေးရုံကော်မတီ အတွင်းရေးမှူး ဦးတိုးလှိုင်
၂။ ပြင်ပဆရာကြီးများ၏ကုထုံးများ - ဦးလူကလေး၊ ဦးသုတ၊ သီဝံဆရာချစ်၊ ဆရာဟန်၊ စစ်ကိုင်းဦးတင်ဦး
၃။ ဘယဆေးဖြန့်ဖြူးပုံ - ဦးတင်ထွန်း
၄။ လက်တွေ့ဘယဆေးများ - ဒဗ္ဗဂုဏ်းဦးညွန့်
၅။ တိုင်းရင်းဆေး ရုံးဖွဲ့စည်းပုံ - ဦးစိုးမောင်
ယင်းဘာသာရပ် (၆)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၅)နာရီ ရှိသည်။

**လေ့လာရေး**

၁။ ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာန၊ မန္တလေး
၂။ ဆေးရုံကြီးဆေးမှတ်တမ်းဌာန၊ မန္တလေး
၃။ မေမြို့ဘယဆေးဥယျာဉ်တို့သို့ (၁၄)ကြိမ်မျှ သွားရောက်လေ့လာခဲ့သည်။

**မွမ်းမံသင်တန်းအမှတ်စဉ်(၄)**။ ။ ၁၉၇၃ ခုနှစ်၊ ဇွန်လ (၂၁)ရက်နေ့မှ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့အထိ မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးသည့် သင်တန်းသားပေါင်း (၃၇)ယောက်ရှိသည်။ သင်ပြသည့်ဘာသာရပ်များနှင့် ပို့ချသည့် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

**တိုင်းရင်းဆေးပညာဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | တိုင်းရင်းဆေးပညာသမိုင်း | - | ဦးဟန်ထွန်း |
| ၂။ | ခန္ဓာဗေဒ(အာယုဗ္ဗေဒ) | - | ဦးဟန်ထွန်း |
| ၃။ | ဆေးပညာဥပဒေသ | - | ဆရာကြီးဦးစံတင့်၊ ဆရာသိန်း၊ ဆရာကျော် |
| ၄။ | သွေးစမ်းပညာ | - | ဦးသောင်းနွယ်(ရမည်းသင်း) |
| ၅။ | အကြောပြင် | - | ရှမ်းကလေး ဦးနွယ်နှင့် ဦးသန်းမောင် |
| ၆။ | လူနာချဉ်းကပ်နည်းနှင့်စမ်းသပ်နည်း | - | ဒေါက်တာဦးဘသိန်း |
| ၇။ | ဆေးပစ္စည်းအာနိသင် | - | ဆရာကြီးဦးစံတင့်နှင့် ဆရာသိန်း |
| ၈။ | ဆေးဝါးဖော်စပ်နည်းများ | - | ဆရာသိန်း |
| ၉။ | ရောဂါနိဒါန်းနှင့်ကုထုံးများ | | |
| | (၁) ၄င်း | - | ဆရာကြီးဦးစံတင့် |
| | (၂) ၄င်း | - | ဆရာသိန်း |
| | (၃) ၄င်း | - | ဒေါက်တာဦးဘသိန်း |
| | (၄) ၄င်း | - | ဆရာကြီးဦးအုန်းရွှေ |
| | (၅) ၄င်း | - | ဆရာကျော် |
| ၁၀။ | အနာပေါက် | - | ဆရာဦးအုန်းရွှေ |
| ၁၁။ | ဆေးဝေါဟာရ | - | ဦးဟန်ထွန်း |
| ၁၂။ | တိုင်းရင်းသူနာပြု | - | ဒေါက်တာဦးဘသိန်း |

ယင်းဘာသာ (၁၂)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၈၂)နာရီ ရှိသည်။

**အနောက်တိုင်းဆေးပညာဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | ခန္ဓာဗေဒ(အနောက်တိုင်း) | - | ဒေါက်တာဦးတင်ဦး |
| ၂။ | ဇီဝကမ္မဗေဒ | - | ဒေါက်တာပြဟ္မဏရွှေလင်း |
| ၃။ | အခြေခံရုက္ခဗေဒ | - | ဒေါက်တာဦးတင်မြင့် |

(ဝ/သ တက္ကသိုလ်၊ မန္တလေး)

| | | | |
|---|---|---|---|
| ၄။ | အခြေခံဓာတုဗေဒ | - | ဦးဝင်းမောင်(ဆေးတက္ကသိုလ်၊ မန္တလေး) |
| ၅။ | အခြေခံရူပဗေဒ | - | ဦးကြီးမြင့် (ဝ/သ တက္ကသိုလ်၊ မန္တလေး) |
| ၆။ | အခြေခံစိတ္တဗေဒ | - | ဒေါက်တာဒေါ်မြမြဝင်း (စိတ်ရောဂါကုဌာန၊ မန္တလေးဆေးရုံ) |
| ၇။ | အကြောပြင် | - | ဒေါက်တာမြင့်ဟန်(မန္တလေးဆေးရုံကြီး) |
| ၈။ | စိတ်ရောဂါ | - | ဒေါက်တာဒေါ်မြမြဝင်း (စိတ်ရောဂါကုဌာန၊ မန္တလေးဆေးရုံ) |
| ၉။ | ကူးစက်တတ်သောရောဂါများ | - | ဒေါက်တာဦးကျော်ခိုင် |
| ၁၀။ | ဆေးမှတ်တမ်းနှင့်စာရင်းအင်း | - | ဆေးမှတ်တမ်းဌာန(မန္တလေးဆေးရုံကြီး) |

ယင်းဘာသာ(၁၀)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၉၂)နာရီရှိသည်။

## အခြားဘာသာရပ်များ

| | | | |
|---|---|---|---|
| ၁။ | ကြက်ခြေနီ ပြည်တွင်းပြည်ပဖွဲ့စည်းပုံ | - | ဦးသီလှ(ကြက်ခြေနီဗဟိုအဖွဲ့ချုပ်) |
| ၂။ | သဘောတရားရေးရာ | - | အနောက်မြောက် မြို့နယ်ပါတီယူနစ်၊ မန္တလေး |
| ၃။ | ရှေးဦးသူနာပြု | - | မန္တလေးတိုင်းကြက်ခြေနီအဖွဲ့ |

ယင်းဘာသာ (၃)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၄)နာရီ ရှိသည်။

## အထွေထွေဘာသာရပ်များ

| | | | |
|---|---|---|---|
| ၁။ | သမားတို့၏တာဝန် | - | ဦးတိုးလှိုင် |
| ၂။ | ပြင်ပဆရာကြီးများ၏ကုထုံးများ | - | မန္တလေးမှ ဆရာကြီးများ ဦးလူကလေး၊ ဦးသုတ၊ သိဝံဆရာချစ်၊ ဆရာဟန်၊ စစ်ကိုင်းဦးတင်ဦး |
| ၃။ | ဘယဆေးဖြန့်ဖြူးပုံ | - | ဦးတင်ထွန်း |
| ၄။ | တိုင်းရင်းဆေး ရုံးဖွဲ့စည်းပုံ | - | ဦးစိုးမောင် |

ယင်းဘာသာရပ် (၄)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၀)နာရီ ရှိသည်။

**လေ့လာရေး**

၁။ ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာန၊ မန္တလေး

၂။ တိုင်းရင်းဆေးကုဌာနများ

၃။ တိုင်းရင်းဆေးသိပ္ပံရှိ ဆေးဥယျာဉ် တို့သို့ လေ့လာသည့်အကြိမ်ပေါင်း (၁၁)ဖြစ်သည်။

**ဆေးခန်းမှူးကြီးများ ဉာဏ်သစ်လောင်းသင်တန်း။** ။ ၁၉၇၃ ခုနှစ်၊ ဧပြီလ (၂၃)ရက်နေ့မှ မေလ(၅)ရက်နေ့ထိ တိုင်းရင်းဆေးခန်းမှူးကြီးများ၏ ဉာဏ်သစ်လောင်းသင်တန်းဖွင့်လှစ်သည်။

**တက်ရောက်ကြသည့် သင်တန်းသားများ-**

| | | | |
|---|---|---|---|
| ၁။ | ဦးမြတ်ထွန်း | - | ရန်ကုန် |
| ၂။ | ဦးဟန်သိန်း | - | ပုသိမ် |
| ၃။ | ဦးစိန်ဝင်း | - | မော်လမြိုင် |
| ၄။ | ဦးသန်း | - | ပဲခူး |
| ၅။ | ဦးလှမောင် | - | စစ်ကိုင်း |
| ၆။ | ဦးအောင်မြင့် | - | ဟံဇာား |
| ၇။ | ဦးနာဂ | - | ကြေးမုံ |
| ၈။ | ဦးပေါ | - | ရန်ကုန် |
| ၉။ | ဦးမောင်မောင် | - | ရန်ကုန် |
| ၁၀။ | ဦးမြဝင်း | - | ရန်ကုန် |
| ၁၁။ | ဦးခင်ညို | - | ရန်ကုန် |
| ၁၂။ | ဦးမြစိန် | - | မိချောင်းရဲ |
| ၁၃။ | ဦးဟံညွန့် | - | မန္တလေး |
| ၁၄။ | ဦးဆည် | - | မန္တလေး |
| ၁၅။ | ဦးဝင်းမောင် | - | မန္တလေး |
| ၁၆။ | ဦးဒွေး | - | မန္တလေး |
| ၁၇။ | ဦးကျော်စိန် | - | စစ်တွေ |
| ၁၈။ | ဦးလှအောင် | - | ထူးကြီး |
| ၁၉။ | ဦးသိန်းဇံ | - | တံတားရွာ |

| | | |
|---|---|---|
| ၂၀။ ဦးမြသွင် | - | မကွေး |
| ၂၁။ ဦးထွန်းရင် | - | ကူမဲ |
| ၂၂။ ဦးစိန်ကြွယ် | - | ဥက္ကံ |
| ၂၃။ ဒေါ်မြင့်သိန်း | - | သိမ်ဆိပ် |
| ၂၄။ ဦးတင်ရွှေ | - | ပေါင်းတလည် |
| ၂၅။ ဦးမောင်မောင်အေး | - | လော |

**သင်ကြားပို့ချပေးသည့် ဘာသာရပ်နှင့် ဆရာများ**

| | | |
|---|---|---|
| ၁။ ဆေးပညာဥပဒေသ(ပဥ္စဘုတ်နှင့်တြိဒေါသ) | - | ဆရာသိန်း |
| ၂။ ဆေးဝါးများ၏အာနိသင်နှင့် သုံးစွဲနည်းများ | - | ဦးဟန်ထွန်း |
| ၃။ လူနာချဉ်းကပ်နည်း၊ စမ်းသပ်နည်း | - | ဒေါက်တာဦးဘသိန်း |
| ၄။ သူငယ်နာရောဂါကုထုံး | - | ဦးစံတင့် |
| ၅။ အမျိုးသမီးရောဂါနှင့် ရာသီပြောင်းရောဂါ | - | ဆရာကျော် |
| ၆။ လေငန်းရောဂါ | - | ဦးဘသိန်း |
| ၇။ အနာပေါက်ကုထုံး | - | ဦးအုန်းရွှေ |
| ၈။ ရုံးစည်းကမ်းများ | - | ဦးစိုးမောင် |

**မွမ်းမံသင်တန်းအမှတ်စဉ်(၅)။** ။ ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ(၆)ရက်နေ့အထိ မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးသည်။ သင်တန်းသားပေါင်း(၆၀)ယောက် သင်ကြားကြသည်။ သင်ကြားပေးသည့်ဘာသာရပ်များနှင့် ပို့ချသည့် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

**တိုင်းရင်းဆေးပညာဘာသာရပ်များ**

| | | |
|---|---|---|
| ၁။ တိုင်းရင်းဆေးပညာသမိုင်း | - | ဦးသာတင်(မာဃ) |
| ၂။ ခန္ဓာဗေဒ(အာယုဗ္ဗေဒ) | - | ဦးဟန်ထွန်း |
| ၃။ ဆေးပညာဥပဒေသ | - | ဆရာကြီးဦးစံတင့်၊ ဆရာသိန်း |
| ၄။ သွေးစမ်းပညာ | - | ဆရာကျော်၊ ဦးသောင်းနွယ်(ရမည်းသင်း) |
| ၅။ အကြောပြင် | - | ဦးနွယ်နှင့် ဦးသန်းမောင် |
| ၆။ လူနာချဉ်းကပ်နည်းနှင့်စမ်းသပ်နည်း | - | ဒေါက်တာဦးဘသိန်း |

| | | | |
|---|---|---|---|
| ၇။ | ဆေးပစ္စည်းအာနိသင် | - | ဆရာကြီးဦးစံတင့်၊ ဆရာသိန်း |
| ၈။ | (က) ဆေးဝါးဖော်စပ်နည်း | - | ဆရာသိန်း |
| | (ခ) ဆေးဆီ | - | ဦးဖိုးကျား(ဆေးဝါးထုတ်လုပ်ရေး) |
| | (ဂ) ဆေးပြား | - | ဦးသိန်း |
| ၉။ | ရောဂါနိဒါန်းနှင့်ကုထုံးများ | - | ဆရာကြီးဦးစံတင့်၊ ဆရာဦးသိန်း၊ ဒေါက်တာဦးဘသိန်း၊ ဆရာကျော်၊ ဆရာကြီးဦးအုန်းရွှေ |
| ၁၀။ | အနာပေါက် | - | ဆရာကြီးဦးအုန်းရွှေ |
| ၁၁။ | ဆေးဝေါဟာရ | - | ဦးဟန်ထွန်း |
| ၁၂။ | တိုင်းရင်းသူနာပြု | - | ဒေါက်တာဦးဘသိန်း |

ယင်းဘာသာ (၁၂)ရပ်အတွက် သင်တန်းချိန်နာရီပေါင်း (၂၉၉)နာရီရှိသည်။

**အနောက်တိုင်းဆေးပညာဘာသာရပ်များ**

| | | | |
|---|---|---|---|
| ၁။ | ခန္ဓာဗေဒ(အနောက်တိုင်း) | - | ဒေါက်တာဦးတင်ဦး |
| ၂။ | ဇီဝကမ္မဗေဒ | - | ဒေါက်တာပြာဟ္မဏရွှေလင်း |
| ၃။ | အခြေခံရုက္ခဗေဒ | - | ဦးညွန့်လွင်(ဝ/သ တက္ကသိုလ်၊ မန္တလေး) |
| ၄။ | အခြေခံဓာတုဗေဒ | - | ဦးဝင်းမောင်(ဆေးတက္ကသိုလ်၊ မန္တလေး) |
| ၅။ | အခြေခံရူပဗေဒ | - | ဦးကြီးမြင့် (ဝ/သ တက္ကသိုလ်၊ မန္တလေး) |
| ၆။ | အခြေခံစိတ္တဗေဒ | - | ဒေါက်တာဒေါ်မြမြဝင်း (စိတ်ရောဂါကုဌာန၊ မန္တလေးဆေးရုံကြီး) |
| ၇။ | စိတ်ရောဂါ | - | စိတ်ရောဂါကုဌာန၊ မန္တလေးဆေးရုံကြီး |
| ၈။ | ကူးစက်တတ်သောရောဂါများ | - | ဒေါက်တာဦးကျော်ခိုင် တိုင်းကျန်းမာရေးဦးစီးမှူး၊ မန္တလေး။ |

## ဖြည့်စွက်ချက်

- ဦးဟန်ထွန်း (သင်တန်းကျောင်းအုပ်ကြီး)
- ဆရာကျော်(ဆေးနှင့်မှတ်ပုံတင်အရာရှိ)
- ဒေါက်တာတင်ဦး(မီးရထားဆရာဝန်ကြီး၊ အင်းစိန်)
- ဦးလှမော်(ဗဟိုဆေးသုတေသန)
- ပဋ္ဌမကျော် ဆရာသိန်း
- ဗိုလ်ကြီးတင်ထွန်း(ကုန်သွယ်ရေး(၁၀))
- ဦးစိုးမောင်(အုပ်ချုပ်ရေးအရာရှိ)
- ဒေါက်တာဘသိန်း

## ၁၄-၂။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲ

| စဉ် | ကျင်းပသည့်အကြိမ် | ကျင်းပသည့်နေ့ရက် | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁။ | ပထမအကြိမ် | (၅-၄-၁၉၆၉)မှ<br>(၆-၄-၁၉၆၉)အထိ | ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်။ |
| ၂။ | ဒုတိယအကြိမ် | (၂၅-၄-၁၉၉၇)မှ<br>(၂၇-၄-၁၉၉၇)အထိ | မန္တလေးမြို့။ |
| ၃။ | တတိယအကြိမ် | (၁၆-၁၁-၁၉၉၇)မှ<br>(၁၇-၁၁-၁၉၉၇)အထိ | မြစ်ကြီးနားမြို့။ |
| ၄။ | စတုတ္ထအကြိမ် | (၂၆-၄-၁၉၉၈)မှ<br>(၂၇-၄-၁၉၉၈)အထိ | တောင်ကြီးမြို့။ |
| ၅။ | ပဥ္စမအကြိမ် | (၂-၃-၁၉၉၉)မှ<br>(၃-၃-၁၉၉၉)အထိ | ပုသိမ်မြို့။ |

## ၁၄-၃။ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် စာတမ်းဖတ်ပွဲများ

| စဉ် | ကျင်းပသည့်အကြိမ် | ကျင်းပသည့်နေ့ရက် | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁။ | ပထမအကြိမ် | (၁၉-၁၂-၂၀၀၀)မှ (၂၀-၁၂-၂၀၀၀)အထိ | ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ၊ ရန်ကုန်မြို့။ |
| ၂။ | ဒုတိယအကြိမ် | (၁၆-၁၂-၂၀၀၁)မှ (၁၇-၁၂-၂၀၀၁)အထိ | ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ၊ ရန်ကုန်မြို့။ |
| ၃။ | တတိယအကြိမ် | (၁၅-၁၂-၂၀၀၂)မှ (၁၆-၁၂-၂၀၀၂)အထိ | ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ၊ ရန်ကုန်မြို့။ |
| ၄။ | စတုတ္ထအကြိမ် | (၁၆-၁၂-၂၀၀၃)မှ (၁၈-၁၂-၂၀၀၃)အထိ | ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ၊ ရန်ကုန်မြို့။ |
| ၅။ | ပဉ္စမအကြိမ် | (၁၃-၁၂-၂၀၀၄)မှ (၁၇-၁၂-၂၀၀၄)အထိ | ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ၊ ရန်ကုန်မြို့။ |
| ၆။ | ဆဌမအကြိမ် | (၂-၁၂-၂၀၀၅)မှ (၃-၁၂-၂၀၀၅)အထိ | ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ၊ ရန်ကုန်မြို့။ |
| ၇။ | သတ္တမအကြိမ် | (၂၄-၁၁-၂၀၀၆)မှ (၂၆-၁၁-၂၀၀၆)အထိ | သူနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့။ |
| ၈။ | အဋ္ဌမအကြိမ် | (၂၈-၁၁-၂၀၀၇)မှ (၂၉-၁၁-၂၀၀၇)အထိ | သူနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့။ |
| ၉။ | နဝမအကြိမ် | (၂-၁၂-၂၀၀၈)မှ (၃-၁၂-၂၀၀၈)အထိ | ကျန်းမာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော် |
| ၁၀။ | ဒသမအကြိမ် | (၇-၁၁-၂၀၀၉)မှ (၈-၁၁-၂၀၀၉)အထိ | ကျန်းမာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။ |
| ၁၁။ | (၁၁)ကြိမ်မြောက် | (၅-၁၂-၂၀၁၀)မှ (၆-၁၂-၂၀၁၀)အထိ | ကျန်းမာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။ |
| ၁၂။ | (၁၂)ကြိမ်မြောက် | (၇-၁၂-၂၀၁၁)မှ (၈-၁၂-၂၀၁၁)အထိ | ကျန်းမာရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။ |

# မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်နှီးနှောဖလှယ်ပွဲ

| စဉ် | ကျင်းပသည့်အကြိမ် | ကျင်းပသည့်နေ့ရက် | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁၃။ | (၁၃)ကြိမ်မြောက် | (၂၇-၁၂-၂၀၁၂)မှ (၂၈-၁၂-၂၀၁၂)အထိ | မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၊ နေပြည်တော်။ |
| ၁၄။ | (၁၄)ကြိမ်မြောက် | (၂၈-၁၂-၂၀၁၃)မှ (၂၉-၁၂-၂၀၁၃)အထိ | မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၊ နေပြည်တော်။ |
| ၁၅။ | (၁၅)ကြိမ်မြောက် | (၂-၁၂-၂၀၁၄)မှ (၃-၁၂-၂၀၁၄)အထိ | မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၊ နေပြည်တော်။ |
| ၁၆။ | (၁၆)ကြိမ်မြောက် | (၂၉-၁၂-၂၀၁၅)မှ (၃၀-၁၂-၂၀၁၅)အထိ | မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၊ နေပြည်တော်။ |
| ၁၇။ | (၁၇)ကြိမ်မြောက် | (၁၈-၁-၂၀၁၇)မှ (၁၉-၁-၂၀၁၇)အထိ | မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၊ နေပြည်တော်။ |
| ၁၈။ | (၁၈)ကြိမ်မြောက် | (၁၂-၁-၂၀၁၈)မှ (၁၃-၁-၂၀၁၈)အထိ | မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၊ နေပြည်တော်။ |
| ၁၉။ | (၁၉)ကြိမ်မြောက် | (၂၈-၁၂-၂၀၁၈)မှ (၂၉-၁၂-၂၀၁၈)အထိ | မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၊ နေပြည်တော်။ |

## ၁၄-၄။ တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲများ

| စဉ် | ကျင်းပသည့်အကြိမ် | ကျင်းပသည့်နေ့ရက် | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁။ | ပထမအကြိမ် | (၂၁-၂-၂၀၀၉)မှ (၂၂-၂-၂၀၀၉)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |
| ၂။ | ဒုတိယအကြိမ် | (၂၄-၂-၂၀၁၁)မှ (၂၅-၂-၂၀၁၁)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |
| ၃။ | တတိယအကြိမ် | (၂၁-၂-၂၀၁၂)မှ (၂၂-၂-၂၀၁၂)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |
| ၄။ | စတုတ္ထအကြိမ် | (၂၇-၅-၂၀၁၃)မှ (၂၈-၅-၂၀၁၃)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |
| ၅။ | ပဉ္စမအကြိမ် | (၆-၅-၂၀၁၄)မှ (၇-၅-၂၀၁၄)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |
| ၆။ | ဆဋ္ဌမအကြိမ် | (၄-၁၂-၂၀၁၅)မှ (၅-၁၂-၂၀၁၅)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |
| ၇။ | သတ္တမအကြိမ် | (၁၅-၂-၂၀၁၇)မှ (၁၆-၂-၂၀၁၇)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |
| ၈။ | အဋ္ဌမအကြိမ် | (၂၃-၃-၂၀၁၈)မှ (၂၄-၃-၂၀၁၈)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |
| ၉။ | နဝမအကြိမ် | (၁၈-၂-၂၀၁၉)မှ (၁၉-၂-၂၀၁၉)အထိ | တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးမြို့။ |

## ၁၄-၅။ ဖွင့်လှစ်ခဲ့သည့် ပရဆေးဥယျာဉ်များစာရင်း

| စဉ် | ဖွင့်လှစ်သည့် ရက်စွဲ | ဥယျာဉ်အမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၁၉၉၃ | ရွှာသာကြီးပရဆေးဥယျာဉ် | ရန်ကုန် | |
| ၂။ | ၁၉၉၇ | ရေဆင်းပရဆေးဥယျာဉ် | ပျဉ်းမနား | |
| ၃။ | ၁၉၉၇ | ရေတံခွန်တောင်ပရဆေးဥယျာဉ် | မန္တလေး | |
| ၄။ | ၁၉၉၈ | ဖောင်းတောပရဆေးဥယျာဉ် | ပြင်ဦးလွင် | |
| ၅။ | ၁၉၉၈ | ကြို့ကုန်းပရဆေးဥယျာဉ် | လှည်းကူး | |
| ၆။ | ၁၉၉၈ | ဆည်ပေါက်ပရဆေးဥယျာဉ် | ကျောက်ပန်းတောင်း | |
| ၇။ | ၁၉၉၉ | ကန်သာယာပရဆေးဥယျာဉ် | မြိတ် | |
| ၈။ | ၁၉-၁၂-၂၀၀၁ | တိုင်းရင်းဆေးတက္ကသိုလ် (သရုပ်ပြ) ပရဆေးဥယျာဉ် | မန္တလေး | |
| ၉။ | ၄-၁-၂၀၀၈ | အမျိုးသားပရဆေးဥယျာဉ် | နေပြည်တော် | |

## ၁၄-၆။ မျက်မှောက်ခေတ်ကာလတွင် ဖွင့်လှစ်ခဲ့သည့် တိုင်းရင်းဆေးရုံ၊ ဆေးခန်းများစာရင်း

| စဉ် | ဖွင့်လှစ်သည့်နေ့ | တိုင်းဒေသကြီး/ ပြည်နယ် | တိုင်းရင်းဆေးရုံ/ ဆေးကုဌာန | မှတ်ချက် |
|---|---|---|---|---|
| **ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ (၃)ရုံ** | | | | |
| ၁။ | ၉-၂-၂၀၁၂ | မန္တလေးတိုင်းဒေသကြီး | ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ၊ မန္တလေး | |
| | ၉-၂-၂၀၁၂ | ရန်ကုန်တိုင်းဒေသကြီး | ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ၊ ရန်ကုန် | |
| | ၄-၁၁-၂၀၁၅ | ပြည်ထောင်စုနယ်မြေ | ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ၊ နေပြည်တော် | |
| **ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ (၉)ရုံ** | | | | |
| ၂။ | ၂၅-၄-၁၉၉၈ | ရှမ်းပြည်နယ် | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ တောင်ကြီး | |
| | ၃-၁၂-၁၉၉၉ | ကချင်ပြည်နယ် | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ မြစ်ကြီးနား | |
| | ၂၀-၁၀-၂၀၀၀ | မွန်ပြည်နယ် | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ မော်လမြိုင် | |
| | ၁၉-၁၁-၂၀၀၀ | ရခိုင်ပြည်နယ် | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ စစ်တွေ | |
| | ၈-၅-၂၀၀၁ | စစ်ကိုင်းတိုင်းဒေသကြီး | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ မုံရွာ | |
| | ၂၅-၂-၂၀၀၂ | ကရင်ပြည်နယ် | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ ဘားအံ | |
| | ၂၈-၆-၂၀၀၂ | မကွေးတိုင်းဒေသကြီး | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ မကွေး | |
| | ၁၂-၂-၂၀၀၄ | ကယားပြည်နယ် | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ လွိုင်ကော် | |
| | ၂၇-၂-၂၀၁၈ | ပဲခူးတိုင်းဒေသကြီး | ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ၊ ပဲခူး | |
| **(၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ (၁၀)ရုံ** | | | | |
| ၃။ | ၂၀-၃-၁၉၉၈ | တနင်္သာရီတိုင်းဒေသကြီး | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ မြိတ် | |
| | ၁-၇-၂၀၀၀ | ပဲခူးတိုင်းဒေသကြီး | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ပြည် | |
| | ၁၈-၁၁-၂၀၁၅ | မွန်ပြည်နယ် | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ သထုံ | |
| | ၁၄-၁၂-၂၀၁၅ | စစ်ကိုင်းတိုင်းဒေသကြီး | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ရွှေဘို | |
| | ၁၃-၇-၂၀၁၇ | မကွေးတိုင်းဒေသကြီး | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ပခုက္ကူ | |
| | ၂၈-၇-၂၀၁၇ | မန္တလေးတိုင်းဒေသကြီး | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ကျောက်ဆည် | |
| | ၂၉-၇-၂၀၁၇ | မန္တလေးတိုင်းဒေသကြီး | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ရမည်းသင်း | |
| | ၂၀-၃-၂၀၁၈ | ရှမ်းပြည်နယ် | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ကျိုင်းတုံ | |
| | ၂၇-၅-၂၀၁၈ | မန္တလေးတိုင်းဒေသကြီး | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ညောင်ဦး | |
| | ၂၆-၇-၂၀၁၉ | စစ်ကိုင်းတိုင်းဒေသကြီး | (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ကလေး | |

| စဉ် | ဖွင့်လှစ်သည့်နေ့ | တိုင်းဒေသကြီး/ပြည်နယ် | တိုင်းရင်းဆေးရုံ/ဆေးကုဌာန | မှတ်ချက် |
|---|---|---|---|---|
| (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ (၁၉)ရုံ | | | | |
| ၄။ | ၉-၁-၁၉၉၂ | ဧရာဝတီတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ပုသိမ် | |
| | ၂၅-၅-၂၀၀၄ | စစ်ကိုင်းတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ မင်းကွန်း | |
| | ၉-၇-၂၀၁၂ | ချင်းပြည်နယ် | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ဟားခါး | |
| | ၈-၉-၂၀၁၅ | စစ်ကိုင်းတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ မြင်းမူ | |
| | ၂၁-၃-၂၀၁၆ | ကချင်ပြည်နယ် | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ မိုးကောင်း | |
| | ၂၈-၃-၂၀၁၆ | ကယားပြည်နယ် | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ဒီမောဆို | |
| | ၁၂-၇-၂၀၁၇ | မကွေးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ရေနံချောင်း | |
| | ၁-၁၀-၂၀၁၇ | မကွေးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ပေါက် | |
| | ၁-၁၁-၂၀၁၇ | မန္တလေးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ မိုးကုတ် | |
| | ၂၅-၁-၂၀၁၈ | ကချင်ပြည်နယ် | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ မန်စီ | |
| | ၁၆-၂-၂၀၁၈ | တနင်္သာရီတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ထားဝယ် | |
| | ၂၉-၃-၂၀၁၈ | ဧရာဝတီတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ မော်လမြိုင်ကျွန်း | |
| | ၃-၆-၂၀၁၈ | ပဲခူးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ရေတာရှည် | |
| | ၆-၇-၂၀၁၈ | မန္တလေးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ပျော်ဘွယ် | |
| | ၈-၇-၂၀၁၈ | ပဲခူးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ဖြူး | |
| | ၁၄-၁၂-၂၀၁၈ | ရခိုင်ပြည်နယ် | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ကျောက်တော် | |
| | ၁၅-၁-၂၀၁၉ | ပဲခူးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ကြို့ပင်ကောက် | |
| | ၁၇-၃-၂၀၁၉ | ပဲခူးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ညောင်လေးပင် | |
| | ၂၁-၃-၂၀၁၉ | ပဲခူးတိုင်းဒေသကြီး | (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ပေါင်းတည် | |
| ၅။ | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံး - (၁၅) ခု | | | |
| ၆။ | ခရိုင်ဦးစီးဌာနမှူးရုံး - (၅၀) ခု | | | |
| ၇။ | မြို့နယ်တိုင်းရင်းဆေးကုဌာန - (၂၁၀) ခု ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ | | | |